## အခန်း(၄၀၀) - ဝတ်စုံနက် ဝတ်ထားသောလူ၏ အထောက်အထား။

"ဗီဒီယိုဖုန်းကို မချလိုက်နဲ့။ မင်းတစ်ယောက်ထဲ လာရမယ်။ ဘယ်သူမှ မသိစေနဲ့။ မင်းကို နှစ်နာရီ အချိန်ပေးမယ်"

အနက်ရောင် ဝတ်ထားသောလူသည် အမှောင်ထဲ ပြန်ဝင်၍ ပျောက်ကွယ်သွားသည်။ စကားအပို မပြောခဲ့သော်လည်း နှစ်နာရီအတွင်း မရောက်ပါက

ဖက်တီးနှင့် ကျန်းမိန်မိန်တို့ကို သတ်ပစ်မည်ဟု ဆိုလိုခြင်းပင်။

လင်းဟွမ်သည် ဗီဒီယိုထုတ်လွှင့်သော တည်နေရာကို ရှာဖွေနိုင်ခဲ့သော်လည်း သူ ဘာပဲလုပ်လုပ် တစ်ဖက်လူက စောင့်ကြည့်နေခဲ့သည်။

ခေါ်ဆိုမှုကို သိမ်းပြီးနောက် အင်ပါယာ နှလုံးသားလက်စွပ်ထဲမှ အချက်ပြမှုကို ရှာဖွေလိုက်ရာ မကြာခင် ဖက်တီး၏ အင်ပါယာ နှလုံးသားလက်စွပ် တည်နေရာကို တွေ့ရှိခဲ့သည်။

“လင်းဟွမ် မလာနဲ့”

ဖက်တီးက ကင်မရာကို လှမ်းကြည့်ပြီး အတတ်နိုင်ဆုံး ကြိုးစားကာ ဖျစ်ညှစ်၍ အော်ဟစ်နေသည်။ နာကျင်မှု သက်သာလို သက်သာငြား ခေါင်းကို အနည်းငယ် ခါယမ်းကာ သူ့မျက်နှာပေါ်တွင် မျက်ရည်များ စီးကျနေသည်။

ထိုအချိန်၌ ကျန်းမိန်မိန်သည် ကြမ်ပြင်းကို စိုက်ကြည့်ပြီး ငိုယိုနေသည်။ သူမမျက်နှာ၏ ဘယ်ဘက်ရှိ ဆယ်စင်တီမီတာခန့် ရှည်သော ဓါးဒါဏ်ရာမှ သွေးများ စီးကျနေသည်။ သူမကို

ကြည့်ရသည်မှာ လုံးဝ တုန်လှုပ်ခြောက်ခြား နေပုံပင်။

"စိတ်မပူနဲ့။ ငါ မင်းတို့ဆီ လာခဲ့မယ်"

လင်းဟွမ်သည် လေ့ကျင့်ရေး အခန်းထဲမှ ပြေးထွက်ပြီး မိုးကြိုးသိန်းငှက်ကို ဆင့်ခေါ် လိုက်သည်။ သိုင်းပညာ မုဆိုးကောလိပ်သည် အဖြူရောင်မြို့တော်၏ အလည် တည့်တည့်တွင် တည်ရှိပြီး မြို့အစွန်သို့ သွားပါက ကီလိုမီတာ (၂,၀၀၀)ကျော် ကွာဝေးသည်။ ဖက်တီးရှိနေသော တည်နေရာကို မျဉ်းဖြောင့်အတိုင်း တိုင်းပါက

အကွာအဝေးသည် (၂,၂၇၈) ကီလိုမီတာ ကွာဝေးနေသည်။ အကယ်၍ မိုးကြိုးသိန်းငှက်သာ အဆင့်မတက်ထားခဲ့လျှင် ထိုနေရာသို့ အချိန်မီ ရောက်အောင် သွားနိုင်မည် မဟုတ်ပေ။

လင်းဟွမ်သည် မိုးကြိုးသိန်းငှက်ကို စီးနှင်းနေသည့် အချိန်၌ အစီအစဥ်တစ်ခု ချမှတ်နေသည်။

အနက်ရောင် ဝတ်စုံဝတ်ထားသော လူသည် ဖက်တီးနှင့် ကျန်းမိန်မိန်ကို ဖမ်းဆီးခဲ့ပြီး ထောင်ချောက်ဆင်၍ စောင့်နေသည်မှာ

ထင်ရှားသည်။ အစောပိုင်းက ထိပ်တိုက် တွေ့ဆုံမှုသည် သူ့စွမ်းရည်ကို အကဲစမ်းခြင်းသာ ဖြစ်လိမ့်မည်။ ထိုလူသည် အဖြူရောင် မီးလျှံအဆင့် ကိုကျော်ပြီး ကြက်သွေးရောင် မီးလျှံအဆင့်ကို ရောက်လုနီးပါး ဖြစ်သော်လည်း အပြာရောင် မီးလျှံအဆင့်တော့ မဟုတ်သေးချေ။

အနီးကပ် တိုက်ခိုက်ခြင်းတွင် အားမကောင်းဘဲ အလစ်ချောင်း တိုက်ခိုက်မှုများ၌သာ အားကောင်းသော အနေအထား ရှိနေသဖြင့်

ထိုပတ်ဝန်းကျင်တွင် အစီအစဥ် ချမှတ်ပြီးသား ဖြစ်နေလိမ့်မည်။

အနက်ရောင်ဝတ်စုံ ဝတ်ထားသော လူသည် ဖက်တီးနှင့် ကျန်းမိန်မိန်တို့ကို ဖမ်းထားသော အိမ်ထဲ၌ ထောင်ချောက်များ ဆင်ထားနိုင်သည်။ မည်သို့ပင် ဆိုစေကာမူ လင်းဟွမ်သည် သူတို့နှစ်ယောက်ကို ကယ်တင်နိုင်ရန် အိမ်ထဲသို့ ဝင်ရမည်သာ။

ဒါသည် အကြံအစည် တစ်ခုမျှသာ မဟုတ်တော့ဘဲ အသက်ဝင်နေသည့် သချိုင်းတစ်ခုပင်။

လင်းဟွမ်သည် ဒါက ထောင်ချောက်တစ်ခု ဖြစ်ကြောင်း သိနေသော်လည်း ထောင်ချောက်ထဲသို့ ကိုယ်တိုင် ခုန်ဆင်းရမည်သာ။

ထိုကဲ့သို့ မလုပ်ပါက ဖက်တီး နှင့်ကျန်းမိန်မိန်တို့ သေဆုံးရလိမ့်မည်။ သူ၏ အပြုအမူကြောင့် သူတို့နှစ်ယောက်သည် ဝေဒနာကို မချိမဆံ့ ခံစားပြီးမှသာ သေဆုံးရလိမ့်မည်။

လင်းဟွမ်သည် မိုးကြိုးသိန်းငှက်ကို စီးလာပြီး တစ်နာရီခွဲ ခန့်ကြာသောအခါ ကိုညြဒိနိတ် တည်နေရာ ပြသထားသောနေရာ၌ အဆောက်အဦး

တစ်ခုကို တွေ့လိုက်ရသည်။ ဒါသည် ဂိုဒေါင်ဟောင်း တစ်ခုပင်။

မိုးကြိုးသိန်းငှက်သည် လေထဲ၌ လှည့်ပတ်ပျံသန်းပြီး ဝင်ပေါက်အနီးသို့ လျင်မြန်စွာ ဆင်းသက်လိုက်သည်။ ဝင်ပေါက်အနီး ဆယ်မီတာအကွာ၌ ရပ်တန့်ပြီးနောက် လင်းဟွမ်သည် မိုးကြိုးသိန်းငှက်ကို ပြန်သိမ်းလိုက်သည်။

သေသေချာချာ အကဲခတ်ကြည့်လိုက်ပါက လင်းဟွမ်အပါအဝင် ဂိုဒေါင်တစ်ခုလုံးနှင့်

နေရာတစ်ခုလုံးအား ထွင်းဖောက် မြင်နေရသော အဖြူရောင် အလွှာတစ်ခုနှင့် ဖုံးအုပ်ထားသည်။

ထိုအလွှာကို မြင်လိုက်လျှင် လင်းဟွမ် တုန်လှုပ်သွားသော်လည်း သူ့ခန္ဓာကိုယ်ထဲ၌ ထူးထူးခြားခြား ဖြစ်ပျက်နေသော ခံစားချက်ကို မခံစားရပေ။

“ဒီဒိုင်းအလွှာက နှုတ်ဆက် လက်ဆောင်လေးပါ။ စိတ်ပူစရာမလိုဘူး။ ဟင်းလင်းပြင် ချိတ်ပိတ်တဲ့ လုပ်ဆောင်ချက်ပဲ လုပ်နိုင်တာဖြစ်လို့ မင်းရဲ့ မွန်းစတားတွေ ဆင့်ခေါ်မှုကို တားဆီးထားရုံလေးပါ”

အနက်ရောင် ဝတ်စုံ ဝတ်ထားသောလူက ဗီဒီယိုထဲမှ လှမ်းပြောလိုက်သည်။

"မင်း သူငယ်ချင်းတွေမပါဘဲ ထွက်သွားဖို့ ရွေးချယ်နိုင်တယ်နော်"

လင်းဟွမ် မျက်မှောင်ကြုတ်သွားပြီး ရှောင်ဖိန်နှင့် ကျိတ်ပြီး ဆက်သွယ်လိုက်သည်။

"ဟင်းလင်းပြင်ကို ပိတ်ဆို့ထားရင် မွန်းစတားကတ်တွေကို သုံးနိုင်သေးလား"

"ဒီလိုမျိုး ချိတ်ပိတ်တာက ဆင့်ခေါ်တဲ့ ဟင်းလင်းပြင်နဲ့ပဲ သက်ဆိုင်တယ်။ မွန်းစတားကတ်တွေ အပေါ်မှာ အလုပ် မလုပ်ဘူး"

လင်းဟွမ်သည် ရှောင်ဖိန်၏ အဖြေကို ကြားလိုက်လျှင် စိတ်အေးသွား၍ ဓါးဆွဲထုတ်ကာ ဂိုဒေါင်တံခါးကို ကန်ဖွင့်လိုက်သည်။

စိုးရိမ်ကြောင့်ကြခြင်း တစ်စုံတစ်ရာ မရှိဘဲ ဂိုဒေါင်ထဲသို့ ဝင်သွားလိုက်သောအခါ ညအချိန် ဖြစ်နေသလို ဂိုဒေါင်ထဲတွင် မီး မရှိသောကြောင့် မှောင်မဲနေသည်။ လင်းဟွမ်၏ အမြင်အာရုံအရ

ပတ်ပတ်လည်ကို ကောင်းကောင်း မြင်နိုင်သည်။ နေရာတိုင်းတွင် ပစ္စည်းများ စုပုံနေပြီး အသုံးပြု လက်စ ဂိုဒေါင်တစ်ခုပင် ။

ဖြည်းဖြည်းခြင်း လျှောက်လာခဲ့သည်။

ထိုနေရာ တစ်ဝိုက်ကို လွှမ်းခြုံ၍ နယ်မြေအလတ် အာရုံကို အသက်သွင်းပြီး သတိထားနေခဲ့သည်။ ပေါ့ပါးသော ခြေသံဖြစ်သော်လည်း တိတ်ဆိတ်သော ဂိုဒေါင်ထဲတွင် ပဲ့တင်သံ ထပ်နေသည်။ တည့်တည့် လျှောက်လာပြီးနောက် ပေးထားသော ကိုဩဒိနိတ်နှင့် နီးကပ်လာကြောင်း သတိပြုမိသည့်အတွက် အရှိန်

လျှော့ချလိုက်သည်။ ကုန်ပစ္စည်းများ စုပုံထားသော လမ်းဆုံလမ်းခွသို့ ရောက်သောအခါ ဘယ်ဘက်သို့ လှည့်သွားသည်။

ပြတင်းပေါက်မှ ဖြာကျနေသော လရောင်အောက်တွင် ကြိုးနှင့် ချည်နှောင်ခြင်း ခံထားရသော ဖက်တီးနှင့် ကျန်းမိန်မိန်တို့ကို မြင်လိုက်ရသည်။ အနက်ရောင် ကြိုးနှစ်ချောင်းကို မျက်နှာကျက်မှ တွဲလောင်းချထားပြီး ထိုအပေါ်တွင် ချည်နှောင်ထားခြင်းပင်။

သူတို့ နှစ်ယောက်လုံးသည် မြေပြင်မှ စင်တီမီတာ (၂၀)အကွာ လေထဲ၌ တွဲလျောင်း ဖြစ်နေကြသည်။

"ဖက်တီး"

လင်းဟွမ်သည် ဗီဒီယိုကိုပိတ်ပြီး ကြိုးများကို ဖြုတ်တောက်ရန် ကြိုးစားလိုက်ချိန်တွင်

"မင်းက ဒီကိုလာဖို့ သတ္တိရှိမယ်လို့ ငါ မထင်ထားမိဘူး။

ဖက်တီးနှင့်ကျန်းမိန်မိန်တို့ နောက်တွင် အရိပ်တစ်ခု ပေါ်လာကာ အနက်ရောင်ဝတ်စုံ ဝတ်ထားသောလူပင်။

"မင်း ဘယ်သူလဲ။

လင်းဟွမ်သည် ထိုလူက မည်သူလဲဆိုသည်ကို လုံးဝ မသိပေ။

"ပြီးခဲ့တဲ့နှစ် ဇူလိုင်လ တစ်လက နတ်ဆိုး သလင်းကျောက် အာကာသယာဥ်ပေါ်မှာ မင်း သတ်ခဲ့တဲ့ လူတစ်ယောက်အကြောင်း မှတ်မိသေးလား။ ငါက သူ့သမီးပဲ"

ယခုအခါ၌ ထိုလူသည် ကလေးအသံ အသံပြောင်းသည့်စက်ကို ပိတ်လိုက်သည်။

"ဇူလိုင်လ တစ်လ"

လင်းဟွမ် မျက်မှောင်ကြုတ်ပြီး စဉ်းစားလိုက်သည်။ နောက်ဆုံး၌ ပြန်သတိ ရသွားသည်။

"မင်းက အဲ့ဒီလူယုတ်မာကို ပြောနေတာလား"

"ဖေဖေ့ကို မစော်ကားနဲ့"

ကောင်မလေးက သူမ၏ မျက်နှာဖုံးကို ချွတ်လိုက်ရာ လှပသော မျက်နှာလေးတစ်ခု

ပေါ်လာသည်။ ကျစ်ဆံမြီးနှစ်ဖက် ကျစ်ထားသည့် မိန်းကလေးက လင်းဟွမ်ကို မုန်းတီးနေသော မျက်လုံးများနှင့် စိုက်ကြည့်နေသည်။

"မင်းက လီလီလား"

လင်းဟွမ်သည သူမက မည်သူလဲဆိုသည်ကို မှတ်မိသွားသည်။ သူ့ရှေ့တွင် ရပ်နေသော ကောင်မလေးသည် မစ္စတာဝေ၏သမီး၊ ကျစ်ဆံမြီး ကျစ်ထားသည့် လီလီဟူသော ကောင်မလေးပင် ။

ဦးနှောက်ဆေးကြော ခံထားရသော ကောင်မလေးသည် အရာအားလုံးကို မြင်တွေ့

ခဲ့ရသည်။ ထိုမိန်းကလေးက လမ်းတစ်ဝက်တွင် အာကာသယာဉ်ပေါ်မှ ဆင်းပြီး စိတ်ကုထုံး သင်တန်းသို့ စေလွှတ်ခဲ့ကြောင်း မှတ်မိနေသေးသည်။ ဤကဲ့သို့ ကလဲ့စား ပြန်လာချေလိမ့်မည်ဟု မမျှော်လင့်ထားခဲ့ပေ။

ဤမိန်းကလေးသည် သာမန်လူတစ်ယောက် အဖြစ်မှ သန့်ရှင်းမီးလျှံအဆင့်သို့ ရောက်ရှိရန် ထူးခြားသော အရှိန်အဟုန်နှင့် တစ်နှစ်ခန့်သာ အချိန်ယူခဲ့ရသည်။

"မင်း မှတ်မိတာ ကောင်းတယ်။ ငါက မင်း မေ့သွားမှာ စိုးရိမ်နေတာ။ အဲ့ဒီလိုဆိုရင် မင်း ပြန်မှတ်မိအောင် အချိန် ဖြုန်းနေရအုံးမယ်။ အခုတော့ မင်းကို ချက်ချင်း သတ်ပစ်လို့ရပြီ။ ဒီတော့ နာကျင်မှုတွေ၊ မုန်းတီးမှုတွေ အဆုံးသတ်လို့ရပြီ။ ငါ မင်းကိုသတ်မယ်"

လီလီက အဆုတ်ကွဲမတတ် ရင်ခေါင်းသံကြီးနှင့် အော်ဟစ်လိုက်သည်။

## အခန်း(၄၀၁) - စုန်းမ။

လီလီ၏ အော်ဟာစ်သံသည် ဂိုဒေါင်ထဲ၌ ပဲ့တင်ထပ်နေပြီး ပဲ့တင်သံ မဆုံးခင်မှာပင် သူတို့၏ မြင်ကွင်းထဲမှ ပျောက်ကွယ်သွားကာ လင်းဟွမ် နောက်တွင် တစ္ဆေတစ်ကောင်ကဲ့သို့ ပေါ်လာသည်။

အနက်ရောင်ဝတ်စုံ အောက်တွင် လူသားနှင့် မတူသည့် အနက်ရောင် အခိုးအငွေ့များနှင့် ဖုံးလွှမ်းနေသော သူမ၏ခြေသဲများနှင့် လင်းဟွမ်၏ လည်ပင်းကို တိုက်ခိုက်လိုက်သည်။

သူမ၏ အရိပ်ဆန်သော လှုပ်ရှားမှုသည် လင်းဟွမ်ကြည့်နိုင်သော အမြင်အာရုံထက် ကျော်လွန်သွားသည်။ သို့သော်လည်း နယ်မြေ ထိန်းချုပ်ခြင်းအာရုံကို တစ်ချိန်လုံး အသက်သွင်း ထားသောကြောင့် မီတာ (၁၀၀) အတွင်း၌ ဖြစ်ပျက်နေသော အဖြစ်အပျက်မှန်သမျှသည် လွဲချော်သွားခြင်း မရှိခဲ့သလို လီလီ၏ တစ်မူထူးခြားသော လှုပ်ရှားမှုကိုလည်း လွဲချော်သွားခြင်း မရှိခဲ့ချေ။

လင်းဟွမ်သည် လီလီက သူ့နောက် ရောက်နေကြောင်း သတိထားလိုက်မိပြီး လွတ်မြောက်အောင် ရှောင်နိုင်ခြင်း မရှိသော်လည်း အဆင့်ငါး ဓါး ဓါတ်ကြွင်းဖြစ်သော နတ်ဆိုး သတ်ဖြတ်သူကို ထုတ်ပြီး သူ့နောက်ကျောကို ကာကွယ်လိုက်သည်။ ဓါးသည် လေထုကို လျှင်မြန်စွာ ဖြတ်သန်းသွားပြီး တောက်ပသော ရွှေရောင်အလင်းများ ဖြာထွက်လာသည်။။

ဘုန်း.......

ဓါးနှင့် လက်သည်းတို့ ထိပ်တိုက်ထိမိပြီး ကျယ်လောင်သော ပေါက်ကွဲသံကြီး ထွက်ပေါ်လာသည်။ လင်းဟွမ်သည် ပေါက်ကွဲ၍ လွင့်ထွက်လာသော အား၏အရှိန်ကို ချေးဌားယူပြီး ဖက်တီးနှင့် ကျန်းမိန်မိန်တို့ထံ ခုန်ဝင်သွားသည်။

လီလီက နောက်ပြန်ဆုတ်ကာ အမှောင်ထဲသို့ ပျောက်ကွယ် သွားပြန်သည်။

လင်းဟွမ်သည် ဖက်တီးနှင့် နီးကပ်လာသောအခါ လက်ထဲမှဓါးနှင့် ဖက်တီးအား ချုပ်နှောင်ထားသော ကြိုးကို ဖြတ်တောက်ရန် လုပ်လိုက်သည်။

ထိုစဉ် ဖက်တီးဘေးမှ အရိပ်တစ်ခု ရုတ်တရုတ် ထွက်ပေါ်လာပြီး အနက်ရောင်အပ်သည် အသံထက် မြန်သောအရှိန်ဖြင့် လင်းယွမ်ထံ တိုးဝင်လာသည်။ လင်းယွမ်သည် လှုပ်ရှားမှုကို ရပ်တန့်လိုက်ပြီး လက်ထဲမှဓားကို လျင်မြန်စွာ ဝှေ့ယမ်းကာ ဒိုင်းတစ်ခုအဖြစ် ဖန်တီးပြီး အနက်ရောင်အပ်များကို တားဆီးလိုက်သည်။

ရုတ်တရက်ဆိုသလို သူ့ နောက်ကျောဘက်မှ အန္တရာယ်တစ်ခု တိုးဝင်လာသည်ကို သတိ ထားလိုက်မိသည်။ တိမ်ခြေလှမ်းနှင့် တမန်တော်

အရှိန်ကို အသက်သွင်းပြီး မီတာတစ်ရာ အဝေးကို ခုန်ရှောင်ကာ အဝေးသို့ လှမ်းကြည့်လိုက်လျှင် ပျောက်ကွယ်သွားသော အရိပ်တစ်ခုကို မြင်လိုက်ရသည်။

"ဒါက ဘာလဲ"

လင်းဟွမ် စဥ်းစားမရ ဖြစ်သွားသည်။ ထိုစဥ် သူ့နောက်ကျောဘက်မှ အန္တရာယ်ကို ခံစားရပြန်သည်။ ချင်ချင်း အဝေးသို့ ရှောင်ထွက်ပြီး သူရပ်နေခဲ့သော နေရာကို လှည့်ကြည့်လိုက်ရာ ဖြာကျနေသော လရောင်အောက်၌

ပျောက်ကွယ်သွားသော အရိပ်တစ်ခုကို မြင်လိုက်ရသည်။

“အရိပ်လား”

လင်းဟွမ်သည် အရိပ်တစ်ခုလို့သာ ပြောနိုင်သည်။ အရိပ်က ဘာအရိပ်မှန်း မသိသော်လည်း အန္တရာယ်အာရုံကို ခံစားရသဖြင့် လင်းဟွမ်သည် သူ၏ ဗီဇစိတ်ကို ယုံကြည်သည်။

“လင်းဟွမ် ဒီနေ့ ဂိုဒေါင်ထဲကို မင်းဝင်လိုက်တာနဲ့ မင်းမှာ အသက်ရှင်စရာ အခွင့်အရေး မရှိတော့ဘူး။ အကျိုးမရှိတဲ့ ရုန်းကန်မှုတွေ စွန့်လွှတ်လိုက်တော့”

လီလီ၏အသံက ပဲ့တင်သံ ထပ်၍ ထွက်ပေါ်လာသည်။

"လီလီ၊ မင်း မနှစ်တုန်းကသာ စိတ်ကုထုံး သင်တန်းကို တက်ခဲ့မယ်ဆိုရင် အခုအချိန်မှာ မင်းက သူလိုကိုယ်လို သာမန် မိန်းကလေး တစ်ယောက်အဖြစ် ကောင်းကောင်းမွန်မွန် နေထိုင်သွားလို့ ရနေပြီ။ မစ္စတာဝေရဲ့ အချစ်က အစစ်အမှန် မဟုတ်ဘူး။ မင်းရဲ့ဦးနှောက်ကို ဆေးကြောထားတာ။ သူက မင်းကို တခါမှ မချစ်ခဲ့ဘူး။ မင်းက သူ့အတွက်တော့ အရုပ်တစ်ခုပဲ။

သူ စိတ်ပါတဲ့အချိန် ကစားမယ်။ စိတ်မပါရင် လွှင့်ပစ်မယ်။ သူက ဘယ်လိုလူလဲဆိုတာ မင်း ကောင်းကောင်း သိပါတယ်။ သူ သေဆုံးမှုက မင်းရဲ့လွှတ်မြောက်မှု ပါကွာ”

လင်းဟွမ်က အော်ဟစ်လိုက်လျှင်

“ငါ့အဖေက မင်း ထင်ထားသလို မသေဘူးကွ။ သူမသေသေးဘူး။ အဖွားက ကယ်ခဲ့တာ ငါ့ကိုလည်း ဖီးနစ်ကျွန်းကို လေ့ကျင့်ဖို့ လွှတ်လိုက်တယ်။ ဖီးနစ်ကျွန်း ဆိုတာက ငရဲကျွန်းကြီးလိုပဲ။ ဟား...ဟား...ဟား..”

လီလီသည် စကားပြောနေရင်း အသိစိတ် ဖောက်သွားသလို ရှုံးသွပ်စွာ ရယ်မောနေသည်။

လင်းဟွမ်သည် လီလီ၏ စကားထဲမှ အချက်အလက် အချို့ ရရှိလိုက်သည်။

"မစ္စတာဝေ မသေဘူးလား။ ဘယ်လို ဖြစ်နိုင်မှာလဲ။ သူ့ခေါင်းက အပေါက်ကြီး ဖြစ်သွားတာ ငါ ရှင်းရှင်းလင်းလင်း မှတ်မိပါတယ်"

"မင်းလို သာမန်လူတစ်ယောက်က အဖွားရဲ့ ထူးဆန်းတဲ့ နည်းလမ်းတွေကို တွေးကြည့်လို့တောင်

ရမှာ မဟုတ်ဘူး။ နောက် (၂) နှစ်ဆို အဖေက ပြန်ပြီး အသက်ရှင်လာလိမ့်မယ်”

လီလီ၏အသံသည် သူ့ကိုယ်သူ ပြန်ပြော နေသကဲ့သို့ပင် ။

လင်းဟွမ်သည် လီလီ၏ ရှုးကြောင်မှုးကြောင် စကားများကို နားထောင်နေရင်း မျက်မှောင် ကြုတ်သွားသော်လည်း သူမ ပြောခဲ့သည့်စကားမှာ အမှန်တရား ဖြစ်ကြောင်း ပြောနိုင်သည်။ သို့သော်လည်း သူမက အဖွားဟု ရည်ညွှန်းနေသော

လူက မည်ကဲ့သို့လူလည်း ဆိုသည်ကို တွေးကြည့်၍ မရပေ။

"မင်းပြောနေတဲ့ အဖွားက ဘယ်သူလဲ"

လင်းဟွမ်က မေးလိုက်ချိန်တွင်

"အဖွားက ဖေဖေ့ရဲ့အမေ။ ကမ္ဘာပေါ်မှာ မယုံနိုင်စရာ အကောင်းဆုံး အမျိုးသမီးပဲ"

လီလီ၏အသံက ရုတ်တရက် စိတ်ဖောက်ပြန်သွားပြန်သည်။

ယခုလက်ရှိ၌ လင်းဟွမ်သည် မစ္စတာဝေတွင် အစွမ်းထက် နောက်ခံရှိကြောင်း သိလိုက်ရ၏။ လွန်ခဲ့သော တစ်နှစ်တာကာလပတ်လုံး အဖွား ဖြစ်သူက သူ့ကို လုပ်ကြံသတ်ဖြတ်ရန် မခိုင်းခဲ့သည်မှာ ထူးဆန်းနေသည်။

(လီလီသည် ထူးဆန်းတဲ့ကိစ္စတွေနဲ့ ဒီတာဝန်ကို ကိုင်တွယ်ဖို့အတွက် ဒီနေရာကို ရောက်နေတာလား)

လင်းဟွမ်၏ အတွေးသည် တဝက်မှန်သည်။ လီလီကို လက်စားချေနိုင်ရန် လေ့ကျင့်ပေးခြင်းသည် အဖွား၏ အစီအစဉ်တစ်ခုပင် ။ လင်းဟွမ်ကို

လုပ်ကြံသတ်ဖြတ်ရန် လူများ လွှတ်ခဲ့သော်လည်း လျှန်မိသားစုက အမြဲတမ်း တားဆီးခဲ့သည်။

“ဖေဖေက မင်းကိုသတ်ပြီးရင် မင်းရဲ့ အလောင်းကို ရေခဲသေတ္တာထဲ ထည့်ခိုင်းထားတယ်။ အဲ့ဒီအခါကျရင် အဖွားက မင်းရဲ့ဝိညာဉ်ကို ပိုးကောင်တွေဆီ အစာကျွေးဖို့အတွက် ဝိညာဉ် ဆွဲထုတ်လိမ့်မယ်။ နောက် (၂) နှစ် ဖေဖေ ပြန်ကောင်းလာတဲ့ အချိန်ကျရင် မင်းအလောင်းကို အပိုင်းပိုင်း ဖြစ်အောင် လှီးဖြတ်လိမ့်မယ်။ နေ့တိုင်း ဟင်းမျိုးစုံလုပ်ပြီး ချက်စားမယ်။ မင်း တကိုယ်လုံး

ကုန်အောင် ချက်စားပြီးရင် မင်းရဲ့အရိုးခေါင်းကို သေးခွက် လုပ်လိမ့်မယ်”

“ကြည့်ရတာ ဒီလူယုတ်မာက သင်ခန်းစာ မရသေးဘူး ထင်တယ်။ နောက်တစ်ကြိမ်တွေ့ရင် ဝိညာဉ်နဲ့ အသိစိတ်ပါ မကျန်အောင် သတ်ပစ်ရမယ်”

လင်းဟွမ်က ဒေါသတကြီးဖြင့်

“အဲ့ဒီ အဖွားကြီးဆိုတဲ့ မသာမကိုလည်း တစ်နေ့ကျ ခေါင်းဖြတ်ပစ်မယ်”

လင်းဟွမ်က ဆက်အော်လိုက်သောအခါ

"စိတ်မကောင်း စရာပဲ။ မင်းက အဲ့ဒီနေ့အထိ အသက် မရှင်နိုင်တော့ဘူး"

လီလီက လျောင်ပြောင် ပြောဆိုပြီးနောက် နောက်တစ်ကြိမ် တိုက်ခိုက်လိုက်ပြန်သည်။

မြေပြင်ပေါ်တွင် ကြီးမားသော အရိပ်ကြီး သုံးခုသည် လင်းဟွမ်ထံ လျှောဝင်လာသည်။

"ငါ့ကို အရိပ်တွေနဲ့ လာကစားလို့ မရဘူး"

လင်းဟွမ်က အော်ဟစ်လိုက်သည်။

"စုန်းမ ထွက်လာခဲ့"

ဦးခေါင်းပေါ်တွင် ဦးချိုရှိသော လူသားပုံစံ မိစ္ဆာတစ်ကောင်သည် လင်းဟွမ် ရှေ့တွင် ပေါ်လာသည်။ မိစ္ဆာမသည် အမျိုးသမီး ခန္ဓာကိုယ်ရှိသော မွန်းစတားတစ်ကောင်ပင်။

ဒါသည် နောက်ဆုံးအကြိမ်က လင်းဟွမ် ရရှိခဲ့သော မိစ္ဆာကတ်များထဲမှ တစ်ကောင် ဖြစ်သည်။

“မွန်းစတား ကတ်”

“ရှားပါးမှု အဆင့် - မော်ကွန်း”

“မွန်းစတား နာမည် - စုန်းမ”

မွန်းစတားတို့၏ သုခဘုံ (ဘာသာပြန်ဟာရီကိန်း)

"မွန်းစတား အမျိုးအစား - မိစ္ဆာ (လက်သင် အဆင့်)"

"တိုက်ပွဲ အဆင့် - အပြာရောင် မီးလျှံအဆင့်"

"စွမ်းရည် (၁) - ဂူပိုးကောင် မှော်"

"စွမ်းရည် (၂) - အဆိပ်မှော်"

"စွမ်းရည် (၃) - စုန်းကဝေ အတတ်"

"ဆင့်ခေါ်မှု အာဏာ - အသက်ဝင်"

"ကတ်မှတ်ချက် - လေ့ကျင့်ပေးနိုင်"

လင်းဟွမ်သည် ယခင်က ကတ်၏ ရှင်းလင်းချက်များကို ဖတ်ခဲ့ဖူးသည်။ ဒီစုန်းမက လောကီပညာများ၌ အကျွမ်းကျင်ဆုံးပင်၊ သူမတွင် တမူထူးခြားသော စွမ်းရည်သုံးခု ရှိသည်။

ဂူပိုးကောင်မှော်သည် သူမ၏ ထူးခြားသော လုပ်ဆောင်ချက်ဖြစ်ပြီး ဂူပိုးကောင်များကို အကောင်ရေ ဆယ်နှင့်ချီ ထိန်းချုပ်နိုင်သည်။ အချို့ပိုးကောင်များက လူ့စိတ်ကို ထိန်းချုပ်နိုင်ပြီး အချို့က အဆိပ်ကို သိုလှောင်ထားနိုင်သည်။ အရွယ်ရောက်ပြီးသော အကောင်များက

စက္ကန့်အပိုင်းအတွင်း၌ လူတစ်ယောက်ကို အရိုးစုဖြစ်အောင် စားသောက်နိုင်သည်။

တစ်ချိန်တည်းမှာပင် စုန်းကဝေ အတတ်ပညာသည် စိတ်ဝိညာဉ် တိုက်ခိုက်ရေး အမျိုးအစားဖြစ်ပြီး ကာကွယ်ရေးနှင့် စိတ်ပိုင်းဆိုင်ရာ စွမ်းရည်အချို့ ပါဝင်သည်။ ထိုထဲတွင် အရိပ်ထိန်းချုပ်မှု၊ အပင်ထိန်းချုပ်မှုနှင့် အခြား ဒိုင်မေးရှင်းက မွန်းစတားများ ဆင့်ခေါ်ခြင်း စသည့် ထူးခြားသော စွမ်းရည်များ ပါရှိသည်။

လင်းဟွမ်သည် အရိပ်နှင့် တိုက်ခိုက်လာသည်ကို မြင်လိုက်သည်နှင့် စုန်းမကို ဆင့်ခေါ်ရန် ဆုံးဖြတ်ခဲ့ခြင်းပင်။

စုန်းမသည် လာနေသော အရိပ်သုံးခုကို မြင်လိုက်သည်နှင့် ခြေဖနှောင့် တစ်ချက် ဆောက်လိုက်ရာ လရောင်အောက်၌ စုန်းမ၏ အရိပ်သည် ရောမ မိစ္ဆာကြီးအဖြစ် ကြီးထွား လာသည်။

## အခန်း(၄၀၂) - ကျန်းမိန်မိန်၏ အထောက်အထား။

စုန်းမ ဖန်တီးလိုက်သော မိစ္ဆာအရိပ်သည် စက္ကန့်ပိုင်းအတွင်း ပေါ်လာသည်။

လီလီ ထိန်းချုပ်ထားသော အရိပ်သုံးခုသည် တစ်ခုခု မှားနေကြောင်း ခံစားမိပြီး လှည့်ပတ်ရှောင်ရှား၍ လင်းဟွမ်၏အရိပ်ထံ သွားနေကြသည်။ သို့သော်လည်း အရိပ်သုံးခု မလှုပ်ရှား ရသေးခင် မိစ္ဆာအရိပ်သည် အလင်း အလျင်ကဲ့သို့

မြန်ဆန်သောနှုန်းဖြင့် လင်းဟွမ်၏ ကိုယ်ပိုင်အရိပ်ထဲ တိုးဝင်သွားသည်။

လင်းဟွမ်သည် သူ့အရိပ်ကို ကြည့်ရင်း ဆွံ့အမှင်တက်နေပြီး သူ့အရိပ်သည် ကြီးမားသော မိစ္ဆာအရိပ်ကြီး ဖြစ်လာသည်။

လင်းဟွမ်သည် အရိပ်များ တိုက်ခိုက်နေစဉ် မည်ကဲ့သို့ ကူညီပေးရမှန်း မသိပေ။ လီလီ၏အရိပ်က သူ့အရိပ်ကို ထိလိုက်လျှင် ဘာဖြစ်သွားမည် ဆိုသည်ကိုလည်း မသိပေ။

မြေပြင်ပေါ်ရှိ အရိပ်များကြားက တိုက်ပွဲသည် ပြင်းထန်နေသည်။ စိတ်ဝင်စားစရာ ကောင်းသော အရိပ်ကစားမှု တစ်ခုလိုပင်။

အရိပ်များသည် တစ်ခုနှင့်တစ်ခု လျင်မြန်စွာ လုံးထွေးနေပြီး ပူးသွားလိုက်၊ ကွာသွားလိုက် ဖြစ်ပျက်နေကြသည်။

လင်းဟွမ်သည် အနည်းငယ်မျှသာ နားလည်သည်။

မိစ္ဆာအရိပ်သည် အရိပ်သုံးခုထက် ပို၍ သန်မာသည်။ အရိပ်သုံးခုက ပူးပေါင်း တိုက်ခိုက်နေသော်လည်း ဖိနှိပ်နိုင်သည်။

ကျန်သည့်အရိပ်သုံးခုသည် အဆက်မပြတ် လှုပ်ရှား နေရသဖြင့် တိုက်ခိုက်ပြီးသည်နှင့် မိစ္ဆာအရိပ်ကို ထိပ်တိုက် ရင်မဆိုင်ရဲတော့ဘဲ နောက်ဆုတ် သွားကြသည်။

တိုက်ပွဲသည် တစ်မိနစ်ကျော်သာ ကြာမြင့်ခဲ့ပြီး ငြိမ်သက်သွားသည်။ တိုက်ခိုက်နေစဉ် မိစ္ဆာအရိပ်၏ လက်တစ်ဖက်သည် ကြီးမားသော ပါးစပ်ကြီးအဖြစ် ပြောင်းလဲသွားပြီး အရိပ်တစ်ခုကို ဖမ်းကိုက်လိုက်သည်။ အခြား အရိပ်နှစ်ခုက

ကူညီသော်လည်း မိစ္ဆာအရိပ်၏ လက်ကြီး နောက်တစ်ဖက်သို့ တိုးဝင်သွားပြန်သည်။

ဖမ်းမိသွားသော အရိပ်သည် ဒဏ်ရာရသွားသော သားကောင်ကဲ့သို့ တဆတ်ဆတ် တုန်နေသော်လည်း မကြာခင် လုံးဝ မျိုချခံလိုက်ရပြီး တိတ်ဆိတ် သွားသည်။

မိစ္ဆာအရိပ်သည် ပထမအရိပ်ကို ဖြေရှင်းပြီးနောက် အဆ အနည်းငယ် ပိုကြီးလာသည်။ ထို့နောက် ခေါင်းလှည့်ပြီး အခြား အရိပ်နှစ်ခုကို ကြည့်လိုက်သည်။

ၚင်း၏ ခြေထောက်များသည် ဆန့်ထွက်လာပြီး ထူထဲသော ချိန်းကြိုးအဖြစ် ပြောင်းလဲကာ အရိပ်နှစ်ခုထံ တိုးဝင်သွားသည်။

လရောင်အောက်၌ အရိပ်နှစ်ခုသည် အသက်ရှင်သန်ရေးအတွက် သွေးရူးသွေးတန်း ပြေးလွှားနေကြသည်။

မကြာခင် ထိုအရိပ်ထဲမှ အရိပ်တစ်ကောင်ကို ချိန်းကြိုးက ဖမ်းမိသွားသည်။ သွေးရူးသွေးတန်း ရုန်းကန်နေသော်လည်း ကြိုးစား အားထုတ်မှုက အရာမရောက်ပေ။

မိစ္ဆာအရိပ်သည် သံကြိုးကိုဖမ်းဆွဲပြီး ထိုအရိပ်ကို ဖမ်းယူ စားသောက်လိုက်သည်။

နောက်ဆုံး အရိပ်သည် မလွတ်မြောက်နိုင်မှန်း သိသွားပြီး အနက်ရောင် အခိုးအငွေ့အဖြစ် ပြောင်းလဲကာ မြေပြင်မှထွက်ခွာ၍ မကြာခင် လီလီ ဖြစ်လာသည်။

လင်းဟွမ်သည် လီလီက သူ့ကိုယ်သူ အရိပ်အဖြစ် ပြောင်းလဲလိမ့်မည်ဟု မမျှော်လင့်ထားသောကြောင့် အံ့အား သင့်သွားသည်။ လီလီက လူသား

ဖြစ်လာသည်နှင့် တစ်ပြိုင်နက် ထွက်ပြေးရန် ကြိုးစားရင်း လင်းဟွမ်ကို အော်ဟစ်လိုက်သည်။

“ဒါက ဘယ်လို ဖြစ်နိုင်မှာလဲ။ ငါက ဟင်းလင်းပြင်နေရာလွတ်ကို ချိတ်ပိတ်ပြီးသားလေ။ မင်းက မွန်းစတားတွေကို ဆင့်ခေါ်လို့ မရဘူးလေ။”

“ဒါက ပါမွားလေးပါကွာ။ မွန်းစတားတွေ ဆင့်ခေါ်နိုင်တယ်ဆိုတော့ ငါ့မှာ ကိုယ်ပိုင်နည်းလမ်း ရှိလို့ပေါ့”

လင်းဟွမ်သည် ရှင်းပြချင်စိတ် မရှိပေ။

လွတ်မြောက်လာသော လီလီသည် လင်းဟွမ်ကို သတ်ဖြတ်ချင်သော မျက်လုံးများဖြင့် စိုက်ကြည့်ပြီးနောက် ဖက်တီးနှင့် ကျန်းမိန်မိန်တို့ထံ ပြေးဝင်သွားသည်။

"အေး၊ မင်းကို မသတ်နိုင်ရင် ဒီနှစ်ကောင်တော့ ရအောင်သတ်ခဲ့မယ်"

"စုန်းမ၊ ဒီကောင်မကို သတ်စမ်း"

လင်းဟွမ်က မျက်မှောင်ကြုတ်ပြီး ညွှန်ကြား လိုက်သည်။ ဂိုဒေါင်က ဖြတ်ခနဲ မှိန်သွားပြီး

လင်းဟွမ်၏ အရိပ်က ပုံမှန်အတိုင်း ပြန်ဖြစ်သွားသည်။

လင်းဟွမ်သည် မိစ္ဆာအရိပ်က သူ့အရိပ်ထဲမှ ထွက်ပြီး ဘယ်ရောက်သွားမှန်း မသိပေ။

နေရာတစ်ခုလုံး၌ အမှောင်ထု ကြီးစိုးနေကာ ဂိုဒေါင် တစ်ခုလုံးသည် မိစ္ဆာအရိပ်၏ ကစားကွင်း ဖြစ်လာသလိုပင်။ အရိပ်ရှိသော နေရာတိုင်းက ချိန်းကြိုးများ အဖြစ် ပြောင်းလဲသွားသည်။ ပုန်းကွယ်နေသော ချိန်းကြိုးများသည် လီလို့ထံ တိုးဝင်သွားပြီး သူမက မည်သည့်နေရာကိုပဲ

ပြေးနေပါစေ ချိန်းကြိုးများက သူမနောက်သို့ လိုက်နေကြသည်။

ချိန်းကြိုးများသည် မြေပြင်မှ လွှက်မြောက်လာသကဲ့သို့ပင် ။

လင်းဟွမ်သည် လီလီ၌ အရိပ်မရှိကြောင်း ရုတ်တရက် သတိထားမိလိုက်သည်။ မကြာခင် လီလီကို နေရာတိုင်းမှ ထွက်ပေါ်လာသော ချိန်းကြိုးများ ဝန်းရံသွားသည်။

ပထမဦးဆုံး ချိန်းကြိုးက သူမ၏ ခြေကျင်းဝတ်များကို ချုပ်နှောင်သွားပြီးနောက်

ကျန်သည့် ချိန်းကြိုးများက သူမကို ကောက်ညှင်းထုပ်ကဲ့သို့ အထပ်ထပ် အခါခါ ရစ်ပတ်သွားသည်။

လင်းဟွမ်သည် ချိန်းကြိုးများ ကြားထဲ၌ ရုန်းကန်ရင်း ညည်းတွားနေသည့် လီလီကိုမြင်လျှင် ခေါင်းငုံ့၍ သက်ပြင်းချလိုက်ကာ

"နောက်ဘဝကျရင် ပိုကောင်းမွန်တဲ့ ဘဝနဲ့ ပိုကောင်းမွန်တဲ့ မိသားစုဆီမှာ ပြန်မွေးဖွားလာဖို့ မျှော်လင့်ပါတယ်"

သူမသည် ဤတစ်နှစ်အတွင်း လူမဆန်သော ငရဲခန်းကဲ့သို့ လေ့ကျင့်မှုများကို ဖြတ်သန်းခဲ့သော်လည်း သူမ လုပ်နိုင်သည်မှာ အလွန်ဆုံး အဖြူရောင်မီးလျှံအဆင့်သာ ရောက်ရှိခဲ့သည်။

သို့သော်လည်း လင်းဟွမ် ဆင့်ခေါ်ထားသော စုန်းမသည် အပြာရောင်မီးလျှံအဆင့်ပင် ။ ထို့အပြင် ထူးဆန်းသော စွမ်းရည်များရှိသည့် မိစ္ဆာ ဖြစ်နေသောကြောင့် ရွှေရောင်မီးလျှံအဆင့်ပင် အနိုင်ယူနိုင်စွမ်း ရှိနေသည်။။ ထို့ကြောင့် လီလီကို

ကလေး ကစားသကဲ့သို့ အလွယ်တကူ အနိုင်ယူလိုက်နိုင်သည်။

အနက်ရောင် ချိန်းကြိုးများ မှိန်ဖျော့သွားသည်နှင့် အနက်ရောင် ဝတ်ရုံအောက်မှ လီလီလည်း ပျောက်ကွယ်သွားသည်။ ထို့နောက် လင်းဟွမ်သည် နောက်လှည့်၍ ဖက်တီးနှင့် ကျန်းမိန်မိန်တို့ထံ ပြေးသွားလိုက်သည်။ သူတို့နှင့် စင်တီမီတာ နှစ်ဆယ်ပင် မဝေးသော နေရာသို့ ရောက်လာသော်လည်း ကျန်းမိန်မိန်က မျက်တောင်တစ်ချက် မခတ်ဘဲ လင်းဟွမ်ကို

စိုက်ကြည့်နေသည်။ လင်းဟွမ်က ဖက်တီးထံ ဖြည်းဖြည်းခြင်း ချည်းကပ်သွားသည်။

"အဲ့ဒီ အနက်ရောင် ဝတ်စုံနဲ့လူ.."

"သူမက ငါ့အတွက် ဒီနေရာကို ရောက်နေတာ။ မင်းတို့ နှစ်ယောက်လုံးကို ဒီပြဿနာထဲ ဆွဲထည့်မိတဲ့အတွက် တောင်းပန်ပါတယ်။ ဒါပေမယ့် အခုတော့ သေသွားပါပြီ။ မင်းတို့နှစ်ယောက်ကို ဒီနေရာက ခေါ်ထုတ်သွားမယ်.."

လင်းဟွမ်သည် ဖက်တီးက အသက် ကောင်းကောင်း မရှူနိုင်သလို ကျန်းမိန်မိန်၏

မျက်နှာပေါ်တွင် ဒဏ်ရာတစ်ခု ရသွားသဖြင့် အပြစ်ရှိသလို ခံစား နေရသည်။ သူ့အတွက်ကြောင့်သာ မဟုတ်ခဲ့လျှင် လီလီက သူတို့နှစ်ယောက်လုံးကို ဖမ်းဆီးလိမ့်မည် မဟုတ်ပေ။

လင်းဟွမ်က သူတို့နှစ်ယောက်ကို ချိတ်ဆွဲထားသော ကြိုးများအား ဖြတ်ချ ပေးလိုက်လျှင် နှစ်ယောက်လုံး မြေပေါ် လဲကျသွားသည်။

ကျန်းမိန်မိန်က ကြောက်လန့်ပြီး စတင် ငိုယိုတော့သည်။

"မိန်မိန်"

ဖက်တီးက ကျန်းမိန်မိန်ကို စိုးရိမ်တကြီး စိုက်ကြည့်လိုက်သည်။

"စိတ်မပူနဲ့၊ အခု မင်းတို့ကို ဖြည်ပေးမယ်"

လင်းဟွမ်က သူတို့၏ ကိုယ်ပေါ်တွင် ချည်နှောင်ထားသော သံကြိုးများကို ဖြုတ်ပေးလိုက်သည်။

"မိန်မိန်၊ မင်း အဆင်ပြေရဲ့လား"

ဖက်တီးသည် သူ၏နာကျင်မှုကို လျစ်လျူရှုပြီး ကျန်းမိန်မိန်ကို ကူညီရန် ကြိုးစားလိုက်သော်လည်း သူ့နာကျင်မှုကြောင့် မလှုပ်ရှားနိုင်တော့ချေ။

"မင်း အရမ်း နာနေရင် အနားယူလိုက်။ ငါ လုပ်လိုက်မယ်"

လင်းဟွမ်သည် ခေါင်းခါပြီး ကျန်းမိန်မိန်၏ လက်တွင် ချည်နှောင်ထားသော ကြိုးများကို ဖြည်ပေးရန် လုပ်လိုက်သည်။

ကျန်းမိန်မိန်က ရုတ်တရက် မော့ကြည့်ပြီး လင်းဟွမ်၏ဗိုက်ကို ခေါးနှင့်ထိုးလိုက်သည်။

"သေစမ်း လင်းဟွမ်"

"မင်း.."

လင်းဟွမ်သည် နီးကပ် လွန်းသဖြင့် ထိုတိုက်ခိုက်မှုကို မမြင်လိုက်သလို ရှောင်တိမ်းရန် အချိန်လည်း မရတော့ချေ။

"မိန်မိန်၊ မင်း ဘာလုပ်တာလဲ"

ဖက်တီးသည် တုန်လှုပ်သွားသည်။

"ဟွာကျင်း၊ သူသေရင် ငါတို့နှစ်ယောက် အတူတူ နေနိုင်ပြီ"

ကျန်းမိန်မိန်သည် ယခင်ကလို ရှက်တက်သည့် မိန်းကလေးတစ်ယောက် မဟုတ်တော့ပေ။

"မင်း ဘယ်သူလဲ"

လင်းဟွမ်သည် ဝမ်းဗိုက်မှဒဏ်ရာကို လက်နှင့်ဖိထားပြီး မီတာအနည်းငယ် ကွာသည်အထိ နောက်ပြန် ဆုတ်သွားသည်။ ဓါးဒဏ်ရာမှသွေးများ အဆက်မပြတ် စီးကျနေဆဲပင်။

"ငါက လီလီ အစစ်ပဲ။ အခု မင်းသတ်လိုက်တဲ့ ဟာက ငါ့ရဲ့ရှူးသွပ်နေတဲ့ ဝိညာဉ်ပဲ။ ငါ့ကိုယ်ငါ

ငါးစာလုပ်ဖို့ ဖမ်းချုပ်ထားတာပဲ။ အရာအားလုံးက သူမအတွက် မဟုတ်ဘူး။ ငါ့အတွက် စီစဉ်ခဲ့တာ"

နောက်ဆုံး၌ ကျန်းမိန်မိန်သည် သူမက မည်သူမည်ဝါ ဖြစ်ကြောင်း ထုတ်ဖော်လိုက်ပြီး

"ဟွာကျင်း၊ ငါ ဒီလိုလုပ်တာ မင်းကို မမြင်စေချင်ခဲ့ဘူး။ ဒါပေမယ့် ရှုံးနေတဲ့မိန်းမက စောက်သုံးမကျဘူး.."

## အခန်း(၄၀၃) - လမ်းခွဲရအောင်။

လင်းဟွမ် နောက်ဆုတ်သွားသည်။

ကျန်းမိန်မိန်က သူ့နောက်မလိုက်ဘဲ ပြုံးလိုက်ပြီး.

“လင်းဟွမ်.. မင်း ရုန်းကန်နေစရာ မလိုဘူး။ ငါ့ခါးမှာ မြွေပွေးအဆိပ် သုတ်ထားတယ်။ မြွေပွေးအဆိပ်ကို မပြင်းမှာစိုးလို့ ငါးပူတင်း အဆိပ်နဲ့ပါ ရောထားသေးတယ်။ ဒီကမ္ဘာတစ်ခုလုံးမှာ

အဆိပ် ဖြေဆေးမရှိဘူး။ မင်းအသက်ရှင်ဖို့ တစ်နာရီပဲ ရှိတော့တယ်”

ငါးမိစ္ဆာ ငါးပူတင်းသည် အသူရာချောက်နက်ကြီးထဲတွင် ရှိသော အဆိပ်ပြင်းသည့် မွန်းစတားဖြစ်ပြီး ၎င်း၏ အဆိပ်ဓါတ်သည် သန္ဓေရှင်းမီးလျှံအဆင့်များကို သတ်နိုင်သည်။ ထိုအဆိပ်က အသက်ကို တိုက်ရိုက် အဆုံးသတ်နိုင်သည်။

ကြည်လင်သော ရေတစ်ခွက်သို့ မင်တစ်စက် ကျသွားသည့်အလား ကံကြမ္မာစွမ်းအားကို ထိခိုက်စေနိုင်သည်။

"မိန်မိန်၊ မင်း ဘာဖြစ်လို့ ဒီလိုလုပ်တာလဲ"

ဖက်တီးသည် ကျန်းမိန်မိန်က လင်းဟွမ်ကို တိုက်ခိုက်လိမ့်မည်ဟု မမျှော်လင့် ထားခဲ့ပေ။ အဖြစ်အပျက်ကို လိုက်မမီတော့သဖြင့် ခေါင်းရှုပ် သွားလေသည်။

" လင်းဟွမ်ကို ငါမသတ်ရင် အဖွားက ငါ့ကို သတ်လိမ့်မယ်။ ငါ့ကို တစ်နှစ် လေ့ကျင့်ပေးပြီးတော့

လင်းပွဲမ်ကို လုပ်ကြံသတ်ဖြတ်ဖို့အတွက် တစ်လ အချိန် ပေးထားတယ်။ ဒီတာဝန်ကို ငါ မအောင်မြင်ရင် ကမ္ဘာကြီးရဲ့ ဘယ်နေရာပဲပြေးပြေး ငါ့ကို တွေ့အောင်ရှာလိမ့်မယ်”

ကျန်းမိန်မိန်သည် အဖွား ဆိုသည့် လူအကြောင်းကို ပြောသည့်အခါ အလွန် လေးစားပုံရသည်။

“ငါ မှတ်မိတဲ့ လီလီက ဒီပုံ မဟုတ်ဘူး.. တကယ်ပဲ မင်းက ဘယ်သူလဲ”

ရန်လင်းသည် ကျန်းမိန်မိန်၏ မျက်နှာက အစစ်အမှန် ဖြစ်ကြောင်း အတည်ပြုခဲ့သည်။ သို့သော်လည်း သူမကိုယ်သူမ လွှန်ခဲ့သောတစ်နှစ်က သူသိခဲ့သော လီလီဟု ပြောနေသဖြင့် ထူးဆန်းနေသည်။

"အားလုံးက မင်းအပြစ်ပဲ.."

ကျန်းမိန်မိန်က လင်းဟွမ်ကို လူသတ်ဖြတ်ချင်သော မျက်လုံးများနှင့် စိုက်ကြည့်လိုက်ပြီး....

"မင်းကြောင့်သာ မဟုတ်ရင် ငါ အဖွားနဲ့ မနေရသလို၊ ငရဲကြီးလို ဖြစ်နေတဲ့ ဖီးနစ်ကျွန်းကိုလည်း အပို့ခံရမှာ မဟုတ်ဘူး။ ကျွန်းပေါ်မှာ အမျိုးသမီး အဆိပ်ဆူးက နည်းလမ်းပေါင်းစုံသုံးပြီး ငါ့ကို နေ့တိုင်း ညှင်းပန်းနှိပ်စက်တယ်။ လေ့ကျင့်နေတာပါလို့ ပြောပေမယ့် ငါ ကျွန်းကိုရောက်တဲ့ (၁၂) လအတွင်းမှာပဲ သေတဲ့အထိ နှိပ်စက်ညှင်းပန်း ခံခဲ့ရတယ်။ အဲ့ဒီအမျိုးသမီးက ငါ့ရဲ့ဝိညာဉ်နဲ့ အသိစိတ်ကို ထိန်းထားပြီး အဖွားကို ကျွန်းဆီ လူသားစက်ရုပ် ပို့ပေးဖို့ လှမ်းမှာတယ်။ အဲ့ဒီအချိန်က

စပြီး ငါက သာမန်လူ တစ်ယောက်ကနေ သန့်ရှင်းမီးလျှံအဆင့်အထိ ရောက်ဖို့အတွက် နေ့တိုင်း နည်းလမ်းပေါင်းစုံ၊ မတူညီတဲ့ နည်းလမ်းတွေနဲ့ ပိုပြီး ပိုပြီး နှိပ်စက်ခံရတယ်။ အချိန်တိုင်း နှိပ်စက်ခံရတယ်။ ဒါပေမယ့် ဒီလိုမျိုး စိတ်ပိုင်းဆိုင်ရာ လေ့ကျင့်မှုကြောင့် ငါ ပြိုလဲကျသွားတယ်။ အခု မင်း သတ်ပစ်လိုက်တဲ့ အရူးမက ငါ့ဆီကထွက်လာတဲ့ တမူကွဲပြားတဲ့ စရိုက်တစ်ခုပဲ။ သူမက အရူးမ ဖြစ်ပေမယ့် ကျေးဇူးတော့ တင်ရမယ်။ ဘာဖြစ်လို့လဲဆိုတော့ သူမကြောင့်သာ မဟုတ်ရင် ငါလည်း ဒီတာဝန်ကို

အောင်မြင်မှာ မဟုတ်ဘူး။ လေ့ကျင့်ရေး ကာလ (၁၁)လကိုလည်း ကျော်ဖြတ်နိုင်မှာ မဟုတ်ဘူး”

“လေ့ကျင့်ရေး ပြီးသွားတော့ လင်းဟွမ်ကို လိုက်ရှာဖို့ အဖွဲ့ခွဲ (၇) ကို ပြန်လာခဲ့တယ်။ ဒါပေမဲ့ သူနဲ့ပက်သက်ပြီး ဘာမှ သိပ်မတွေ့ရဘူး။ ဝူလင်းမြို့ကို သွားတော့လည်း မင်း နေခဲ့တဲ့ အိမ်ကြီးက ဟောင်းလောင်း ဖြစ်နေပြီ။ မင်း ညီမလင်းရှင်ကို လိုက်ရှာတော့လည်း နှစ်ကုန်ပိုင်းလောက် ကတည်းက ပျောက်ကွယ် သွားတယ်။ အဲ့ဒါနဲ့ မင်းက ဟွာကျင်းနဲ့

နီးစပ်တယ်ဆိုတာ ငါ သိလိုက်ရတယ်။ ဒါနဲ့ပဲ ငါလည်း သူ့ကို ဝင်လုံးခဲ့တာ”

ကျန်းမိန်မိန်က ထိုသို့ ပြောလိုက်လျှင် ဖက်တီးက လှမ်းကြည့်ပြီး

“ဒါဆိုရင် မင်းကငါ့ကို တစ်ခါမှ မချစ်ခဲ့ဘူးလား။ မင်း ငါ့ဘေးနားမှာရှိနေရတဲ့ အကြောင်းပြချက်က လင်းဟွမ်ကို သတ်ပစ်ဖို့ပဲလား”

ဖက်တီးသည် ထိုသို့ပြောနေရင်း မျက်လုံးများ နီရဲလာပြီး မျက်ရည်များ စီးကျလာသည်။

“အမ်၊ အချစ်ကျောက်တုံးမှာ မင်းကို တစ်ခါမှ မချစ်ခဲ့ဘူးလို့ တုံ့ပြန်တာက လိမ်ညာနေတာပဲ။ ဟွာကျင်း၊ မင်းကို ရည်ရွယ်ချက်ရှိရှိ ချဉ်းကပ်ခဲ့တယ်ဆိုတာ ငါ ဝန်ခံတယ်။ ဒါပေမဲ့ နောက်ပိုင်းမှာ မင်းကို တကယ် ချစ်မိသွားတာပါ။ ငယ်ငယ်လေးကတည်းက ငါ့ကို ဘယ်သူမှ ဒီလိုမျိုး ဂရုမစိုက်ခဲ့ဖူးဘူး၊ မဆက်ဆံခဲ့ဖူးဘူး။ မင်းတစ်ယောက်တည်းပဲ ငါ့အပေါ် ဒီလိုမျိုး ဆက်ဆံတယ်။ ငါ့ကို အရုပ်လို ဆက်ဆံတာဖြစ်ဖြစ်၊ ကျေးကျွန်လို ဆက်ဆံတာ ဖြစ်ဖြစ် အဲ့ဒီလို လူတွေကို ငါ မကြိုက်ဘူး။ မင်းနဲ့အတူတူ ရှိနေရတဲ့

အချိန်တွေကို ငါ သဘောကျတယ်။ မင်းနဲ့ အတူတူ ရှိနေသရွေ့ မင်း စကားမပြောရင်တောင် လုံခြုံတယ်လို့ ခံစားရတယ်။ အချစ်ကျောက်တုံးက ဘာမှတုံ့ပြန်မှု မရှိတာက”

ကျန်းမိန်မိန်သည် ထိုနေရာအထိ စကား ပြောလာရင်း မျက်ရည်များ စီးကျလာပြီး ..

“ဘာဖြစ်လို့လဲဆိုတော့ မင်းက .. .. သေပြီးသား ဖြစ်နေလို့ပဲ..”

“ဘာ.”

ကျန်းမိန်မိန်၏စကားကို ကြားလိုက်လျှင် ဖက်တီး တုန်လှုပ်သွားသည်။

"အကဲဖြတ်မှုမှာ တွေ့တွေ့ချင်း မင်းကို သတ်ပစ်ခဲ့မိတယ်။ မင်းရဲ့ဝိညာဉ်နဲ့ အသိစိတ်ကို ငါထိန်းသိမ်းထားခဲ့တယ်။ မင်း ဦးနှောက်ထဲကနေ လင်းဟွမ်နဲ့ ပတ်သက်တဲ့ အရာအားလုံးကို ငါဆွဲထုတ်ချင်ခဲ့တယ်"

ကျန်းမိန်မိန်သည် အသက် ခပ်ပြင်းပြင်းလေး ရှူပြီး အမှန်တရားကို ပြောလိုက်သည်။

“ဒါပေမယ့် မင်းရဲ့ မှတ်ဉာဏ်ကို ရှာကြည့်လိုက်တော့ လင်းဟွမ် ဘယ်ရောက်နေမှန်း မင်းလည်း တကယ်မသိဘူးဆိုတာ သိလိုက်ရတယ်။ ငါလည်း လမ်းပျောက်သွားလို့ အဖွား ငါ့ကို သင်ပေးခဲ့တဲ့ နည်းလမ်းအတိုင်း မင်းရဲ့အသိစိတ်ကို ထုတ်ယူလိုက်တယ်။ မင်းရဲ့ ဝိညာဉ် အစိတ်အပိုင်းကို မင်းရဲ့ခန္ဓာကိုယ်ထဲမှာ ချိတ်ပိတ်ပြီး ပြန် အသက်ရှင်လာဖို့ လုပ်ခဲ့တယ်။ သေဆုံးခဲ့တဲ့ မှတ်ဉာဏ်တွေကိုလည်း ဖျောက်ဖျက်ခဲ့တယ်။ မင်းက တကယ် သေသွားပြီ.. ဝိညာဉ်လည်း

မရှိတော့ဘူး။ မင်းမှာ အသိစိတ်ပဲ ရှိတော့တယ်။ ဒါကလည်း ငါ့ရဲ့ အစိတ်အပိုင်း တစ်ခုပဲ”

“မင်းကို ပြန်အသက်သွင်းပြီးတာနဲ့ လင်းဟွမ်ရဲ့ နေရာကို သိနိုင်ဖို့ မင်းဆီချဉ်းကပ်ခဲ့ပေမယ့် နောက်ပိုင်းမှာ မင်းနဲ့ ရက်ပိုင်းလောက် အချိန် ပေးပြီးတဲ့နောက်မှာ မင်းကိုချစ်ရတာ သဘော ကျလာတယ်ဆိုတာ ငါသိခဲ့ရတယ်။ ဒါက ခံစားချက်ပဲ”

“တစ်ခါမှ မကြုံဖူးဘူး။ အဲ့ဒီအချိန် ကစပြီး မင်းကိုသတ်ပစ်မိတာ ငါ အရမ်း နောင်တ ရလာတယ်။

မင်းကို ပြန်ရှင်လာအောင် ဘယ်လိုလုပ်ရမလဲဆိုပြီး စာရွက်စာတမ်းတွေ ငါအမြဲတမ်း ရှာဖွေခဲ့တယ်။ ဒါပေမယ့် မင်းရဲ့ဝိညာဉ်က တမူထူးခြားတဲ့ အရာပဲ။ သေပြီးသားကို ပြန်ရှင်အောင် လုပ်လို့မရဘူး။ ပြန်ပြင်လို့လည်း မရဘူး။ အချစ်ကျောက်က လူနှစ်ယောက်ရဲ့ ဝိညာဉ်ကိုပဲ အာရုံခံနိုင်တဲ့အတွက် ဝိညာဉ်ရှိတဲ့ လူတွေအတွက်ပဲ အလင်းပေး နိုင်တယ်။ မင်းမှာ ဝိညာဉ်မရှိလို့ အဲ့ဒါက မလင်းလာခဲ့တာ”

ကျန်းမိန်မိန်၏ စကားကြောင့် ဖက်တီး သာမက လင်းဟွမ်လည်း အံ့အားမှင်တက်နေသည်။

"ဒါပေမယ့် ငါ စဉ်းစားခဲ့တယ်။ မင်း အသက်ရှင်နေလား၊ မရှင်လားဆိုတာ အရေး မကြီးဘူး။ မင်းရဲ့ဝိညာဉ်ကို ဆက်ပြီး အသက်သွင်းနိုင်သရွေ့ ငါ ထိန်းသိမ်းထားနိုင်ပြီး ငါတို့နှစ်ယောက် အတူတူ နေသွားနိုင်လိမ့်မယ်"

ကျန်းမိန်မိန်က ဖက်တီးကို ပြုံးပြပြီး ပြောလိုက်သည်။

"မင်းသာ ဒါကို လျှို့ဝှက်ထားရင် မင်းကို ယုံကြည်ဖို့ ရွေးချယ်မိမှာပဲ။ ဒါပေမယ့် အခုတော့ ငါကမင်းကို ဘယ်လို ယုံကြည်ရမှာလဲ.."

ဖက်တီးသည် မျက်ရည်များ စီးကျလာပြီး သူ့မျက်နှာကိုသူ အကြိမ်ကြိမ် အခါအခါ ပြန်ရိုက်နေသည်။

"ငါ လင်းဟွမ်ကို သတ်ပြီးရင် အဖွားဆီကို အကြောင်း ကြားလိုက်မယ်။ အဲ့ဒါပြီးရင် မင်းရဲ့ မှတ်ဉာဏ် အစိတ်အပိုင်းကို ငါ ဖယ်ထုတ်လိုက်မယ်။ ဒါဆိုရင် ငါက လင်းဟွမ်ကို သတ်ခဲ့တဲ့အကြောင်း

မင်းမှတ်မိတော့မှာ မဟုတ်ဘူး။ ငါ ပြောခဲ့တာတွေ ကိုလည်း မင်းသိတော့မှာ မဟုတ်ဘူး။ နောက်ပြီးတော့ လင်းဟွမ်ရဲ့ အသုဘကိုလည်း မင်းလိုက်ပို့ပေး နိုင်တယ်လေ”

“တော်ပြီ။ အရာအားလုံးက အလိမ်အညာတွေပဲ”

ဖက်တီးက ကျန်းမိန်မိန်ကို စကားဆက်မပြောရန် ပိတ်အော်လိုက်သည်။

“ကျန်းမိန်မိန်၊ မင်းသာ ငါ့ကို တကယ်ချစ်ရင် လှည့်စားတာတွေ ပုံရိပ်ယောင်တွေ၊ စိတ်ကူးတွေ၊ အလိမ်အညာတွေ မလုပ်ပါနဲ့တော့၊ တော်လိုက်

ပါတော့။ ငါ့ကိုသာ လွှတ်ပေးပါတော့။ မင်းရဲ့ အလိမ်အညာတွေထဲမှာ ဆက် မနေချင်တော့ဘူး”

“မင်းက ငါ့ကို စွန့်ပစ်တာလား..”

ကျန်းမိန်မိန်က ဖက်တီးကို မျက်ရည်များ စီးကျနေသော မျက်လုံးများနှင့် လှမ်းကြည့်နေသည်။

“ဒါသာ သေချာတယ်ဆိုရင် ငါတို့ ဆက် မတွဲချင်တော့ဘူး။ လမ်းခွဲရအောင်”

ဖက်တီးက ကျန်းမိန်မိန်၏ မျက်လုံးကို တည့်တည့်စိုက်ကြည့်ပြီး ပြောလိုက်သည်။

“မင်းက ဘယ်လိုတောင် ပြောရက်တာလဲ”

ကျန်းမိန်မိန်က ဖက်တီးကို လည်ပင်းထညှစ်ပြီး လေထဲတွင် တန်းလန်း ဆွဲမြှောက်ထားကာ

“ငါ့ကို အရုပ်လိုဆက်ဆံပြီး မလိုအပ်တဲ့အချိန်မှာ မစွန့်ပစ်နဲ့။ မင်းက အဲ့ဒီလို လူတစ်ယောက်မျိုး ဖြစ်လာလိမ့်မယ်လို့ ဘယ်တုန်းကမှ မထင်ထားခဲ့ဘူး။ အေး.. အဲ့ဒီလိုဆိုလည်း မင်းကို သတ်ပစ်မယ်”

“ဖက်တီး..”

လင်းဟွမ်က နာမည်အောင်ခေါ်ရင်း သတိပေးလိုက်သည်။

စုန်းမက ဖက်တီးကို ကယ်တင်ရန် ရောက်လာသည်။

ကျန်းမိန်မိန် ဆုပ်ကိုင်ထားသော ဖက်တီးက စာခြောက်ရုပ် အဖြစ် ပြောင်းလဲသွားသည်နှင့် တပြိုင်နက် စုန်းမက ကျန်းမိန်မိန် ရှေ့တွင် ပေါ်လာပြီး သူမရင်ဘတ်ကို ပိတ်ရိုက်လိုက်သည်။

ကျန်းမိန်မိန် နောက်ပြန် လွင့်ထွက်သွားသည်။

## အခန်း(၄၀၄) - နောက်ဘဝရောက်ရင် မင်းရဲ့ မိန်းမ ဖြစ်ချင်တယ်။

"လင်းဟွမ်၊ မင်း ငါ့ကိုသတ်ရင် သူလည်း သေလိမ့်မယ်။ သူ့ အသိစိတ်က ငါ့ဆီကလာတာပဲ။ တကယ်လို့ ငါ့အသိစိတ် ပျောက်သွားရင် သူ့ရဲ့ အသိစိတ်လည်း ပျောက်ကွယ်သွားလိမ့်မယ်"

ကျန်းမိန်မိန်သည် စုန်းမ၏ ရိုက်ချက်ကြောင့် လွင့်ထွက်ပြီး ဂိုဒေါင် နံရံနှင့်ထိမှန်ကာ တစ်ကိုယ်လုံးသွေးများ ရွှဲစိုနေသည်။ လင်းဟွမ်ကို

မထွက်ပြေးနိုင်စေရန် နံရံများကို ဖောက်ဝင်၍ မရအောင် လုပ်ထားသဖြင့် ကျန်းမိန်မိန်သည် စုန်းမ၏ တိုက်ခိုက်မှုကြောင့် လွင့်ထွက်သွားပြီး နံရံနှင့် ထိမှန်သွားသော်လည်း ဖောက်ဝင်သွားခြင်း မရှိခဲ့ပေ။

"မင်းက အသက်ရှင်ဖို့ တစ်နာရီပဲ ကျန်တော့တယ်။ ငါနဲ့ ယင်ဟွာကျင်းအတွက် ဘာဖြစ်လို့ လက်မလျှော့တာလဲ။ ဟွာကျင်းကို ငါ့ဆီပေးလိုက်ပါ။ သူ့မှတ်ဉာဏ်တွေထဲကနေ ဒီအစိတ်အပိုင်းကို ဖယ်ရှားလိုက်တာနဲ့ ငါ သူ့ကို

အမြဲတမ်း ချစ်နေနိုင်တယ်။ ငါ အသက်ရှင်နေသရွေ့ သူလည်း ဒီလိုပဲ ဖြစ်နေလိမ့်မယ်”

ကျန်းမိန်မိန်သည် မြေပေါ်သို့ ဖြည်းဖြည်းချင်း လျှောကျလာသည်။ သူမ၏ ကျစ်ဆံမြီး နှစ်ချောင်းသည် ပြေကျသွားသဖြင့် ရှုပ်ပွနေသော ဆံပင်များနှင့်အတူ သူမ၏ထူးခြားသော မျက်နှာ အမူအရာကြောင့် လရောင်အောက်တွင် တစ္ဆေသရဲလို ဖြစ်နေသည်။

“မင်းက ခေါင်းမာ ချင်သေးတာလား..”

အစပိုင်းတွင် လင်းဟွမ်သည် သူမကို စာနာသနားခဲ့သော်လည်း ယခုအခါ စိတ်တိုလာသည်။ လက်ထဲမှ ကုသရေးကတ်ကို ချေမွလိုက်ရာ ဓါးနှင့်အထိုးခံရသော ဗိုက်၌ ထိုးစိုက်နေသော ဓါးသည် ဖြည်းဖြည်းချင်း ပြန်ထွက်လာသည်။

ထို့အတူ အပေါက်ထဲမှ ခရမ်းရောင်အရည်များလည်း စိမ့်ကျလာသည်။ ဒါသည် မိစ္ဆာငါးပူတင်းနှင့် မြွေပွေးအဆိပ်အဆိပ်ပင်။ အဆိပ်ကို စွန့်ထုတ်ပြီးနောက် ဒဏ်ရာသည်

သာမန်မျက်စိနှင့် မြင်နိုင်သော နှုန်းဖြင့် ပျောက်ကင်းလာသည်။

ရုတ်တရက်ဆိုသလို စုန်းမသည် လင်းဟွမ်၏ ရှေ့တွင်ပေါ်လာပြီး အဆိပ်ကို အသည်းအသန် စိုက်ကြည့်နေသည်။

"မင်း လိုချင်ရင် ယူလိုက်"

လင်းဟွမ်က ခေါင်းညိတ် ပြလိုက်လျှင် စုန်းမသည် ပါးစပ်ဖွင့်ပြီး ခရမ်းရောင် အရည်များကို မျိုချလိုက်သည်။

အဆိပ် ပြန်ထွက်သွားပြီးနောက် လင်းဟွမ် ခန္ဓာကိုယ်သည် အထွတ်အထိပ် အခြေအနေသို့ ပြန်ရောက်ရန် အချိန်အနည်းငယ်သာ ယူလိုက်ရသည်။

“ဘာဖြစ်တာလဲ။ ဒါက ဘယ်လို ဖြစ်နိုင်မှာလဲ။ ငါးပူတင်းအဆိပ်ကို ဘယ်လို ဖြေနိုင်မှာလဲ။ မင်းက ဘာဖြစ်လို့ ဒီလောက် မြန်မြန် ပြန်ကောင်းသွားတာလဲ”

ကျန်းမိန်မိန်သည် သူမကိုယ်တိုင် မြင်လိုက်ရသော အဖြစ်အပျက်ကြောင့် တုန်လှုပ်နေသည်။

လက်မခံနိုင်ဘဲ ခေါင်းကို ပြင်းထန်စွာ ခါယမ်းနေသည်။ ဤကိစ္စအားလုံးကို စီစဉ်ရန် အချိန်တော်တော်လေး ကြာအောင် အချိန်ယူခဲ့ရသောကြောင့် လင်းပွမ်သည် မိစ္ဆာ ငါးပူတင်း အဆိပ်ကြောင့် ကျိန်းသေပေါက် သေဆုံးရမည်သာ။

သို့သော်လည်း ဤကဲ့သို့ နည်းလမ်းဖြင့် အဆိပ်ကို ဖယ်ရှားနိုင်လိမ့်မည်ဟု မမျှော်လင့်ထားခဲ့ပေ။ သူမ၏ ကြိုးစားအားထုတ်မှု အားလုံးက အချည်းနှီး ဖြစ်သွားခဲ့ပြီ။

"မိန်မိန် အမှားတွေ လုပ်နေတာ ရပ်လိုက်တော့"

ဖက်တီးသည် လင်းဟွမ် ပြန်လည်ကောင်းမွန်လာသည်ကို မြင်လိုက်သည်နှင့် ကျန်းမိန်မိန်ကို ဆက်မလှုပ်ရှားရန် ဖျောင်းဖျလိုက်ကာ ကျန်းမိန်မိန် လွတ်မြောက်နိုင်စေရန် မျှော်လင့်နေသည်။

လင်းဟွမ်သည် ဖက်တီးကြောင့် သူမကို မသတ်ချင်ပေ။ သို့သော်လည်း ကျန်းမိန်မိန်မှ ဤကဲ့သို့ အခိုင်အမာ ဆက်လက် ပြုလုပ်နေပါက လင်းဟွမ်က သူမကို လွှတ်ပေးတော့မည် မဟုတ်ချေ။

"ငါ့ အမှားတွေပဲလား ဟွာကျင်း ငါ့မှာ နောက်လှည့်စရာ မရှိတော့ဘူး။ အချိန်တွေ အများကြီးကုန်သွားပြီ။ တာဝန်ချိန် ပြီးဖို့ အချိန် အများကြီး မကျန်တော့ဘူး။ (၁၀) ရက်တောင် မကျန်တော့ဘူး။ တကယ်လို့ လင်းဟွမ်ကို ငါ မသတ်ရင် အဖွားက ငါ့ကို လွှတ်ပေးမှာ မဟုတ်ဘူး"

တစ်ချိန်တည်းမှာပင် ကျန်းမိန်မိန်သည် ငိုလိုက် ရယ်လိုက်နှင့် အရူးတစ်ယောက်လိုပင်...

"သူ့ကိုသတ်မှပဲ ငါ အသက်ရှင်နိုင်မယ်။ ဒါမှ ငါတို့နှစ်ယောက် အတူတူ နေနိုင်မယ်"

ကျန်းမိန်မိန်သည် ထိုကဲ့သို့ အော်ပြောရင်း လင်းဟွမ်ထံ ပြေးဝင်သွားသည်။

"တောင်းပန်ပါတယ် ဖက်တီး.."

လင်းဟွမ်သည် တောင်းပန်ပြီးနောက် နောက်လှည့်ကာ စုန်းမကို ခေါင်းညိတ်ပြလိုက်သည်။ စုန်းမသည် လင်းဟွမ်နှင့် ဖက်တီးတို့ရှေ့တွင် မတ်တပ်ရပ်၍ လက်နှစ်ဖက်ကို ဆန့်တန်းလိုက်ရာ မရေမတွက်နိုင်သော ပိုးကောင်များက ကျန်းမိန်မိန်ထံ ပျံသန်း ဝင်ရောက်သွားသည်။

ထိုပိုးကောင်များကို ကံကြမ္မာသူခိုးသန်ကောင်ဟု ခေါ်ကြသည်။ အရွယ် ရောက်ပြီးပါက လက်မ အရွယ်ရှိသည်။ လုံး၀ အနက်ရောင်ဖြစ်ပြီး အမျိုးမျိုးသော သက်ရှိများ၏ ကံကြမ္မာစွမ်းအားများနှင့် ကျွေးမွေး ပြုစုရသည်။

၎င်းတို့၏ ပါးစပ်သည် သက်ရှိတိုင်း၏ အရေခွံကို အလွယ်တကူ ဖြတ်တောက်နိုင်သည့် ကတ်ကြေးတစ်လက်နှင့် တူပြီး အရေးပြားကို ကိုက်ဖြတ်ပြီး ခန္ဓာကိုယ်ထဲ ၀င်ရောက်နိုင်သည်။ အများအားဖြင့်တော့ ဤပိုးကောင်များသည်

သူတို့နယ်မြေထဲတွင် ထောင်သောင်းနှင့်ချီပြီး စုဝေး၍ နေထိုင်တတ်ကြသည်။ ထို့ကြောင့် အင်မော်တယ်အဆင့်ရှိ သက်ရှိများပင် သူတို့ကို ရန်မစချင်ကြပေ။

ကျန်းမိန်မိန်သည် ထိုသန်ကောင် အကြောင်းကို သိသဖြင့် သူမသည် ရယ်မောနေသော်လည်း ပိုးကောင်များ လက်မှ လွတ်မြောက်အောင် ထွက်ပြေးရန် ဆုံးဖြတ်လိုက်သည်။

ပိုးကောင်များ အနောက်မှ လိုက်နေ၍ အသည်းအသန် ထွက်ပြေး နေရသည့်အချိန်မှာပင်

လင်းဟွမ်ကို ခေါးမြှောင်ဖြင့် ရအောင် ပစ်သတ်လိုက်သေးသည်။

စုန်းမကို နိုင်အောင် မတိုက်ခိုက်နိုင်မှန်း သူမသိသည်။ အနက်ရောင်ဝတ်စုံ ဝတ်ထားသော လီလီကို စုန်းမက မည်ကဲ့သို့သတ်ခဲ့မှန်း အတိအကျ မသိသော်လည်း တိုက်ခိုက်ခဲ့သည့် အချိန်က ထွက်ပေါ်လာသော စွမ်းအင်လှိုင်းများကြောင့် မည်မျှ အန္တရာယ်များကြောင်း ပြောနိုင်သည်။

စုန်းမသည် လီလီကိုသတ်ရန် အချိန်အနည်းငယ်သာ ယူခဲ့ရသောကြောင့် အင်မတန်အစွမ်းထက်ကြောင်း သိသာထင်ရှားနေသည်။

အသိစိတ်ကင်းမဲ့နေသော ကျန်းမိန်မိန်သည် သူမ၏ စွမ်းရည်သည် လီလီနှင့် အတူတူသာ ဖြစ်ကြောင်း သိနေသည်။ ထို့ကြောင့် စုန်းမကို အနိုင်ယူရန် မဖြစ်နိုင်၍ စုန်းမကို ရှောင်ပြီး လင်းပွှမ်ကိုသာ သတ်ပစ်ရမည်။

ကျန်းမိန်မိန်သည် လင်းပွှမ်ထံ ဦးတည်ပြီး ပြေးလာသဘ် တစ်ချိန်တည်းမှာပင် စုန်းမကို လုံးဝ

လျစ်လျူရှုပြီး လင်းဟွမ်ကို ပစ်မှတ်ထားကာ အနက်ရောင်အပ်များဖြင့် ပစ်ပေါက်လိုက်သည်။

လင်းဟွမ်သည် ဓါးကို လေထဲသို့ဝှေ့ယမ်းပြီး သူ့ထံပျံသန်း လာနေသော အနက်ရောင်အပ် အားလုံးကို ပိတ်ဆို့လိုက်သည်။

ထိုစဉ် ကျန်းမိန်မိန်သည် အဝေးသို့ဆုတ်ခွာပြီး သူမခန္ဓာကိုယ်က နှစ်ခြမ်း ကွဲသွားသည်။ မကြာခင် နှစ်ယောက် ဖြစ်လာကာ ထိုမှတစ်ဆင့် လေးယောက်၊ ရှစ်ယောက် ဖြစ်လာသည်။ သူမသည် ဆဲလ်တစ်ခုတည်း သတ္တဝါကဲ့သို့ ဖြစ်နေကာ

တစ်စက္ကန့် မပြည့်ခင်မှာပင် (၃၂) ယောက် ဖြစ်သွားသည်။

စုန်းမသည် မည်သည့် တစ်ယောက်က အစစ်ဖြစ်ကြောင်း မပြောနိုင်သော်လည်း သူမ လက်ကို လေထဲသို့ ဆန့်ထုတ်လိုက်ရာ မရေမတွက်နိုင်သော နွယ်ပင်များ ပေါ်လာသည်။ ဒါသည် ကြီမားသော တင်းပုတ်ကြီးအလား ကျန်းမိန်မိန်ထံ တိုးဝင်သွားသည်။

လင်းပွမ်သည် မျက်လုံးစွမ်းရည်ကို အသက်သွင်းခဲ့သော်လည်း မည်သည့် တစ်ယောက်က ကျန်းမိန်မိန် အစစ်ဖြစ်ကြောင်း မပြောနိုင်ပေ။

ရုတ်တရက် အရိပ်တစ်ခုက သူ၏ အာရုံခံနယ်မြေထဲ တိုးဝင်လာကြောင်း ခံစားလိုက်ရသဖြင့် လှည့်ပင်မကြည့်ဘဲ ဓားနှင့် နောက်ပြန်ခုတ်လိုက်သည်။ ဒါသည် အစွမ်းထက်သော ကြယ်တာရာလိပ်ခုံး ဓါးကွက်ပင်။

လေထဲ၌ အဖြူရောင်အလင်း ဖြတ်ခနဲ လက်သွားပြီး ခါးက အရိပ်နှင့် တိုက်မိသွားသည်။

ကျယ်လောင်သော ပေါက်ကွဲသံနှင့်အတူ အရိပ်သည် ကျန်းမိန်မိန် ပြန်ဖြစ်သွားကာ အော်ဟစ်ညည်းတွား၍

"ဒါက ဘယ်လို ဖြစ်နိုင်မှာလဲ။ အဆိပ်စူးတောင် ငါ့ခန္ဓာကိုယ် အစစ်အမှန်က ဘယ်ဟာလဲဆိုတာ မပြောနိုင်ဘူး"

ကျန်းမိန်မိန် လင်းဟွမ်၏ ခါးချက်ကို မမြင်လိုက်သဖြင့် ထိမှန်ခဲ့ပြီး တစ်ကိုယ်လုံး

သွေးများ စိုရွှဲနေကာ သေမင်း လက်ထဲမှ လွတ်မြောက်ခဲ့သော်လည်း ထိုတိုက်ခိုက်မှုကြောင့် ဒဏ်ရာပြင်းထန်စွာ ရရှိသွားသည်။

လင်းဟွမ်သည် စကားတစ်ခွန်းမှ မပြောသော်လည်း စုန်းမက ကျန်းမိန်မိန် နောက်တွင် တစ္ဆေတစ်ကောင်အလား ဖြတ်ခနဲ ပေါ်လာသည်။ ဒါကို သူမသိလိုက်သည့် အချိန်၌ အလွန် နောက်ကျသွားခဲ့ပြီ..

စုန်းမ၏ လက်ချောင်းသည် ကျန်းမိန်မိန်၏ နောက်ကျောသို့ အဆိပ်ရှိသော

မြွေတစ်ကောင်အလား ထိုးဖောက်ဝင်ရောက်သွားကာ ထိုလက်ချောင်းများသည် ရင်ဘတ် အရှေ့ဘက်မှ ပြန်ထွက်လာသည်။ ကျန်းမိန်မိန်သည် ရင်ဘတ်ပွင့်သွားပြီး ကြီးမားသော နာကျင်မှုကို ခံစားလိုက်ရသည်။

ကျန်းမိန်မိန်သည် အောက်သို့ ငုံ့ကြည့်ရာ သွေးများစိုရွှဲနေသော လက်တစ်ချောင်းက ရင်ဘက်ထဲမှ ထိုးထွက်နေကြောင်း တွေ့လိုက်ရသည်။ ရှည်လျားသော လက်သည်းများသည် သားရဲများ၏ ခြေသည်းများနှင့် တူနေပြီး

ကျန်းမိန်မိန်သည် လူ မဆန်သောလက်ကို ကြည့်ပြီးနောက် နောက်ဆုံး၌ အဖြစ်အပျက်ကို နားလည်သွားသည်။

စုန်းမက သူမလက်ကို ဖြည်းဖြည်းချင်း ဆွဲထုတ်လိုက်သည့် အချိန်၌ ကျန်းမိန်မိန်သည် ခွန်အားပြတ်သွားက မြေပေါ်သို့ အရုပ်ကြိုးပျက် လဲကျသွားသည်။ အတတ်နိုင်ဆုံး ကြိုးစားပြီး ဖက်တီးရှိနေသည့် နေရာသို့ လှမ်းကြည့်ရင်း မျက်ရည်များ စီးကျလာသည်။

“ဟွာကျင်း.. .. တောင်းပန်ပါတယ်”

"မိန်မိန်.."

ဖက်တီးသည် ကြိုးစားရုန်းကန်ပြီး သူမထံ ရောက်အောင် လေးဘက်သွား၍ ကျန်းမိန်မိန်ကို ရင်ခွင်ထဲ ဆွဲဖက်ထားသည်။

လင်းဟွမ်က တားချင်သော်လည်း လေထဲတွင် လက်တန်းလန်း ဖြစ်နေပြီး ဆက် မလုပ်ရက်တော့ပေ။

"ငါ တောင်းပန်ပါတယ်။ ဒီတစ်သက်မှာ ငါ နောင်တ အရဆုံးက မင်းကို သတ်ခဲ့မိတာပဲ။

အဲ့ဒီနေ့က မင်းကို မသတ်ခဲ့မိရင် ဘယ်လောက်ကောင်းလိုက်မလဲ"

ကျန်းမိန်မိန်က ယောင်ရမ်းနေသော ဖက်တီး မျက်နှာကို ထိလိုက်သည်။

"မိန်မိန်၊ ငါမင်းကို အပြစ်မတင်ဘူး။ မင်းနဲ့အတူ ဖြတ်သန်းခဲ့ရတဲ့ နေ့ရက်တွေက ငါ့ဘဝမှာ အပျော်ဆုံးနေ့တွေပဲ"

ဖက်တီး၏ မျက်လုံးထဲမှ မျက်ရည်များ အထိန်းအကွပ်မရှိ စီးကျလာသည်။

“ငါလည်း အတူတူပဲ။ မင်းနဲ့အတူတူ ရှိနေတဲ့ အချိန်တိုင်း ပျော်တယ်၊ ငါ့ကို လုံခြုံမှုပေးနိုင်တယ်။ တကယ်ကို ပျော်ရွှင်ခဲ့ရတယ်.”

ကျန်းမိန်မိန်သည် အားနည်းလာပြီး စကား ပြောရန်ပင် ခက်ခဲလာသည်။

“ငါ မင်းရဲ့သတို့သမီး ဖြစ်ချင်တယ်။ မင်းနဲ့ လက်ထပ်ပြီး ကလေးတွေယူဖို့ တွေးဖူးတယ်”

“ငါတို့တွေ အသက်တွေကြီးလာပြီး ခေါင်းတွေ ဖြူလာတဲ့အထိ သားတွေ၊ သမီးတွေနဲ့ နေကြမယ်လေ”

ဖက်တီးက ကျန်းမိန်မိန်၏နဖူးပေါ် လက်တင်ပြီး တိုးတိုးလေး ပြောလိုက်သည်။

“ဟွာကျင်း။ ဒီကမ္ဘာမှာ လူဝင်စားတယ်ဆိုတာ တကယ် ရှိလား”

ကျန်းမိန်မိန်က အားပျော့စွာ မေးလိုက်သည်။

“တကယ်လို့ ရှိသေးရင် နောင်ဘဝမှာ မင်းနဲ့ ထပ်တွေ့ချင်သေးတယ်။ ကံကြမ္မာ သုံးပါးတောင်မှာ တွေ့မယ်လို့ ကတိပေးနော်။ ဟုတ်ပြီလား”

“ကောင်းပြီ..”

ဖက်တီးက သေသေချာချာ ခေါင်းညိတ်လိုက်သည်။

“မင်းက အရမ်းဝတယ် ဆိုတော့ ငါက သေချာပေါက် မှတ်မိလိမ့်မယ်။ မင်းကသာ ငါ့ကို မမှတ်မိချင် မမှတ်မိမှာ”

ကျန်းမိန်မိန်က ပြုံးလိုက်သည်။

“ငါက မင်းကို ဘယ်လိုလုပ်ပြီး မမှတ်မိဘဲ နေမှာလဲ။ လူအုပ်ကြီးထဲမှာ အလှဆုံးလူက မင်းပဲဆိုတာ ငါ ပြောနိုင်တယ်”

ဖက်တီးသည် ကျန်းမိန်မိန်၏ ခန္ဓာကိုယ်ကို တင်းတင်းကျပ်ကျပ် ပွေ့ဖက်ထားပြီး ရင်ကွဲ ပက်လက် ငိုကြွေးနေရှာသည်။

"ဒါဆို ကတိနော်။ နောက်ဘဝသာ ရှိခဲ့ရင် မင်းရဲ့သတို့သမီး ဖြစ်ချင်တယ်"

"အင်း"

ဖက်တီးသည် ရင်ထဲ အလုံးကြီး ဆို့နေပြီး စကားဆက် မပြောနိုင်တော့ချေ။

ခဏအကြာ ဖက်တီး ထွေးပိုက်ထားသော ကျန်းမိန်မိန်၏ ခန္ဓာကိုယ်သည် ပျော့ခွေသွားသည်။ သူမ သေသွားသော်လည်း သူမ၏မျက်နှာသည် ယခင်ကကဲ့သို့ အေးစက်နေခြင်း မရှိဘဲ အပြုံးပါးပါးလေး ရှိနေသည်။

"မိန်မိန်.."

ဖက်တီးသည် ရင်ခေါင်းကွဲမတတ် ဖျစ်ညှစ်ပြီး အော်ဟစ်လိုက်သည်။

## အခန်း(၄၀၅) - ဒီဘဝကို နှောင်တ မရဘူး။

လင်းဟွမ်သည် ကျန်းမိန်မိန်၏ ခန္ဓာကိုယ်ကို ဖက်ပြီး အသဲအူ ပျက်မတတ် အော်ဟစ်၍ ငိုကြွေးနေသော ဖက်တီးကို တိတ်တဆိတ် စောင့်ကြည့်နေခဲ့သည်။

ယခုအခါ ကျန်းမိန်မိန်၏ အသိစိတ်က သေဆုံးသွားခဲ့ပြီ ဖြစ်သောကြောင့် သူမအသိစိတ်၏ တစ်စိတ်တစ်ပိုင်းဖြစ်သော ဖက်တီးလည်း မကြာခင် သေဆုံးသွားတော့မည်။

"ရှောင်ဖိန်၊ ကုသရေးကတ်က ဖက်တီးအတွက် အလုပ်ဖြစ်လား။"

လင်းဟွမ်သည် အဖြေကို သိနေသော်လည်း ကောက်ရိုးတမျှင် ဆွဲကိုင်သည့် သဘောဖြင့် မေးလိုက်သည်။

"ကုသရေး ကတ်က အသက်ရှိတဲ့ လူတွေအပေါ်မှာပဲ အလုပ်လုပ်တာ သူက သေပြီးနေပြီ။ တကယ်လို့ လူတစ်ယောက်ရဲ့ ဝိညာဉ် ဒါမှမဟုတ် အသိစိတ် တစ်စိတ်တစ်ပိုင်း တစ်ခုခုလောက် ပျက်စီး သွားရင်တောင်

ကုသရေးကတ်ကို အသုံးပြုနိုင်သေးတယ်။ ဒါပေမဲ့ အခုပြဿနာက သူ့ဝိညာဉ်က အစကတည်းက သေသွားပြီ။ ဒါက ကုသရေးကတ် တစ်ခုပဲ၊ လူတစ်ယောက်ရဲ့ စိတ်ဝိညာဉ်ကို ဖန်တီးလို့ မရဘူး။"

"သူမှာ အချိန် ဘယ်လောက် ကျန်သေးလဲ"

လင်းဟွမ်က မေးလိုက်လျှင်

"အများဆုံး နာရီဝက်ပဲ။ အသိစိတ်ရဲ့ အဓိက အစိတ်အပိုင်းက သေသွားပြီ၊ ဒါက အစိတ်အပိုင်းလေး တစ်ခုပဲ၊ သေဖို့ အချိန်တစ်ခုပဲ လိုတယ်"

လင်းဟွမ်၏ မျက်နှာအမူအရာသည် လေးလံလာသည်။ ဖက်တီးဆိုသည်မှာ ဤကမ္ဘာကို ခရီးထွက်လာပြီးနောက် ပထမဦးဆုံး သူခင်ခဲ့သော သူငယ်ချင်းပင်...

လွန်ခဲ့သော တစ်နှစ်က လူယုတ်မာ တစ်ယောက်ကို သတ်ပစ်ခဲ့သည့် အကျိုးဆက်ကြောင့် အပြစ်မရှိသော ဖက်တီးက ဓားစာခံ ဖြစ်သွားလိမ့်မည်ဟု မမျှော် လင့်ထားခဲ့ပေ။ အကျိုးဆက်အနေဖြင့် ဖက်တီး၏ အသက်ကို စတေးခဲ့ရသည်။ ဖက်တီးသည် မိနစ် (၂၀)

ကျော်ကြာအောင် ငိုနေခဲ့ပြီးနောက် သူ့ခန္ဓာကိုယ်က ပင်ပန်းနွမ်းနယ်၍ အိပ်ချင်လာသည်။

"လင်းဟွမ်..."

လင်းဟွမ်ကို ထိတ်လန့်တကြား လှမ်းအော်လိုက်သည်။

လင်းဟွမ်က သူ့ရှေ့တွင် ချက်ချင်း ပေါ်လာပြီး တုန်ယင်နေသော သူ့ခန္ဓာကိုယ်ကို တည်ငြိမ်အောင် ထိန်းပေးလိုက်သည်။

"ငါ အရမ်းပင်ပန်းနေပြီ သေတော့မှာလား။"

ဖက်တီးက ခပ်ယဲ့ယဲ့လေး ပြုံးလိုက်သည် ။

လင်းဟွမ်လည်း ပြောစရာစကား ရှာမရ ဖြစ်နေသည်။

ဖက်တီးသည် လင်းဟွမ်၏ တုံ့ပြန်မှုကိုကြည့်ပြီး သူ့တွင် အချိန် သိပ်မကျန်တော့ကြောင်း သိလိုက်၍

"လင်းဟွမ်၊ မင်းက ငါ့ရဲ့အချစ်ဆုံး သူငယ်ချင်းပါ၊ ငါ့မှာ တောင်းဆိုစရာ ရှိတယ်"

"ပြောပါ။ ဘာပဲ ဖြစ်ဖြစ် ပြောကွာ"

လင်းဟွမ်က ခေါင်းညိတ်လိုက်သည်။

ဖက်တီးသည် သူ့ အင်ပါယာ နှလုံးသားလက်စွပ်မှ ဆက်သွယ်ရေး မျက်နှာပြင်ကို ဖွင့်လိုက်ပြီး

"ဟင်းချက်နည်း နှစ်စုံ ပို့ပေးလိုက်မယ်။ တစ်မျိုးက ဖေဖေဆီက ရထားတာ။ ငါ့ဖေဖေရဲ့ ဟင်းချက်နည်းတွေကို ငါ့မိသားစုဆီ ပြန်ပေး ပေးဖို့ မျှော်လင့်ပါတယ်။ ငါ့အဖွားကို ပေးလိုက်ပါ။ သူက ငါတို့မိသားစုမှာ တကယ့် စားဖိုမှူးပဲ၊ ဟင်းချက်နည်းကို သူမဆီ ပို့ပေးမှ ဖြစ်မယ် ။ငါရဲ့ဟင်းချက်နည်းကတော့ မပြီးပြည့် စုံသေးဘူး။ ချက်ပြုတ်ဖို့ စိတ်ကူးထားတဲ့ ဟင်းချက်နည်းတွေ

အများကြီး မှတ်ထားတယ်။ ဒါကို တကယ့် အစားအသောက် မုဆိုးတစ်ယောက်ဆီ ပေးနိုင်ဖို့ မျှော်လင့်တယ်။ ငါ့ရဲ့ ဟင်းချက်နည်းတွေကို ပြီးပြည့်စုံအောင် လုပ်ပေးဖို့ မျှော်လင့်တယ်"

"ငါ အတော်ဆုံး အစားအသောက် မုဆိုး တစ်ယောက်ကို ရှာပြီး ချက်ပြုတ်နည်းအားလုံးကို အမှန်တကယ် ဖြစ်လာအောင် လုပ်ပေးမယ်"

လင်းဟွမ်က ပြုံးပြီး ယုံကြည်ချက်ရှိရှိ ခေါင်းညိတ်ပြလိုက်သည်။

"ခေးလိုင် ဟိုတယ်... ဒီဟိုတယ်က ငါ့ဖေဖေ တစ်သက်လုံး ကြိုးစားတည်ဆောက်ခဲ့တဲ့ အရာပဲ။ ဒါပေမဲ့ အခု ဖေဖေ မရှိတော့ဘူး။ ငါကလည်း မကြာခင် ထွက်သွားရတော့မယ်ဆိုတော့ မိသားစုက ဟိုတယ်ကို ပြန်ရောင်းလိမ့်မယ် ထင်တာပဲ။ မင်းက အဲဒီဟိုတယ်ကို ပြန်ဝယ်ပြီး စီးပွားရေးဆက်လုပ်ဖို့ မျှော်လင့်မိတယ်။ ပိုက်ဆံမရှိုးပါဘူး ဟိုတယ်က ဝင်ငွေကောင်းတယ်။ ငါ့ဖေဖေရဲ့ ဟင်းချက်နည်းတွေကို မိတ္တူကူးထားတယ်၊ သူ့လက်ထက်က ချက်ခဲ့တဲ့ အစားအစာအားလုံးကို လေ့လာဖို့အတွက် စားဖိုမှူး ကောင်းကောင်းငှားလို့

ရပါတယ်။ ဖြစ်နိုင်ရင် မိသားစုရဲ့ ဟင်းချက်နည်းကို ဆက်ထိန်းထားဖို့ မျှော်လင့်တယ်။ ငါ့ရဲ့ ဟင်းချက်နည်းကလည်း အဲဒီ ဟော်တယ်မှာ ပေါ်လာဖို့ မျှော်လင့်မိတယ်။"

"ငါ ခေးလိုင် ဟိုတယ်ကို မင်းအတွက် စောင့်ရှောက်ပေးမယ်။"

"ငါ့အတွက် ဝမ်းမနည်းနဲ့။ ငါက အသက် (၁၇)နှစ်ပဲ ရှိသေးတယ်ဆိုပေမဲ့ ငါ ဒီလိုလုပ်ရတာ ပျော်ပါတယ်။ အဖွားက ပြောဖူးတယ် လူတစ်ယောက်က ဘယ်လောက်ကြာကြာ

နေရမလဲဆိုတာ ကံတရားက ဆုံးဖြတ်တယ်။ ငါ့မှာ ချစ်ရတဲ့ ဖေဖေနဲ့ အဖွားတစ်ယောက် ရှိတယ်။ ငါ့ဘဝရဲ့အချစ်ကိုလည်း တွေ့ခဲ့တယ်။ သူကလည်း ငါ့ကို ချစ်တယ်။ ဒီဘဝမှာ နောင်တရစရာ မရှိတော့ဘူး”

ဖက်တီးက ပြုံးလိုက်သည်။ တဖြည်းဖြည်း အားနည်းလာခဲ့ပြီး နောက်ဆုံး၌ သေဆုံးသွားသည်။

"ဖက်တီး..."

လင်းပွှမ် မျက်လုံးထဲမှ မျက်ရည်များ စီးကျလာသည်။ ဤကမ္ဘာပေါ်တွင် သေခြင်းတရားများစွာကို တွေ့ကြုံခဲ့ဖူးသော်လည်း ခံစားချက်လုံးဝမရှိခဲ့ပေ။ ဒါသည် သူ၏ သူငယ်ချင်းတစ်ယောက် သေဆုံးသွားသည်ကို ပထမဆုံးအကြိမ်မြင်ဖူးခြင်းပင်။ အမဲသားကြိုက်ပြီး အစားကြူးသည့် သူငယ်ချင်း တစ်ယောက်။ သို့သော်လည်း ရိုးသားကြင်နာတတ်သည့် ဖက်တီး သေဆုံးသွားခဲ့ပြီ။

လင်းဟွမ်သည် ဖက်တီး အလေလောင်းကို သိုလှောင်လက်စွပ်ထဲ ထည့်လိုက်သည်။ ကျန်းမိန်မိန်၏ အလောင်းကို သိမ်းရန်လုပ်လိုက်စဉ် သူမခန္ဓာကိုယ်ထဲမှ ထူးဆန်းသော စွမ်းအင်လှိုင်း တစ်ခု ထွက်ပေါ်လာသည်။

လင်းဟွမ်သည် ပြင်းထန်သော အန္တရာယ် အငွေ့အသက်ကို ခံစားလိုက်ရသဖြင့် ချက်ချင်း နောက်ဆုတ်လိုက်သည်။ နောက်ဆုတ် လိုက်စဉ် ကျန်းမိန်မိန်၏ ခန္ဓာကိုယ်က ဘောလုံးတစ်ခုကဲ့သို့ ဖောင်းကားလာကာ

"ဝုန်း…"

သူမ၏ ခန္ဓာကိုယ် ဖောင်းကားလာသည်မှာ အချိန်အနည်းငယ်သာ ကြာမြင့်ခဲ့ပြီး ပေါက်ကွဲထွက်သွားသည်။ ကြမ်းတမ်းသော မီးပွားများ လျှံတက်လာပြီး ကျယ်လောင်သော ပေါက်ကွဲသံကြီးနှင့် အတူ ဂိုဒေါင်တစ်ခုလုံး ပျက်စီးသွားသည်။ ပေါက်ကွဲမှု၏ အရှိန်ကြောင့် လင်းပွှမ်လည်း လွင့်ထွက်သွားပြီး ဂိုဒေါင်သည် စက္ကန့်ပိုင်းလေး အတွင်းမှာပင် လုံးဝ ပျက်စီးသွားခဲ့သည်။

ပေါက်ကွဲမှုသည် (၁၀) ကီလိုမီတာအထိ ပျံ့နှံ့သွားပြီး ပေါက်ကွဲသံကို အဝေးမှပင် ကြားရသည်။

အဖြူရောင်မြို့တော် အရှေ့ဘက်ခြမ်းတွင် နေထိုင်သော လူအများစုလည်း ကြားလိုက်ရ၍ အနီးအနားတွင် နေထိုင်သူများက တောက်လောင်နေသော မီးတောက်များကိုပင် မြင်လိုက်ရသည်။ ကံကောင်းထောက်မစွာဖြင့် ဂိုဒေါင်သည် အရှေ့ဘက် မြို့အစွန်းတွင် တည်ရှိပြီး ချောင်ကျနေခဲ့သည်။

ကုန်ပစ္စည်းများ ရှိသည့် အခြားဂိုဒေါင်များနှင့် အလှမ်းဝေးသလို လူနေရပ်ကွက်လည်း မရှိသောကြောင့် ထိခိုက်သေဆုံးမှု မရှိပဲ ပေါက်ကွဲမှုသည် အခြားနေရာသို့ မကူးစက်သွားခဲ့ချေ။

လင်းဟွမ်သည် အမှောင်ထုဒိုင်းကို အချိန်မှီ အသက်သွင်းနိုင်ခဲ့သဖြင့် ကံကောင်းသွားသည်။ ထို့အပြင် စုန်းမကလည်း အမှောင်ထုဒိုင်း အပြင်ဘက်တွင် အနက်ရောင် ကာကွယ်ရေး အလွှာတစ်ခုကို ထပ်မံ

ဖန်တီးခဲ့သည်။ နှစ်ထပ်ဆင့် ကာကွယ်မှုအောက်၌ လင်းဟွမ်နှင့် စုန်းမတို့သည် ထိခိုက် အနာတရ မဖြစ်ခဲ့ကြပေ။

ပေါက်ကွဲပြီးသည်နှင့် လင်းဟွမ်က မီးတောက်များ ဖုံးလွှမ်းနေသော နေရာတစ်ခုလုံးကို မြင်နိုင်စေရန် ကာကွယ်ရေးဒိုင်းကို ဖယ်ရှား လိုက်သည်။ မနီးမဝေးတွင် ရှိခဲ့သော ကျန်းမိန်မိန်၏အလောင်းသည် လုံးဝ ပျောက်ကွယ် သွားခဲ့သည်။

"ဒါက စက်ရုပ်လူသားတွေကို ဖျက်စီးတဲ့ ပရိုဂရမ်ဖြစ်မယ်။ ဖက်တီး သေဆုံးသွားမှ ပေါက်ကွဲသွားတာဆိုတော့ ကျန်းမိန်မိန်ရဲ့ အသိစိတ်က လုံး၀ အဆုံးသတ်သွားပြီလို့ ဆိုလိုတာပဲ"

လင်းဟွမ် ခန့်မှန်းလိုက်ကာ

"ဒါကောင်းတယ်၊ ငါလည်း သက်သေပြစရာ မလိုတော့ဘူး"

လင်းဟွမ်သည် ထိုနေရာမှ မထွက်ခွာခင် သဲလွန်စတစ်ခုမှ မကျန်ခဲ့ကြောင်း သေချာစေရန်

လှည့်ပတ် စစ်ဆေးခဲ့သေးသည်။ ထို့နောက် စိမ်းဖန့်ဖန့်မိုကြိုး သိမ်းငှက်ကို ဆင့်ခေါ်ကာ ထွက်ခွာသွားသည်။

သူ ထွက်သွားပြီး မကြာခင် အမှောင်ထဲမှ အရိပ်တချို့သည် ဂိုဒေါင်ထံ ပြေးလာကြသည်။ ထိုလူများသည် ပေါက်ကွဲသံကြား၍ လာခဲ့ကြသော အနီးအနားရှိ သာလွန်လူသားများ ဖြစ်သော်လည်း ထိုနေရာမှ မည်သည့်အရာကိုမျှ ရှာဖွေတွေ့ရှိခြင်း မရှိသဖြင့် ပြန်လည် ထွက်ခွာသွားကြသည်။

လင်းဟွမ်သည် သိုင်းပညာ မုဆိုးကောလိပ်ရှိ အဆောင်သို့ တန်းပြန်သွားသည်။

"အစ်ကို၊ ဒီနေ့ ဘာဖြစ်လို့ စောစော ပြန်လာတာလဲ"

လင်းဟွမ်သည် (၁၂) နာရီကျော်မှ ပြန်ရောက်လေ့ရှိပြီး ယခုမူ (၁၁) နာရီပင် မထိုးသေးသောကြောင့် လင်းရှင် မေးလိုက်သည်။

"ဖက်တီးသေပြီ..."

လင်းဟွမ်သည် ဆိုဖာပေါ်တွင် ထိုင်ချလိုက်ပြီး အချိန် အတော်ကြာသည့်အထိ စကား မပြောနိုင်ခဲ့ပေ။

"အစ်ကို ဖက်တီး သေပြီလား"

လင်းရှင် တုန်လှုပ်သွားသည်။ ဤကဲ့သို့ သတင်းမျိုး ကြားရလိမ့်မည်ဟု မထင်ထားခဲ့ပေ။

ထို့နောက် လင်းဟွမ်က အဖြစ်အပျက်များကို ပြန်ပြောပြလိုက်သည်။

"မနက်ဖြန်ကျရင် ဖက်တီးရဲ့ အလောင်းနဲ့ ကျန်ခဲ့တဲ့ပစ္စည်းတွေကို သူ့မိသားစုဆီ အရောက်ပို့ပေးရမယ်"

လင်းဟွမ်က တိုးတိုးလေး ပြောလိုက်ချိန်တွင်

"ငါ လိုက်ခဲ့မယ်။"

လင်းရှင်သည် လင်းဟွမ်၏ အခြေအနေကို စိုးရိမ်နေသည်။

"ဒါ ကောင်းတယ်။ ကျန်းမိန်မိန်က အဖြူရောင်မြို့တော်ကိုတောင် လာနိုင်တဲ့အတွက်

မင်းတစ်ယောက်တည်း ဒီမှာကျန်ခဲ့တာက အန္တရာယ်များတယ်"

## အခန်း(၄၀၆) - ယင်မိသားစုမှ အဘွားအို။

ဖက်တီး၏ ဇာတိမြို့သည် ပချီမြို့ လက်အောက်ရှိ ဝူလင်မြို့ကဲ့သို့ (ဒီ) အဆင့်သာ ရှိသည့် ဝပ်ကျင်းဖြစ်သော နန်းမူမြို့ပင်။

ပချီမြို့မှ ကီလိုမီတာ (၁,၃၀၀) နီးပါးခန့်ဝေးသည်။ လင်းဟွမ်သည် မနက်စာ စားပြီးနောက် လင်းရှင်ကို ပချီမြို့သို့ ခေါ်ဆောင်သွားသည်။ ထို့နောက် မိုးကြိုး

သိမ်းငှက်ကို စီးပြီး နန်းမူမြို့သို့ ဦးတည်သွားကြသည်။

မနက်ရှစ်နာရီ ထိုးသောအခါ မြို့ကို ရောက်လာခဲ့ကြကာ မိုးကြိုးသိမ်းငှက်၏ အသွင်အပြင်ကြောင့် လူအများက အာရုံစိုက်နေကြသည်။

လင်းဟွမ်သည် ယင်မိသားစု နေအိမ်ကို အလွယ်တကူ သိရှိပြီးနောက် မိုးကြိုးသိမ်းငှက်ကို ပြန်သိမ်းလိုက်သည်။

ဝပ်ကျင်းသည် သေးငယ်သည်ဟု ဆိုသော်လည်း ဝူလင်မြို့ထက် အနည်းငယ် ပိုကြီးသည်။

လင်းဟွမ်သည် အစိမ်းရောင် ဝံပုလွေကို မဆင့်ခေါ်တော့ဘဲ လင်းရှင်နှင့်အတူ ခြေလျင်လျှောက်ကာ ယင်မိသားစု နေအိမ်သို့ သွားလိုက်သည်။

လမ်း၌လင်းဟွမ်သည် သတင်းကို မည်ကဲ့သို့ ပြောရမလဲ ဆိုသည်ကို တွေးတောနေစဉ် လင်းရှင်က စကားတစ်ခွန်းမှ မပြောဘဲ လိုက်ပါလာခဲ့သည်။

သူမသည် အမြဲတမ်းလိုလို ပျော်ပျော်ရွှင်ရွှင် နေတတ်သော်လည်း အရိပ်အခြေ မသိခြင်း မဟုတ်ပေ။

ခုနစ်မိနစ်၊ ရှစ်မိနစ်ခန့် ကြာသောအခါ ကြီးမားသော ခြံဝင်းကြီးတစ်ခုသို့ ရောက်ရှိလာသည်။ ယင်မိသားစုသည် မြို့ထဲ၌ ချမ်းသာသော မိသားစုတစ်ခု ဖြစ်သည့်မှာ အထင်အရှားပင်။ ခြံဝင်းသည် အနည်းဆုံး စတုရန်းမီတာ တစ်ထောင်ခန့် ကျယ်ဝန်းသည်။

ဝင်ပေါက်သည် အနက်ရောင်သစ်သား တံခါးဖြစ်ပြီး သော့ခတ်ထားကာ မနီးမဝေး လေသာဆောင် တစ်ခုထဲတွင် အဘိုးအိုတစ်ဦး ထိုင်နေသည်။

"ဘာလိုချင်လို့လဲ"

အဘိုးအိုက သူတို့နှစ်ယောက်ကို မြင်လိုက်လျှင် မတ်တပ်ထရပ်ပြီး

"ဒါက ယင်မိသားစု အိမ်တော်လား။ ငါက ယင်ဟွာကျင်းရဲ့ သူငယ်ချင်းပါ။ ဒါက ငါ့ညီမ။

ယင်ပွှာကျင်းက သူ့အဘွားကြီးကို တွေ့ရအောင် ဒီကိုလာခိုင်းလို့ပါ"

လင်းဟွမ်က ယဉ်ကျေးစွာ ရှင်းပြလိုက်သောအခါ

"သခင်လေးရဲ့ မိတ်ဆွေလား။ အိမ်တော်ထိန်းကို အကြောင်းကြားဖို့ ခဏ စောင့်ပေးပါ။"

အဘိုးအိုသည် ထိုသို့ပြောပြီးနောက် စပီကာတစ်ခုကို လှမ်းကိုင်၍ ပြောလိုက်ပြီးနောက် တံခါးဖွင့်ပေးသည်။

"ကျေးဇူးပြုပြီး ဝင်လာခဲ့ပါ။ အိမ်တော်ထိန်းက မင်းတို့ကို စောင့်နေပါတယ်"

အဘိုးအိုက တံခါးဖွင့်ပေးပြီး သူတို့နှစ်ယောက်ကို ပြုံးပြကာ ပြောလိုက်သည်။

ထို့နောက် လင်းဟွမ်တို့သည် ခြံဝင်းထဲသို့ လျှောက်သွား ကြသည်။ အနက်ရောင် ဝတ်ဆင်ထားသော လူလတ်ပိုင်း အမျိုးသားတစ်ယောက်က ဝင်ပေါက်တွင် ရှိနေပြီး သူတို့ကို ခေါင်းညိတ် ပြသည်။ သူသည် ယင်မိသားစု၏ အိမ်တော်ထိန်းပင်။

"ကျေးဇူးပြုပြီး ညှော့ခန်းထဲ လိုက်ခဲ့ပါ။"

အိမ်တော်ထိန်းက သူတို့နှစ်ယောက်ကို ခန်းမ ဘယ်ဘက်ခြမ်းကို ခေါ်သွားပြီး ညှော့ခန်းကို ဦးတည်သွားလိုက်သည်။

ညှော့ခန်းထဲ ရောက်သောအခါ အိမ်တော်ထိန်းက လက်ဖက်ရည် ချပေးပြီး ပေါ့ပေါ့ပါးပါး မေးလိုက်သည်။

“မင်းတို့နှစ်ယောက်ကို ဘယ်လို ခေါ်ရမလဲ”

"ငါ့နာမည်က လင်းဟွမ်၊ ဒါက ငါ့ညီမ လင်းရှင်"

လင်းဟွမ်က ပြောလိုက်သည်။

"ဩော် မစ္စတာ လင်းဟွမ်ကိုး။ သခင်လေးက မင်းအကြောင်း အမြဲတမ်း ပြောပြတယ်။ မင်းက အရည်အချင်းရှိပြီး ငယ်ငယ်ရွယ်ရွယ်နဲ့ အများကြီး အောင်မြင်နေတယ်လို့ ငါတို့ကို ပြောပြဖူးတယ်"

အိမ်တော်ထိန်းသည် လင်းဟွမ်က မည်သူမည်ဝါ ဖြစ်ကြောင်း အတည်ပြုပြီးသည်နှင့် အလွန် ဖော်ရွေလာသည်။

"ဒီနေ့ မစ္စတာ လင်းဟွမ်နဲ့ မစ္စလင်းရှင်တို့ ဘာဖြစ်လို့ ရောက်လာတာလဲလို့ တွေးနေမိတာ"

အိမ်တော်ထိန်းက လက်ဖက်ရည် ကမ်းပေးရင်း ပြောလိုက်သည်။

“ဟွာကျင်းက သူ့အဖွားနဲ့ တွေ့ဆုံဖို့ တောင်းဆိုထားလို့ပါ"

လင်းဟွမ်သည် မိသားစု ခေါင်းဆောင်ကို သတင်းပေးခြင်းက အကောင်းဆုံးဖြစ်ကြောင်း သိနေသည်။

"သြော် ဒါလား။ သူမက နိုးပြီး မနက်စာ စားနေပြီ၊ ငါ အကြောင်း ကြားလိုက်မယ်။ ခဏစောင့်ဦး။"

အိမ်တော်ထိန်းသည် ထပ် မမေးတော့ဘဲ ခွင့်တောင်းလိုက်သည်။

"အစ်ကိုဖက်တီးက တော်တော် ချမ်းသာတာပဲ။"

လင်းရှင်က ပြုံးပြီး ပြောလိုက်သည်။

"ဒါက သူ့အဖေရဲ့ ကြိုးစားမှုပါ။ အခု သူ့အဖေနဲ့ ဖက်တီး မရှိတော့ဘူးဆိုတော့ လုပ်ငန်းတွေ လည်ပတ်ဖို့ ခက်လိမ့်မယ်။ လူတော်တော်များများက ဖက်တီးရဲ့ ဖေဖေ ဟင်းချက်နည်းကြောင့် စားသောက်ဆိုင်ကို သွားကြတာ။ ဖက်တီးက သူ့အဖေစွမ်းရည်ရဲ့ ခြောက်ဆယ် ရာခိုင်နှုန်းလောက်

အမွေ ဆက်ခံထားတယ်။ ယင်မိသားစုထဲမှာ သူတို့လောက် ဘယ်သူမှ ဟင်းချက် မကောင်းကြဘူး..."

လင်းဟွမ်သည် ဖက်တီးက သူ့ကိုဝယ်ခိုင်းပြီး ဘာကြောင့် အခြားသူများကို မရောင်းချင်ရလည်း ဆိုသည်ကို သိနေသည်။

"ဟိုတယ်ဝင်ငွေသာ မရှိရင် မိသားစုရဲ့ နေထိုင်မှုပုံစံကို ဆက်လက် ထိန်းသိမ်းထားဖို့ ခက်လိမ့်မယ်။"

လင်းရှင်က သတိထားမိလိုက်သည်။

"ဒါဆိုရင်တော့ ဖက်တီး သေဆုံးသွားတာကို သိတာနဲ့ သူတို့က ဥဒဏ်ကောင်းရင် ဟိုတယ်ကို ပြန်ရောင်းမှာပဲ။ သူတို့သာ ဆက်ပြီး စီမံခန့်ခွဲနေရင် ပိုက်ဆံတွေပဲ ဆုံးရှုံးနေမှာ သေချာတယ်။ အခုလက်ရှိက ပိုက်ဆံ ဝင်နေတုန်း ဆိုတော့ စောစောရောင်းလိုက်တာက ပိုကောင်းမယ်။"

လင်းဟွမ်လည်း ကူကယ်ရာမဲ့စွာ ခေါင်းညိတ်လိုက်သည်။

" အစ်ကိုက ဘာဖြစ်လို့ ဟိုတယ်ကို မဝယ်တာလဲ။ စားဖို့မှူးကောင်းတွေ ရှိလာရင်

ငါတို့လည်း ထူးခြားတဲ့ ဟင်းပွဲတွေ စားလို့ရတယ်လေ။ အလုပ်အများကြီး မဖြစ်ရင်တောင် အနည်းဆုံးတော့ ပိုက်ဆံ ဆုံးရှုံးမှာမဟုတ်ဘူး"

လင်းရှင်က အကြံပြုလိုက်လျှင်

"ဖက်တီးကလည်း ဝယ်ဖို့ မျှော်လင့်နေတာပဲ။ ဒါပေမဲ့ ငါ့ဘက်က စလုပ်ဖို့ ဖြစ်နိုင်ဘူး။"

လင်းဟွမ် စိတ်ထဲမှ တွေးလိုက်မိသည်။ ဒါသည် ယင်မိသားစုကို ကူညီရန် ကြိုးစားရမည့်အစား မသာအိမ်ပေါ်တက်ပြီး ဖဲတက်ရိုက်သလို ဖြစ်နေမှန်း လင်းဟွမ် သိနေသည်။

လက်ဖက်ရည် နှစ်ခွက် သောက်ပြီးနောက် အိမ်တော်ထိန်း ပြန်ရောက်လာသည်။

"ကျေးဇူးပြုပြီး အဖွားဆီ လိုက်ခဲ့ပေးပါ။"

လင်းဟွမ်တို့ နှစ်ယောက်သည် သူ့နောက်မှ လိုက်သွားပြီး ဒုတိယထပ်ကို တက်သွားသည်။ အခန်းထဲ ဆိုဖာပေါ်တွင် အမျိုးသမီး နှစ်ယောက် ကြားထဲ၌ တစ်ခေါင်းလုံး ဆံပင်ဖြူနေသော အဘွားအို တစ်ယောက် ရှိနေသည်။ လင်းဟွမ်က သူမတို့က ဖက်တီး၏ အဒေါ်တွေ ဖြစ်နိုင်ကြောင်း ခန့်မှန်းလိုက်သည်။

အဘွားအိုက သူတို့နှစ်ယောက်ကို လက်ပြ နှုတ်ဆက်လိုက်ကာ

"မင်းတို့ နှစ်ယောက်က ဟွာကျင်းရဲ့ သူငယ်ချင်းတွေဆိုတော့ အားမနာနဲ့ ထိုင်ကြကွယ်။ ကိုယ့်အိမ်ကိုယ့်ရာလို သဘောထား"

"မင်္ဂလာပါ အဘွား၊ မင်္ဂလာပါ အန်တီ"

လင်းဟွမ်က သူတို့ သုံးယောက်လုံးကို နှုတ်ဆက်လိုက်သည်။ အိမ်တော်ထိန်းက လက်ဖက်ရည် ချပေးပြီးနောက် ပြန်ထွက်သွားသည်။

လင်းဟွမ်သည် ဆိုဖာနှင့် မနီးမဝေးရှိ ကုလားထိုင်ပေါ်တွင် သက်တောင့်သက်သာ ထိုင်ချလိုက်သော်လည်း လင်းရှင်ကမူ အနည်းငယ် စိတ်မသက်မသာ ဖြစ်နေသည်။

"မင်းက လင်းဟွမ်ဆို၊ အိမ်တော်ထိန်းဆီက ငါ ကြားထားတယ်။"

အဘွားကြီးက ရယ်မောပြီး ပြောလိုက်သည်။

"ဟုတ်၊ ကျွန်တော်က လင်းဟွမ်ပါ၊ ဒါက ကျွန်တော့်ညီမ လင်းရှင်"

"ဟွာကျင်းက မင်းအကြောင်းတွေကို အရင်ကတည်းက ပြောဖူးတယ်။ မင်းက သူ့အသက်ကို တစ်ခါ ကယ်ဖူးပြီး အစွမ်းအစရှိတဲ့ ပါရမီရှင် တစ်ယောက်လို့လည်း ပြောတယ်ကွဲ့"

အဘွားအိုက ချီးကျူးလိုက်သည်။

“ဟွာကျင်းက နောက်နေတာပါ...”

လင်းဟွမ်သည် သူ့အကြောင်းကို ဤကဲ့သို့ ပြောထားလိမ့်မည်ဟု မထင်ထားခဲ့ပေ။

"အင်း ဟုတ်ပြီ၊ ငါ မင်းကို မိတ်ဆက်ပေးအုံးမယ်။ ငါက ဟွာကျင်းရဲ့ အဘွား။ ဒီနှစ်ယောက်က ဟွာကျင်းရဲ့ အဒေါ်တွေ"

အဘွားအိုသည် သူတို့သုံးယောက်က သူတို့ကိုယ်သူတို့ မိတ် မဆက်ရသေးကြောင်း ရုတ်တရက် သဘောပေါက်သွားသည်။

"ဟွာကျင်းမှာ ရည်းစား ရှိနေပြီဆိုတာ မင်းသိလား။ ကောင်မလေးက လှပါတယ်။ ဒါပေမဲ့ ဟွာကျင်းကို တကယ် မချစ်မှာဘဲ စိုးရိမ်မိတာ”

"စဉ်းစားကြည့်လေ။ သူမက အရမ်းလှတယ်ဆိုတော့ ဟွာကျင်းရဲ့ ဘယ်အပိုင်းက သူ့ကိုဆွဲဆောင်နိုင်မှာလဲ။ မင်းသူငယ်ချင်ကို ငါတို့ကိုယ်စားသတိပေးပါအုံးကွယ်။ ငါတို့က သူ့ကို လှည့်စားမခံရစေချင်ဘူး"

အဘွားအိုက စကားစ မပြတ်အောင် အဆက်မပြတ် ပြောနေတော့သည်။ နောက်ဆုံး၌ လင်းဟွမ်သည် ဖက်တီး၏ စကားတတ်သော အမွေသည် မည်သည့်နေရာက လာလဲ ဆိုသည်ကို သိလိုက်သည်။

ထိုစဉ် အဒေါ်တစ်ယောက်က စကားဖြတ်ပြီး

"မေမေ၊ ကိုယ့်အကြောင်းချည်းပဲ ပြောမနေနဲ့အုံး။ ဟွာကျင်းက ခရီးထွက် နေတဲ့အချိန်မှာ သူ့သူငယ်ချင်းကို ဒီကို လာခိုင်းတယ်ဆိုတော့ အရေးကြီးကိစ္စ တစ်ခုခု ရှိလိမ့်မယ်"

"ငါ့ကို ကြည့်ပါအုံး၊ အရေးကြီးတာ မေ့နေပြီကွယ်။ ဟွာကျင်းက ငါတို့ကို အရေးတကြီး ပြောစရာရှိလို့လား"

အဘွားအိုက မေးလိုက်သဖြင့်

လင်းဟွမ်သည် သတင်းကို မည်သည့်နေရာမှ စပြောရမှန်း မသိသဖြင့် ဒုက္ခ ရောက်နေသည်။

ယခုမူ သူမတို့သုံးယောက်က သူ့ကို မျှော်လင့်တကြီး ကြည့်နေကြသဖြင့် ဘယ်လို ပြောရမှန်းပင် မသိတော့ချေ။

အဘွားအိုသည် လင်းဟွမ်၏ အမူအရာ မှတစ်ဆင့် တစ်ခုခု မှားယွင်းနေကြောင်း သတိထားမိပုံရကာ

"လင်းဟွမ်။ ဟွာကျင်း တစ်ခုခု ဖြစ်လို့လား"

အဘွားအိုက ဂရုတစိုက် မေးလိုက်သည်။ လင်းဟွမ်၏ တိတ်ဆိတ်မှုက အခြေအနေကို အနေရခက်စေသည်။

"ပြောပါ၊ ငါ နားထောင် နိုင်ပါတယ်"

အဘွားအိုက အသက် ခပ်ပြင်းပြင်းလေးရှူပြီး လင်းဟွမ်ကို ခေါင်းညိတ်ပြကာ သူ့မမျက်လုံးထဲမှ မျက်ရည်များ စီးကျလာသည်။ ဘာတွေဖြစ်ခဲ့လည်း ဆိုသည်ကို သိနေပုံပင်။

"တောင်းပန်ပါတယ် ။ ဟွာကျင်း သေပြီ..."

လင်းဟွမ်က ကြောက်စရာ ကောင်းသော အမှန်တရားကို ထုတ်ဖော် ပြောဆိုလိုက်သည်။

## အခန်း(၄၀၇) - အသုဘ

“ဟွာကျင်း သေပြီ...''

အဘွားအို၏ မျက်လုံးနှင့် မျက်နှာသည် ညှိုးကျသွားသော်လည်း လင်းဟွမ် မျှော်လင့်ထားသည်ထက် ပို၍ တည်ငြိမ်နေသည်။ သူမက ထိုသတင်းကို တောင့်မခံနိုင်မှာ စိုးရိမ် နေခဲ့သော်လည်း သူမက ထင်ထားသည်ထက် များစွာ တည်ငြိမ်နေခဲ့သည်။

“ဒါ ငါ့အပြစ်ပဲ…”

အဘွားအိုသည် သူမ၏ပေါင်ကို ခပ်ပြင်းပြင်း ရိုက်ပြီး ရင်ထုမနာ ရေရွတ်လိုက်သည်။

"မေမေ၊ ဒီလို မပြောပါနဲ့"

"အဲဒါ အမေနဲ့ ဘာမှမဆိုင်ဘူး"

ဟွာကျင်း၏ အဒေါ်နှစ်ယောက်က အဘွားအိုကို ပိုပြီး မနာကျင်စေရန် ဝိုင်း၍ နှစ်သိမ့်ပေးနေကြသည်။

လင်းဟွမ် နှင့် လင်းရှင် တို့နှစ်ယောက် အံ့အောသင့်နေကြသည်။

"ဘယ်လိုလုပ်ပြီး ငါ့အပြစ် မဟုတ်ရမှာလဲ။ ဗေဒင်ဆရာက ငါက ဒီမိသားစုအတွက် မကောင်းဘူးလို့ ပြောထားတယ်။ ငါ့ခင်ပွန်း နှစ်ယောက်လည်း သေသွားပြီ။ အခု ငါ့သား နှစ်ယောက်၊ ချွေးမ တစ်ယောက်၊ မြေး နှစ်ယောက်လည်း သေပြီ၊ ငါသာ သေသွားခဲ့ရင် ဘယ်သူမှ ဒီလို အဖြစ်ဆိုးမျိုးနဲ့ ကြုံရမှာ မဟုတ်ဘူး"

အဘွားအိုက ငိုယိုပြီး ကိုယ့်ကိုယ်ကို အပြစ်တင်နေရှာသည်။

ယခုမှ နောက်ဆုံး၌ လင်းဟွမ် နှင့် လင်းရှင်တို့သည် ဘာကြောင့် သူမက သူမကိုယ်သူမ အပြစ်တင်နေရလဲ ဆိုသည်ကို နားလည်သွားသည်။

"ဘာဖြစ်တာလဲ လင်းဟွမ် ၊ ဟွာကျင်းက သူ့ကောင်မလေးနဲ့ ခရီးသွားနေတာလေ။ ဘယ်လို ဖြစ်တာလဲ"

အဒေါ် တစ်ယောက်က စကားလမ်းကြောင်း ပြောင်းပြီး လင်းဟွမ်ကို မေးလိုက်သည်။

"ဟွာကျင်းနဲ့ သူ့ကောင်မလေးက အဖြူရောင်မြို့တော်မှာ ပြန်ပေးဆွဲခံရတယ်။ ငါ ရောက်သွားတော့ အရမ်း နောက်ကျသွားပြီ။ ရောက်သွားတဲ့ အချိန်မှာ ဟွာကျင်းက မသေ သေးပေမယ့် ကယ်လို့ မရတော့ဘူး"

လင်းဟွမ်က အမှန်တရား ဖုံးကွယ်ပြီး ပြောလိုက်သည်။ ယင် မိသားစုက ထိုလူယုတ်မာ အဘွားကြီးအကြောင်း သိတာ နည်းလေလေ အန္တရာယ် ကင်းလေလေပင်။

အမှန်အတိုင်း ပြောလိုက်ပါက လက်စားချေရန် ကြိုးစား ကြလိမ့်မည်။ ထိုသို့ လက်းစားချေရန် ကြိုးစားမှုပါက လူယုတ်မာအဘွားကြီး သိသွားပြီး မျိုးနွယ်တစ်ခုလုံး ပျက်သုန်း သွားနိုင်သည့် ဘေးအန္တရာယ်ကြီး တစ်ခု ဖြစ်လာလိမ့်မည်။

"ပြန်ပေး ဆွဲခံရတာလား၊ ဘာဖြစ်လို့ ငါတို့ဆီက လူပြန်ရွေးဖို့ ငွေ မတောင်းတာလဲ။"

ဟွာကျင်း၏အဒေါ်က မေးလိုက်သောအခါ

"ပြန်ပေးဆွဲတဲ့ လူတွေက ပိုက်ဆံ မလိုချင်ဘူး။ သူတို့က ကိစ္စ တစ်ခုခုကြောင့် ကျန်းမိန်မိန်ရဲ့

နောက်ကို လိုက်လာကြတာ။ ကျန်းမိန်မိန်က အဖွဲ့ခွဲ(၇) ရဲ့ အပြင်က တော်ဝင် မျိုးနွယ်ပဲ။ ဒါကြောင့် အဖွဲ့ခွဲ (၇) မရောက်ခင် ကတည်းက ပစ်မှတ်ထား ခံနေရတာ။ ကံဆိုးတာက ကျန်းမိန်မိန်ရဲ့ မိသားစုက ပြန်ပေးဆွဲတဲ့ လူတွေနဲ့ အဆင်ပြေအောင် မညှိနိုင်လို့ နှစ်ယောက်စလုံး သေဆုံး သွားတယ်။ ကျန်းမိန်မိန်ရဲ့ အလောင်းကိုတော့ သူမ မိသားစုက သိမ်းသွားပြီး ဟွာကျင်းရဲ့ အလောင်းကတော့ သိုလှောင် လက်စွပ်ထဲမှာ ပါလာတယ်။"

လင်းဟွမ်သည် ကျန်းမိန်မိန်၏ မိသားစုက အဖွဲ့ခွဲ(၇) အပြင်ဘက်က တော်ဝင်မိသားစု ဖြစ်ကြောင်း တမင်သက်သက် ပြောဆိုလိုက်သည်။

ယင်မိသားစုသည် သာမန်မိသားစုသာ ဖြစ်သောကြောင့် ထိုကိစ္စကို စုံစမ်းရန် သူတို့အတွက် ခက်ခဲသည်။ သူတို့က အဖွဲ့ခွဲ (၇) အပြင်ဘက်သို့ ထွက်ရန် ကံကြမ္မာ သလင်းကျောက် ပမာဏများစွာ လိုအပ်လိမ့်မည်။

တစ်နှစ်စာ ကံကြမ္မာ သလင်းကျောက် တန်ဖိုးသည် အကျိုးဆောင်အမှတ် တစ်သန်းနှင့်

ညီမျှသည်။ အနီးဆုံး ဖြစ်သည့် အဖွဲ့ခွဲ (၈) သို့မဟုတ် အဖွဲ့ခွဲ (၆) သို့သွားလျှင်ပင် လူတစ်ယောက်အတွက် ကံကြမ္မာသလင်းကျောက် ထောင်ပေါင်းများစွာ ကုန်ကျသည်။

နှလုံးသားကွန်ရက်သည် အဖွဲ့ခွဲ တစ်ခုချင်းစီတွင် သီးခြားစီ လည်ပတ်သည်။ အဆင့်အတန်း တစ်ခုရှိသော လူများကသာ အဖွဲ့ခွဲ တစ်ခုစီ၏ အချက်အလက်များကို သီးခြား ခွဲထုတ်နိုင်သည်။ သာမန်လူများက သူတို့ နေထိုင်သော အဖွဲ့ခွဲနှင့် ပတ်သက်သည့် သတင်း

အချက်အလက်များကိုသာ လက်ခံ ရရှိကြသည်။ အခြားအဖွဲ့ခွဲများမှ အကြောင်းကို မသိကြပေ။ အခြေခံအားဖြင့် သူတို့သည် သူတို့ ဘဝ တစ်လျှောက်လုံး အခြားအဖွဲ့များ အကြောင်းကို ဘာမှ မသိကြပေ။

ဖက်တီးက လောကကြီး အကြောင်းကို သူသိသလောက် လက်လှမ်းမှီသလောက် သူ့အဘွားနှင့် အခြားသူများကို အမြဲတမ်းပြောပြ နေခဲ့သောကြောင့် လင်းဟွမ်၏စကားကို ယုံကြည်ကြသည်။

သူတို့နှစ်ယောက် အတူတူ ရိုက်ထားသော ဓါတ်ပုံကိုလည်း မြင်ဖူးသောကြောင့် လင်းဟွမ်ကို မည်သူမျှ သံသယ မဖြစ်ကြပေ။

"ဟွာကျင်းရဲ့ အလောင်းကို ကြည့်လို့ရမလား။"

အဘွားအိုသည် ဝမ်းနည်းစွာ ငိုကြွေးနေသော်လည်း စကားကို ပီသစွာ ပြောနိုင်သေးသည်။

လင်းဟွမ်က ခေါင်းညိတ်ပြီး ဖက်တီးအလောင်းကို ထုတ်ယူလိုက်သည်။ အလောင်းကို ဧည့်ခန်းထဲရှိ ကော်ဇောပေါ်တွင် ချလိုက်လျှင် အဒေါ်များက

ခပ်မြန်မြန် လှမ်းကြည့်ကြပြီး အဘွားအိုက တည်ငြိမ်စွာ မတ်တပ် ထရပ်လိုက်သည်။

လက်ကိုင်တုတ်ကို အသုံးပြု၍ ဟွာကျင်း၏ အလောင်းနားသို့ ဖြည်းဖြည်းခြင်း လျှောက်သွားသည်။

ဖက်တီး၏မျက်နှာသည် ရောင်ကိုင်း နေသဖြင့် လူရုပ် မပေါ်တော့သော်လည်း အဘွားအိုက သူ့မြေး ဟွာကျင်းဖြစ်ကြောင်း မှတ်မိသည်။

"ဟွာကျင်း.."

အဘွားအိုသည် လမ်းလျှောက်တုတ်ကို လွှတ်ချပြီး ဒူးထောက် လိုက်သည်။ ဖက်တီး၏ ခေါင်းကို ချစ်ခင်ကြင်နာစွာ ထိတွေ့နေပြီး ဝမ်းနည်းနေရှာသည်။

"ဘာဖြစ်လို့ ဒီလိုမျိုး ထားခဲ့ရတာလဲ။ မင်းက အစားအသောက် မုဆိုး ဖြစ်ချင်တယ်ဆို၊ အဖွားအတွက် အရသာရှိတဲ့ ဟင်းပွဲတွေကို မွန်းစတားတွေနဲ့ ဖန်တီးပေးမယ်လို့ မင်းပြောခဲ့တယ် မဟုတ်ဘူးလား"

အဘွားအိုသည် ဖက်တီးနှင့် စကားပြောနေရင်း ငိုချင်စိတ်ကို မထိန်းနိုင်တော့ချေ။ လင်းရှင်က တိတ်တိတ်လေး မျက်ရည်သုတ်နေပြီး လင်းဟွမ်၏ မျက်လုံးများကလည်း နီရဲနေသည်။ ဘေးနားရှိ ဟွာကျင်း၏ အဒေါ်များကလည်း ငိုယိုနေကြသဖြင့် အခြေအနေက ဝမ်းနည်းကြေကွဲဖွယ် ကောင်းနေသည်။

မိနစ် (၂၀) ခန့်ကြသောအခါ အဘွားအိုသည် တည်ငြိမ်လာပြီး မျက်ရည်များ သုတ်လိုက်ကာ လင်းဟွမ်ကို ကြည့်လိုက်သည်။

“ပွာကျင်းရဲ့ မျက်နှာ"

"သူ မသေခင် နှိပ်စက်ညှဉ်းပန်း ခံခဲ့ရတယ်။ ကျန်းမိန်မိန်ကို ကာကွယ်ပေးခဲ့လို့ ဖြစ်လိမ့်မယ်။ ကျန်းမိန်မိန်ရဲ့ မျက်နှာမှာလည်း ဓါးအစင်းရာကြီး တစ်ခုရှိတယ်"

လင်းဟွမ်က ခေါင်းညိတ်ပြီး ရှင်းပြလိုက်သည်။

"ပွာကျင်းက သူ့အဖေနဲ့ သူ့ရဲ့ ဟင်းချက်နည်းတွေ ကျွန်တော့်ဆီ ပေးလိုက်တယ်။ အဲဒါတွေက သူကျန်ခဲ့တဲ့ ပစ္စည်းတွေပဲ။ အဲဒါကိုလည်း တစ်ခါတည်း ပေးပါ့မယ်”

လင်းဟွမ်က အဘွားအိုကို ပြောလိုက်သည်။

"သူ... မသေခင်မှာ တစ်ခုခု ပြောခဲ့သေးလား"

အဘွားအိုက မေးလိုက်သည်။

"သူ့မှာ သူ့ကိုချစ်တဲ့ အဖွားတစ်ယောက် ရှိသလို အဖေတစ်ယောက်လည်း ရှိတယ်။ သူ့ဘဝရဲ့အချစ်စစ်ကိုလည်း ရှာတွေ့ခဲ့တော့ နောင်တရစရာ မရှိတော့ဘူးတဲ့"

လင်းဟွမ်က ဖက်တီးပြောခဲ့သည့် စကားများကို ပြန်ပြောလိုက်သည်။

အဘွားအိုသည် ဒီစကားကို ကြားပြီးနောက် နောက်တစ်ကြိမ် ငိုရှာသည်။

လင်းဟွမ်သည် ဘေးနားတွင် ရပ်နေခဲ့ပြီး သူတို့ စိတ်တည်ငြိမ်လာမည့် အချိန်ကို စောင့်ဆိုင်းရင်း အခြား ဘာမှ ထပ်မပြောတော့ပေ။

ဆယ်မိနစ်ခန့် ကြာသောအခါ အဘွားအို တည်ငြိမ်လာသည်။ လမ်းလျှောက်တုတ်ကို ကိုင်၍ သမီးများ၏ အကူအညီနှင့် မတ်တပ်ထရပ် လိုက်သည်။

## အခန်း(၄၀၈) - တန်ဖိုးဖြတ်ခြင်း။

အနုပညာလက်ရာ တစ်ခုကဲ့သို့ ဆွဲဆောင်မှုကောင်းပြီး ခမ်းနားထည်ဝါသော အဖွဲ့ခွဲ (၂) ရှိ ရောမရဲတိုက်ကြီးထဲတွင်......

အသက် သုံးဆယ်ကျော်အရွယ် ခရမ်းရောင်ဝတ်စုံဝတ်ထားသော အမျိုးသမီး တစ်ယောက်သည် တစ်ခုတည်းသော ဆိုဖာထိုင်ခုံပေါ်တွင် ထိုင်နေပြီး သူမ၏ညာလက်က အရိုးခေါင်းခွံကို ပွတ်သပ်နေသည်။

အနက်ရောင် ဝန်ထမ်း အင်္ကျီကို ဝတ်ဆင်ထားသော အိမ်တော်ထိန်းနှင့် တူသည့် အမျိုးသား တစ်ယောက်က သူမ၏ အခန်းတံခါးကို သုံးကြိမ် ခေါက်လိုက်လျှင်

"ဘာလဲ"

အမျိုးသမီးက နောက်လှည့်ပြီး အိမ်တော်ထိန်းကို ကြည့်လိုက်သည်။

"အဘွား.....၊ လီလီရဲ့ စက်ရုပ်လူသားက တစ်ခုခု မှားနေပြီ"

အိမ်တော်ထိန်းက ခေါင်းအနည်းငယ် ညွတ်၍ အရိုအသေပေးရင်း ပြောလိုက်သည်။

"အဲ့ကောင်မလေးနဲ့ ဆက်သွယ် ခဲ့လာတာလား"

ခရမ်းရောင်ဝတ်စုံ ဝတ်ထားသော အမျိုးသမီးက မျက်ခုံးပင့်ပြီး မေးလိုက်သည်။

"မဟုတ်ပါဘူး။ ဒါပေမဲ့ ဓါတ်ခွဲခန်းထဲက လူတစ်ယောက်က သူမရဲ့ လူသားစက်ရုပ် အချက်ပြမှု ပျောက်သွားပြီလို့ ပြောပါတယ်။ ဓာတ်ခွဲခန်းရဲ့ ပြောစကားအရ သူ့ဘာသာသူ

ဖျက်ဆီးခဲ့တာ ဖြစ်ဖို့ များပေမယ့် အချက်ပြမှုကလည်း တစ်ခုခု လွဲချော်နိုင်ပါတယ်”

အိမ်တော်ထိန်းက ရှင်းပြသည်။

“ကောင်မလေးက ဘယ်နေရာမှာ နောက်ဆုံး ပေါ်လာခဲ့တာလဲ”

အမျိုးသမီးက မေးလိုက်သည်။

“အဖွဲ့ခွဲ (၇) အဖြူရောင်မြို့တော်”

“ဒါဆိုရင် သူမက တာဝန်ကျရှုံး ခဲ့တယ်လို့ ပြောနိုင်တယ်”

ခရမ်းရောင် ဝတ်စုံဝတ်ထားသော အမျိုးသမီးက မျက်လုံးမှေးပြီး ပြောလိုက်သည်။

"မေမေ လီလီကို လင်းဟွမ် သတ်လိုက်တယ်လို့ ပြောချင်တာလား။ ဒါက ဘယ်လို ဖြစ်နိုင်မှာလဲ"

အမျိုးသမီး လက်ထဲမှ အရိုးခေါင်းခွံက လှမ်းအော်သည်။

"ဒီကောင် လွန်ခဲ့တဲ့တစ်နှစ်က သံအဆင့်ပဲ ရှိသေးတယ်။ လီလီက လေ့ကျင့်ရေးပြီးသွားလို့ အဖြူရောင် မီးလျှံအဆင့် ရောက်နေပြီ သူ့မှာ

ဘယ်လောက်ပဲ ပါရမီရှိရှိ လီလီကို အနိုင်ယူဖို့ မဖြစ်နိုင်ဘူး”

“ရှန်းအာ တချို့ပါရမီရှင်တွေက တစ်နှစ်အတွင်းမှာ သံအဆင့်ကနေ အဖြူရောင် မီးလျှံအဆင့်အထိ တက်လှမ်းနိုင်တယ်။ လီလီမှာ အရည်အချင်းမရှိဘူး ဒါပေမဲ့ အစွမ်းကုန် ကြိုးစားလို့ အောင်မြင်ခဲ့တာ”

အမျိုးသမီးက တည်တည်ငြိမ်ငြိမ်ဖြင့်

“ကောင်လေးကို အကာအကွယ် ပေးတဲ့လူတွေ ရှိနေတာလဲ ဖြစ်နိုင်တယ်။ နောက်ပြီးတော့ လွန်ခဲ့တဲ့

တစ်နှစ်ကတည်းက လျှန်မိသားစုက ငါတို့ကို အနှောက်အယှက် ပေးခဲ့တယ်။ လင်းဟွမ်လို့ခေါ်တဲ့ ဒီကောင့်ကို လျှို့ဝှက်ကာကွယ် ပေးနေတာလဲ ဖြစ်နိုင်တယ်။

"ဒီလျှန်တွေ.... တစ်နေ့မှာ ငါတို့ ဝေမိသားစုကို နှောက်ယှက်တဲ့အတွက် တန်ဖိုးတစ်ခု ပေးဆပ်စေရမယ်"

အရိုးခေါင်း၏ မျက်လုံးမှ အပြာရောင်အလင်းများ ဖြာထွက်လာသည်။ သူ စကားပြောလိုက်တိုင်း မေးရိုးများက ဖွင့်လိုက်ပိတ်လိုက် ဖြစ်နေသည်။

"အဘွား ငါတို့ ဘာလုပ်...."

အိမ်တော်ထိန်းက စကား အစ ချန်ထားသည်။

"ဒီကိစ္စကို အောက်ခြေစည်းက တစ်ယောက်ယောက်ကတော့ အစ ဆွဲလိုက်ပြီ။ ဒါက တကယ်ပဲ ပျက်သွားတာလား ဒါမှမဟုတ် တခြားကိစ္စ တစ်ခုခုကြောင့်လားဆိုတာ စုံစမ်းလိုက်။ နောက်ပြီးတော့ အဖွဲ့ခွဲ (၇) က မိသားစုတွေ လူသားစက်ရုပ်အကြောင်း သိသွားရင် ပြဿနာ ဖြစ်လာနိုင်တယ်။ ငါတို့ နည်းပညာကတော့ ပေါက်ကြားသွားမှာ မဟုတ်ဘူး ဒါပေမယ့်

ပြည်ထောင်စု အစိုးရဆီ အကြောင်းကြားလိုက်ရင် သေချာပေါက် ငါတို့ဆီ ရောက်လာလိမ့်မယ်”

အမျိုးသမီးက ချက်ချင်း ညွှန်ကြားလိုက်သည်။

“တွေ့တာနဲ့ ဖျက်ဆီးလိုက်”

“အမေ ဒါဆို လီလီကရော”

အရိုးခေါင်း စိတ်ပူသွားသည်။

“ဒီကောင်မလေးက ကိစ္စသေးသေးကိုတောင် မကိုင်တွယ်နိုင်ဘူး ငါတို့က ဘာဖြစ်လို့ ဆက်ပြီး ထိန်းသိမ်းထားမှာလဲ။ နောက်နှစ်နှစ်လောက်ကြာလို့

မင်း ပြန်ကောင်းလာတဲ့ အချိန်ကျရင် ပိုကောင်းတဲ့ မိန်းကလေးတစ်ယောက် ရှာပေးမယ်”

အမျိုးသမီးက စိတ်ပိုင်းဖြတ်ထားသည်။

“ဟုတ်ကဲ့ အမေ”

ဝေရှန်းသည် လီလီကို စွန့်လွှတ်ရန် ဆုံးဖြတ်လိုက်သည်။

“အဘွား၊ လင်းဟွမ်ကို ဖယ်ရှားသင့်လား”

အိမ်တော်ထိန်းက မေးလိုက်သည်။

"သူ့ကို စိတ်မပူနဲ့ လျှန်မိသားစုက ကာကွယ်ထားရင်တောင် အင်ပါယာအဆင့်ကိုတော့ သူတို့သတ်နိုင်မှာ မဟုတ်ဘူး။ နောက်ပြီးတော့ အဖြူရောင်မြို့တော်ကလည်း အဖွဲ့ခွဲ (၇)ရဲ့ အကြီးဆုံးမြို့တော် ဖြစ်နေလို့ ပြည်ထောင်စု အစိုးရကလည်း ကျိန်းသေ သတိထား နေလိမ့်မယ်၊ ကြီးကြီးမားမား ဖြစ်လာနိုင်တယ်။ အဲ့ဒီတော့ ငါတို့ရဲ့ ထိပ်တန်းဦးစားပေး တာဝန်က လူသား စက်ရုပ် ဘယ်မှာရှိနေလဲဆိုတာပဲ အတည်ပြုပါ။ အသက် ရှင်နေသေးရင် ပြန်အသုံးပြုဖို့အတွက် တိတ်တဆိတ် ပြန်ယူခဲ့။ ဘယ်သူ့မှ မမြင်အောင် ကြိုးစား"

ခရမ်းရောင်ဝတ် အမျိုးသမီးက ဦးစားပေးရမည့် ကိစ္စကို ဖေါင်းပေးပြီး ညွှန်ကြား လိုက်သည်။

“ဒါပေမယ့်... မေမေ၊ လျှန်မိသာစုရဲ့ အကာအကွယ် မပါဘဲ သူ့ဘာသာသူ လီလီကို သတ်လိုက်ရင် ဘယ်လိုလုပ်မလဲ”

ဝေရှန်းက မနေနိုင်ဘဲ မေးလိုက်သည်။

“ဒါဆိုရင်တော့ သူက အစွမ်းထက်တဲ့ ပါရမီရှင်တစ်ယောက်။ ရှန်းအာရဲ့ ခြေနင်းတုံး ဖြစ်လာဖို့ ထိုက်တန်တယ် ဆိုလိုတာပဲ။ နောက်နှစ်

နှစ်ကြာရင် မင်းရဲ့ ပထမဦးဆုံး ပစ်မှတ် ဖြစ်လာလိမ့်မယ်”

ခရမ်းရောင် ဝတ်စုံဝတ် အမျိုးသမီးက ပြုံးပြီး ပြောလိုက်သည်။

“ဒါပေမယ့် မေမေ ငါ ရှုံးသွားရင် ဘယ်လို လုပ်မလဲ”

အရိုးခေါင်းခွံ၏ အသံက တုန့်ဆိုင်း နေသည်။

“ရှန်အားက သူ့ လက်ထဲမှာ သေသွားရင် သူက ငါ့ရဲ့ စုဆောင်းမှု တစ်စိတ်တစ်ပိုင်း ဖြစ်ထိုက်တယ်လို့

အခိပ္ပါယ်ရတယ် အဲ့ဒီအခါကျရင် သူ့ကို ငါကိုယ်တိုင် သတ်ပြီးတော့ လှပတဲ့ အနုပညာ လက်ရာတစ်ခု လုပ်လိုက်မယ်”

ဝေရှန်းသည် ထိုစကားကို ကြားလိုက်လျှင် ရင်ခုန်လာသည်။ တစ်နှစ်ပတ်လုံး သူ့အမေက သူ့အသက်ကို ဂရုမစိုက်ဘူးဟု သံသယ ဝင်နေခဲ့သည်။ အများစုမှာ သူမ၏ စမ်းသပ်မှု တစ်ခုသာ ဖြစ်သည်။ လီလီတွင် တန်ဖိုးတစ်ခုမျှ မရှိပေ။ သို့သော်လည်း ယခုမူ သူမ၏စကားအရ သူ့ဖက်တွင် ရှိနေသည်။

လင်းဟွမ်က ခြေနင်းကျောက်တုံး ဖြစ်လာမည်ဟု ပြောမည့်အစား လင်းဟွမ်ကို ခြေနင်းကျောက်တုံးအဖြစ် သူက ယူဆောင်လာခဲ့သည်ဟု ပြောပါက ပို၍တိကျသည်။ လင်းဟွမ်က သူ့အမေ၏ စုဆောင်းမှုထဲတွင် ပါဝင်ရန် ထိုက်တန်ခြင်း ရှိ၊ မရှိသာ စမ်းသပ်ရန် လိုတော့သည်။

အကယ်၍ သူ ရှုံးသွားခဲ့လျှင် သူ့အမေက လင်းဟွမ်ကိုသာ အာရုံစိုက်ပြီး သူ့ကို အာရုံစိုက်တော့မှာ မဟုတ်ပေ။ အကယ်၍ သူသာအနိုင်ရပါက လင်းဟွမ်သည် သူ့မိခင်၏

အာရုံစိုက်မှုကို ဆုံးရှုံးပြီး သူ၏တည်ရှိမှုက ပို၍ တန်ဖိုးရှိလာလိမ့်မည်။

"စိတ်မပူနဲ့ မေမေ ငါ သေချာပေါက် အနိုင်ရမှာ"

အရိုးခေါင်းခွံက တိကျသောအဖြေ၊ ဆုံးဖြတ်ချက် ခိုင်မာသောအဖြေကို ပေးလိုက်သည်။

"မင်းပဲ အနိုင်ရမယ်လို့ မေမေလည်း ယုံတယ်"

ခရမ်းရောင်ဝတ် အမျိုးသမီးက အရိုးခေါင်းကို ပွတ်သပ်ရင်း ပြုံးပြလိုက်သည်။

"ကျွန်တော် နားလည်ပြီ အခု စီစဉ်လိုက်မယ်"

အိမ်တော်ထိန်းသည် အဘွား၏ ဆိုလိုရင်းကို နားလည်သွားသည်။ ဤနှစ်များ တစ်လျှောက်တွင် အဘွားဆိုသည့် ပုဂ္ဂိုလ်မှာ မည်သူမည်ဝါ ဖြစ်ကြောင်း သိနေခဲ့သဖြင့် တုန့်ပြန်မှု လုံးဝ မရှိခဲ့ပေ။

မျှော်လင့်ထားသည့်အတိုင်းပင် သူမအတွက်မူ သူမ၏ သားသည်ပင် အချိန်မရွေး ဖယ်ရှားနိုင်သော စစ်တုရင်ခုံပေါ်က အရုပ်တစ်ရုပ်မျှသာ။

...

လင်းဟွမ်သည် သေဘေးမှ လွတ်မြောက်ခဲ့သည့် အကြောင်းကို မသိပေ။ ဖက်တီး၏ အသုဘပွဲမှ ပြန်ရောက်လာခဲ့ပြီး ကတည်းက ဝေရှန်း၏ အထောက်အထား အမှန်ကို စုံစမ်းရန် အကူအညီတောင်းဖို့အတွက် လျန်ယုရှင်းထံ ပထမဦးဆုံးအကြိမ် ဆက်သွယ်လိုက်သည်။

သို့သော်လဲ ဝေရှန်းက ပင်မဇုန်နှင့် ဆက်သွယ်နေသောကြောင့် မစုံစမ်းရန် လျန်ယုရှင်းက အကြိမ်ကြိမ် သတိပေးခဲ့သည်။

ဤကဲ့သို့ဖြင့် လင်းဟွမ်၏ ဘဝသည် ပုံမှန်ပြန်ဖြစ်လာခဲ့သည်။

မနက် (၆) နာရီတွင် အိပ်ယာမှထပြီး မနက် (၇)နာရီတွင် စာကြည့်တိုက်သို့သွား၍ ညနေ (၆) ထိုးသည်အထိ နေသည်။ ထို့နောက် လေ့ကျင့်ရေးအခန်းထဲတွင် ဓါးကျင့်စဉ်များကို ည (၁၂) နာရီထိုးသည့်အထိ လေ့ကျင့်နေခဲ့သည်။ လွန်ခဲ့သောရက်ပိုင်းက ဘာမှ မဖြစ်ခဲ့သလိုပင်။ အမှန်တကယ်ဆို လင်းဟွမ်သည် စုံစမ်းစစ်ဆေးမှုကို လက်မလျှော့ခဲ့ပေ။

ဝေရှန်းက နှစ်နှစ်အကြာတွင် ပြန်အသက်ရှင်လာမည့်အကြောင်းနှင့် လက်စားချေမည့်အကြောင်းကို ကျန်းမိန်မိန် ပြောခဲ့သည့်စကားအရ သတိရမိသည်။ ထို့ကြောင့် လင်းဟွမ်သည် ထိုနေ့ရောက်လာမည့် အချိန်ကိုသာ စောင့်ဆိုင်းနေခဲ့သည်။ ဝေရှန်းကို အရှင်လတ်လတ် ဖမ်းမိသည်နှင့် အမှန်တရား ထွက်ပေါ်လာလိမ့်မည်။

လင်းရှင်သည် လင်းဟွမ်က ဖက်တီး မသေခင် အချိန်ကနှင့် အတူတူပဲဟု မြင်နေရသော်လည်း သူမ၏အစ်ကိုက စိတ်ခံစားမှုကို ဖုံးကွယ်ရန်

ရှုပ်ထွေးသော အချိန်ဇယားများဖြင့် အချိန်ကုန်ဆုံးနေကြောင်း သိရှိနေသည်။

ဖက်တီးဆိုသည်မှာ လင်းဟွမ်၏ အကောင်းဆုံးသူငယ်ချင်းများထဲမှ တစ်ယောက်ဖြစ်ကြောင်း သိနေသဖြင့် မည်ကဲ့သို့ နှစ်သိမ့်ရမှန်း မသိဖြစ်နေသည်။ ယခုအချိန်၌ စကားလုံးများက အလုပ်မဖြစ်ဘဲ အချိန်သာ လိုအပ်သည်။

ဤကဲ့သို့ဖြင့် တစ်လခွဲ ကြာသွားခဲ့သည်။

ညနက်သန်းခေါင်၌ လင်းဟွမ် လေ့ကျင့်နေစဉ် ရှောင်ဖိန်ထံမှ အကြောင်းကြားချက် ထွက်ပေါ် လာသည်။

"ဂန္ဓဝင်အဆင့် ကျင့်စဉ် ကြယ်တာရာ လိပ်ခုံး ကတ်အပိုင်းအစ တစ်သောင်း ရရှိတဲ့အတွက် ဂုဏ်ပြုပါတယ်"

"ကတ် အပိုင်းအစများကို ပြီးပြည့်စုံတဲ့ စွမ်းရည်ကတ်အဖြစ် ပေါင်းစည်းချင်လား"

"ပေါင်းစည်းမယ်"

လင်းဟွမ်က နှစ်ခါပြန် မစဉ်းစားဘဲ ပြောလိုက်သည်။

“ကြယ်တာရာ လိပ်ခုံး ကတ်အပိုင်းအစ တစ်သောင်းကျော်ကို အသုံး ပြုနေပါတယ်။ ပေါင်းစပ်မှုကို စတင် လုပ်ဆောင်နေပါပြီ”

“ဂန္ဓဝင်အဆင့် ကြယ်တာရာ လိပ်ခုံး စွမ်းရည်ကတ်ကို ရရှိတဲ့အတွက် ဂုဏ်ပြုပါတယ်”

“စွမ်းရည်ကတ် နာမည် - ကြယ်တာရာ လိပ်ခုံး”

“ရှားပါးမှု အဆင့် - ဂန္ဓဝင်”

"စွမ်းရည် အမျိုးအစား - တိုက်ခိုက်ရေး စွမ်းရည်"

"စွမ်းရည်အဆင့် - သာလွန်အဆင့် တိုက်ခိုက်ရေး စွမ်းရည်"

"အခြေအနေ - လက်ခံနိုင်"

"ကတ်မှတ်ချက် - တန်ဖိုးရှိပါတယ်"

"တန်ဖိုးရှိပါတယ် ဟုတ်လား"

လင်းဟွမ် ရှောင်ဖိန်ထံမှ ကောင်းမွန်သော မှတ်ချက်ပေးမှုကို ပထမဦးဆုံး အကြိမ်

ကြွားဖွားခြင်းပင်။ ယခင်က အကောင်းဆုံး မှတ်ချက်သည့် မဆိုးဘူးဟုသာ ဖြစ်သည်။

"အခု ငါက ကျွမ်းကျင်လာပြီဆိုတော့ ခါးအမျိုးအစား မွန်းစတားတွေကို သတ်ဖြတ်ဖို့ အချိန်ကျပြီ"

လင်းဟွမ်သည် လွန်ခဲ့သော နှစ်ရက်က သန္ဓေနှစ်ကြိမ်ပြောင်း ခါးအမျိုးအစား မွန်းစတားများ၏ အချက်အလက် အားလုံးကို စုဆောင်းခဲ့သည်။ သို့သော်လည်း ကြယ်တာရာ လိပ်ခုံး ကတ်အပိုင်းအစက တစ်သောင်းနီးပါး

ရှိနေပြီဖြစ်သဖြင့် မွန်းစတားများကို သတ်ပစ်ရန် မထွက်သွားခဲ့ပေ။

ကတ်အပိုင်းအစကို တစ်သောင်းပြည့်အောင် စုဆောင်း ပြီးသည်နှင့် စွမ်းရည်ကတ် ရလာလိမ့်မည်ဟု ခံစားနေရသည်။ ထို့ကြောင့် ခရီးစဉ်ကို ရွှေ့ဆိုင်းထားခဲ့သည်။ နာရီကို ကြည့်လိုက်ရာ ည (၁၁) နာရီ ထိုးခါနီးနေပြီ။

လင်းဟွမ်သည် စွမ်းရည်ကတ်ကို ရပြီးသည်နှင့် ဆက်မလေ့ကျင့်ချင်တော့ပေ။ ဓါးကို ကိုင်ပြီး အခန်းထဲမှ ပြန်ထွက်သွားသည်။

လင်းရှင်သည် ဒုတိယထပ်ရှိ သူမ၏ အိပ်ခန်းထဲတွင် နိုးနေသေးသည်။ အောက်ထပ်မှ တံခါးဖွင့်သံကို ကြားလိုက်သည်နှင့် လင်းဟွမ် ဖြစ်ကြောင်း သိလိုက်ပြီး ချက်ချင်း ထထိုင်ကာ ဖိနပ်စီး၍ အောက်ထပ်ဆင်းသွားသည်။

"အစ်ကို ဒီနေ့ ဘာဖြစ်လို့ စောစော ပြန်လာတာလဲ"

"အင် ငါ မနက်ဖြန် သွားစရာရှိလို့ ရက်နည်းနည်းလောက် ကြာမယ်"

လင်းဟွမ်က ခေါင်းငြိမ့်ပြီး ပြောလိုက်သည်။

"ဘာကိစ္စလဲ"

လင်းရှင် စိတ်ပူသွားသည်။

"မွန်းစတားနှစ်ကောင် သတ်ဖို့"

လင်းဟွမ်က အမှန်အတိုင်း ပြောလိုက်သည်။

"ငါလည်း လိုက်ခဲ့မယ်"

လင်းရှင်က ချက်ချင်း ပြောလိုက်သည်။

"ဒါဆိုလဲ ကောင်းပြီလေ မင်းရဲ့ပစ္စည်းတွေ သိမ်းထား၊ မနက်ဖြန်ကျရင် ခပ်စောစော သွားကြမယ်"

လင်းဟွမ်က စဉ်းစားပြီးနောက် သဘော တူလိုက်သည်။ ဤခရီးစဉ်၌ မည်သည့်အန္တရာယ်မှ မရှိပေ။ လင်းရှင်လည်း အိမ်ထဲတွင် ရက်ပေါင်းများစွာ ခြေချုပ်မိနေခဲ့သည်။ ထို့အပြင် ယခုအချိန်၌ အချို့ကိစ္စများကို လင်းရှင်အရှေ့တွင် ဖုံးကွယ်ထားရန် မလိုအပ်တော့ချေ။

**အခန်း(၄၀၉) - ဝိညာဉ်တော် ဓါးအဓိပတိ။**

လင်းဟွမ်တို့ မီးတောင်ငရဲ၌ ရှိစဉ်က လန်စန်လော့သည် နှစ်ကောင် သတ်ဖြတ်ခဲ့သောကြောင့် သူ့တွင် ဓားကျေးကျွန်ကတ် နှစ်ကတ် ရရှိခဲ့သည်။ ထို့နောက် လန်စန်လော့သည် ဆန်းကြယ်လေလံပွဲ မစတင်ခင် ဓါးအမျိုးအစား မွန်းစတား သုံးကောင်ကို သတ်ဖြတ်ခဲ့သဖြင့် ဓါးအမျိုးအစား မွန်းစတားကတ် နောက်ထပ် သုံးကတ်ထပ်ရရှိခဲ့သည်။ ထို့ကြောင့် လိုအပ်သည့်

မွန်းစတားကတ် ကိုးခုထဲတွင် ခေးကျေးကျွန်ကတ် ငါးကတ် ရရှိခဲ့ပြီ။

ထိုကတ်များမှာ လေးလံသော ခေးရှည်များကို ကိုင်တွယ်ရာ၌ ကျွမ်းကျင်သော မဟာခါးမိစ္ဆာ၊ မီးဂုဏ်သတ္တိရှိသည့် မီးတောက် ခါးမိစ္ဆာ၊ ရေခဲဂုဏ်သတ္တိရှိသည် ရေခဲ ခါးသခင်မ၊ ခါးကျင့်စဉ်များစွာ ကျွမ်းကျင်သော အမုန်းတရား မဟာခါး၊ ခါးနှင့် ဒိုင်း ကိုင်ဆောင်သော ခါးသူရဲကောင်းတို့ပင် ။

ထို့အပြင် မဟာဓါးမိစ္ဆာမှ လွဲ၍ ကျန်သည့် မွန်းစတားများသည် သန္ဓေနှစ်ကြိမ်ပြောင်း မွန်းစတားများ ဖြစ်ကြသည်။

နောက်ဆုံး၌ လင်းဟွမ်သည် တစ်လနီးပါးခန့် ရှာဖွေပြီးနောက် သန္ဓေနှစ်ကြိမ်ပြောင်း ဓါးအမျိုးအစား မွန်းစတား လေးကောင် တွေ့ရှိခဲ့သည်။ ဤခရီးစဉ်၏ အဓိက ရည်ရွယ်ချက်မှာ လန်စန်လော့ကို ချိတ်ဖွင့်နိုင်ရန်နှင့် ကျန်ရှိသည့် ဓားကျေးကျွန်ကတ် လေးကတ်ကို ရရှိအောင် ပြုလုပ်ရန်ပင် ။

ထို့အပြင် ကြယ်အလင်းသားရဲ သီးသန့် နယ်မြေထဲတွင် ချောကလက်လေးကို အဆင့်တက်ပေးရန်အတွက် ဇာ္ဆိုခြ ဆေးပင်များကိုလည်း ယူဆောင်လာခဲ့သေးသည်။

လင်းဟွမ်နှင့် လင်းရှင်တို့သည် မနက် အစောကြီးထကာ ရေချိုးပြီးနောက် အဆောင်ရှိ တံခါးများ၊ ပြတင်းပေါက်များ အားလုံးကို သော့ခတ်၊ အမှိုက်များ ပစ်ပြီးနောက် မနက်စာ စားရန် ထွက်လာကြသည်။ မနက်စာ စားပြီး မနက်(၈) နာရီနီးပါးခန့်တွင် လင်းဟွမ်သည်

လူရှင်းနေသော နေရာတစ်ခု၌ ကျင်ချွမ်မြို့ ကိုသြဒိနိတ်နှင့် ချိတ်ထားသော နေရာကူးပြောင်းခြင်း ခါတ်ကြွင်းကို ဆင့်ခေါ်လိုက်သည်။

ကျင်ချွမ်မြို့သည် (ဘီ) အဆင့် ဝပ်ကျင်းတစ်ခုသာ ဖြစ်ပြီး လင်းဟွမ်သည် ယခင်က ထိုနေရာကို တစ်ခါမှ မရောက်ခဲ့ဖူးပေ။ တိုက်ဆိုင်စွာပင် အစောပိုင်းက မစ္စတာဖူးသည် တည်နေရာ ချိတ်ဆက်ထားခဲ့သည်။

ထိုဝပ်ကျင်းမှနေ၍ ကီလိုမီတာ နှစ်ရာပင် မဝေးသောနေရာ၌ ခါးအမျိုးအစား မွန်းစတား

တစ်ကောင် ရှိနေကြောင်း လင်းဟွမ် ကြားသိထားသည်။ ထို့ကြောင့် ဒီနေရာသည် သူ၏ ပထမဦးဆုံး ဦးတည်ရာ ဖြစ်လာခဲ့ခြင်းပင်။

လင်းဟွမ်နှင့် လင်းရှင်တို့သည် နေရာကူးပြောင်းခြင်း ခါတ်ကွင်းကို ဖြတ်ကျော်ပြီးနောက် ဇိမ်ခံဟိုတယ်တစ်ခု၏ အိပ်ခန်းထဲတွင် ပေါ်လာသည်။

ထိုအခန်းထဲတွင် လိုင်ဆက်ဆံနေပြီး အခြေအနေက အထွတ်အထိပ် ရောက်နေသော ကိုယ်လုံးတီး စုံတွဲတစ်တွဲ ရှိနေသည်။ သူတို့

နှစ်ယောက်သည် အရှိန်ကောင်းနေစဉ် လူနှစ်ယောက် ရုတ်တရက် ပေါ်လာသဖြင့် ထိတ်လန့်သွားသည်။

လင်းဟွမ်က လင်းရှင်၏ မျက်လုံးကို လက်ဖဝါးဖြင့် အုပ်ကာ အခန်းထဲမှ ဆွဲထုတ်ကာ ဓာတ်လှေကားထဲဝင်ပြီး ဟိုတယ် အပေါ်ဆုံးသို့ တက်သွားကြသည်။

"အစ်ကို မင်းရဲ့ နေရာကူးပြောင်းခြင်း ဓါတ်ကြွင်းချိတ်ထားတဲ့ နေရာကလဲ တကယ်ပဲ"

လင်းရှင်သည် ရှက်နေသေးသည်။ ထိုမြင်ကွင်းကို ရှင်းရှင်းလင်းလင်း မမြင်ခဲ့ ရသော်လည်း အောင်ငြိမ်းသံကြောင့် ထိုလူနှစ်ယောက် ဘာတွေ လုပ်နေကြောင်း ပြောနိုင်သည်။

"အဟမ်း ဒါ ငါ့အမှား မဟုတ်ဘူး။ ဒီတည်နေရာတွေ သတ်မှတ်ပေးတဲ့လူက ငါ့ဆရာပဲ။ ငါလဲ ကျင်ချွမ်မြို့ကို တစ်ခါမှ မရောက်ဖူးဘူး"

လင်းဟွမ်သည် ဤကဲ့သို့ ကိစ္စမျိုးနှင့်ပတ်သက်၍ တွေ့ကြုံရသည်မှာ ပထမဦးဆုံး အကြိမ် မဟုတ်တော့ပေ။ ပထမဦးဆုံး အကြိမ်ကလည်း

အမျိုးသမီးတစ်ယောက်က ရေချိုးခန်းထဲမှ သဘက်ပတ်ပြီး ထွက်လာသည်နှင့် ပက်ပင်း ကြုံခဲ့သေးသည်။ ဤတစ်ကြိမ်က ပထမ အကြိမ်ကထက်ပင် ပို၍ အရှက်ကွဲနေသေးသည်။

"ကဲ ငါတို့တွေ ဘယ်ဘက်သွားသင့်လဲ ဆိုတာ ကြည့်ရအောင်"

လင်းဟွမ်သည် စကားလမ်းကြောင်း ချက်ချင်းပြောင်းပြီး အင်ပါယာ နှလုံးသား လက်စွပ်ထဲမှ မြေပုံကို ထုတ်ကြည့်လိုက်သည်။

ဦးတည်ရာကို သိပြီးနောက် အနောက်တောင်အရပ်သို့ မျက်နှာမူလိုက်ပြီး

"ဒီဘက်ကနေ ရှေ့တည့်တည့် ကီလိုမီတာ (၁,၉၉၃) ကီလိုမီတာ ဝေးတယ်"

ထို့နောက် စိမ်းဖန့်ဖန့် မိုးကြိုးသိမ်းငှက်ကို ဆင့်ခေါ်လိုက်သည်။ လင်းရှင်ကို ငှက်ပေါ် တက်နိုင်ရန် ကူညီပေးပြီးနောက် လင်းဟွမ်က ငှက်ပေါ်တက်ပြီး မိုးကြိုးသိမ်းငှက်၏ နောက်ကျောကိုပွတ်လိုက်ပြီး

"အနောက်တောင်ဘက်ကို ကီလိုမီတာ (၂,၀၀၀) လောက်သွားမယ်"

စိမ်းဖန့်ဖန့် မိုးကြိုးသိမ်းငှက်သည် ခေါင်းငြိမ့်ကာ ကောင်းကင်ပေါ် ပျံတက်သွားသည်။

"ဒီအစ်ကို ဒီသိမ်းငှက်က ကီလိုမီတာ (၂,၀၀၀) ဆိုတဲ့ အဓိပ္ပါယ်ကို နားလည်လို့လား"

လင်းရှင်သည် မွန်းစတား အများစုက ကိန်းဂဏန်းများကို နားလည်ရန် မဆိုထားနှင့် လူ့ဘာသာ စကားကိုပင် နားမလည်ကြောင်း သိထားသည်။

“မိုးကြိုးက နားလည်တယ် စိတ်မပူနဲ့”

လင်းဟွမ်က ခေါင်းငြိမ့်လိုက်သည်။

ကျီ……

မိုးကြိုးသိမ်းငှက်သည် သူတို့ ပြောနေသည့် စကားကိုကြားပြီး လင်းဟွမ်၏ စကားကို သဘောတူဟန်ဖြင့် အော်ဟစ်လိုက်သည်။

မိုးကြိုးသိမ်းငှက်သည် တစ်နာရီကျော်ကြာအောင် ပျံသန်းပြီးနောက် အရှိန် လျှော့ချလိုက်သည်။

လင်းဟွမ်သည် မြေပုံကြည့်လိုက်ရာ ကီလိုမီတာ (၁,၇၀၀) ကျော် ပျံသန်းလာခဲ့ပြီ ဖြစ်ကြောင်း တွေ့လိုက်ရသည်။ လင်းရှင်ကလည်း အရှိန်အဟုန် လျော့ကျသွားသည်ကို အာရုံခံမိပြီး ဦးတည်ရာ နေရာနဲ့ မဝေးတော့ကြောင်း ခန့်မှန်းလိုက်မိသည်။

"တကယ် နားလည်တာလား"

လင်းရှင်သည် အံ့အောသင့်စွာ အသံထွက်သွားသည်။ မကြာခင် မိုးကြိုးသိမ်းငှက်သည် အောက်သို့ နိမ့်ဆင်းသွားကာ အတောင်ပံများဖြန့်၍

လေဟုန်စီးသွားသည်။ မြေပုံက သူတို့သွားမည့် နေရာနှင့် ပိုနီးလာပြီဖြစ်ကြောင်း ပြသနေသည်။

"ဒီနားမှာ တစ်ခုခု ရှိသင့်တယ်"

လင်းဟွမ်သည် မြေပုံမှ ကိုဩဒိနိတ်နှင့် ကိုက်ညီသောအခါ မိုးကြိုးသိမ်းငှက်၏ နောက်ကျောကို ပွတ်သပ်လိုက်သည်။ မိုးကြိုးသိမ်းငှက်သည် လေထဲ၌ လှည့်ပတ်ဝဲပျံပြီး အောက်သို့ ထိုးဆင်းသွားသည်။ ထို့နောက် မီတာရာနှင့်ချီ မြင့်သော တောင်ထိပ်ပေါ်တွင် ဆင်းသက်လိုက်သည်။

လင်းဟွမ်က လှည့်ပတ် ကြည့်လိုက်ရာ သူ့သားကောင်နှင့် (၁၀) ကီလိုမီတာပင် မဝေးတော့ကြောင်း သိလိုက်ရ၍

“မင်း ဒီမှာကျန်နေခဲ့၊ အနားကပ်ရင် အန္တရာယ်ရှိနိုင်တယ်”

လင်းဟွမ်သည် လင်းရှင်ကို အောက်ချပေးပြီး ပြောလိုက်သည်။ ထို့နောက် စုန်းမကို ဆင့်ခေါ်ကာ

“ငါ့ ညီမကို ကာကွယ်ပေး”

စုန်းမက ခေါင်းငြိမ့်လိုက်သည်။

လင်းဟွမ်သည် မိုးကြိုးသိမ်းငှက်ကို စီးပြီး မွန်းစတားရှိရာ တောနက်ထဲသို့ ဦးတည် ပျံသန်းသွားသည်။ ဒီတစ်ခေါက် သူ ရွေးချယ်ထားသော မွန်းစတားမှာ ဓါးဝိညာဉ်တော် အဓိပတိပင် ။

ဒါသည် သာလွန်အဆင့် မွန်းစတားတစ်ကောင် ဖြစ်ပြီး ယခင်က လင်းဟွမ် သတ်ခဲ့သော မွန်းစတားများနှင့် ကွဲပြားသည်။ ကြည့်လိုက်ပါက ဓါးတစ်ချောင်းနှင့် တူပြီး အမျိုးအစား ခွဲရမည်ဆိုပါက စိတ်ဝိညာဉ် မွန်းစတား ဖြစ်သည်။

လင်းဟွမ်သည် ယခင်က ဝိညာဉ်တော် ဓါးအဓိပတိအကြောင်း လေ့လာ ခဲ့ဖူးသည်။ ဤမွန်းစတားကို ကိုင်တွယ်ရခက်ခဲသော အကြောင်းပြချက် နှစ်ခုရှိသည်။

ပထမတစ်ချက်မှာ ၎င်းသည် အနီးအနားရှိ ဓါးအမျိုးအစား အခြား မွန်းစတားများကို ထိန်းချုပ်နိုင်ပြီး ဓါးအမျိုးအစား မွန်းစတားများစွာ ရှိသော နေရာတွင်သာ နေထိုင်တတ်၏။

နောက်တစ်ချက်မှာ ဓါးနှင့် ထိုးခြင်း ခုတ်ခြင်းကို ကိုးဆယ်ရာခိုင်နှုန်း ခံနိုင်ရည် ရှိသည်။

ဆိုလိုသည်မှာ ခါးအမျိုးအစား မွန်းစတား သို့မဟုတ် လူသားများသည် ခါးနှင့်တိုက်ခိုက်ပါက ဝိညာဉ်တော် ခါးအဓိပတိ အနားသို့ ရောက်သည်နှင့် ဆယ်ရာခိုင်နှုန်းသာ သက်ရောက်မှု ရှိတော့မည်။ ဒီဝိသေသ လက္ခဏာရပ် တစ်ခုတည်းကပင် ခါးမွန်းစတားများထက် အဆင့်တစ်ခု ပို၍ အစွမ်းထက်နေသည်။

ထိုအကြောင်းပြချက်ကြောင့် လင်းဟွမ်သည် လန်စန်လော့က ဝိညာဉ်တော် ခါးအဓိပတိကို

သူ့ဘာသာသူ တစ်ယောက်တည်း တိုက်ခိုက်၍ အနိုင်ရလိမ့်မည်ဟု မထင်ပေ။

လန်စန်လော့သည် ဓါးအမျိုးအစား မွန်းစတားတစ်ကောင်သာ ဖြစ်သောကြောင့် ဝိညာဉ်တော် ဓါးအဓိပတိ၏ ထိန်းချုပ်ခြင်းအား ခံရမည်ကို စိုးရိမ်နေသည်။ အကယ်၍ ထိုကဲ့သို့ ဖြစ်သွားခဲ့ပါက လန်စန်လော့က ဝိညာဉ်တော် ဓါးအဓိပတိကို သတ်ဖြတ်ရန် မဖြစ်နိုင်ဘဲ ကျရှုံးသော တာဝန်တစ်ခုဟု မှတ်ယူရလိမ့်မည်။

ချိတ်ဖွင့်ခြင်းဆိုင်ရာ စည်းကမ်းများအရ လန်စန်လော့ တစ်ယောက်တည်းသာ တိုက်ခိုက်ရမည်ဖြစ်ပြီး လင်းဟွမ်ကို ကူညီခွင့် လုံးဝ မပေးကြောင်း ဖော်ပြထားသည်။

မိုးကြိုးသိမ်းငှက်သည် ဝိညာဉ်တော် ဓါးအဓိပမိကို ရှာတွေ့ခဲ့သော နေရာနှင့် တစ်ကီလိုမီတာပင် မဝေးသော နေရာသို့ ရောက်ရှိလာသည်။

လင်းဟွမ်သည် မိုးကြိုးသိမ်းငှက်ကို ပြန်သိမ်းပြီး ကြမ်းတမ်းဓါးသခင် လန်စန်လော့ကို ဆင့်ခေါ် လိုက်သည်။ လန်စန်လော့သည် အနက်ရောင်

ချပ်ဝတ်တန်ဆာများ ဝတ်ဆင်ထားသလို အနက်ရောင် မြူခိုးများက သူ့ခန္ဓာကိုယ်ကို ဝန်းရံထားသည်။ လင်းဟွမ် ဆင့်ခေါ်လိုက်သဖြင့် ခေါင်းရှုပ်နေပုံရသည်။

"ဒီနားမှာ ဝိညာဉ်တော် ဓါးအဓိပတိ ရှိတယ်။ အဲ့ဒါက ငါ ချိတ်ဖွင့်ဖို့ ရွေးချယ်ထားတဲ့ မွန်းစတားတွေထဲက တစ်ကောင်ပဲ"

လင်းဟွမ်က ရှင်းပြလိုက်သည်။

လန်စန်လော့၏ မျက်လုံးများသည် ပတ်ဝန်းကျင်ကို လေ့လာ အကဲခတ်ရင်း

နီရဲလာသည်။ ရုတ်တရက် တစ်စုံတစ်ခုက သူ့ကို ဆွဲဆောင်သွားပုံရပြီး ဦးတည်ထွက်သွားသည်။

လင်းဟွမ်က လှည့်ပတ်၍ ကြည့်လိုက်ရာ တစ်ကီလိုမီတာသာ ဝေးသောနေရာ၌ အပင်များ ဖုံးလွှမ်းနေသော ရွှေရောင် ဓါးကြီးတစ်လက်ကို တွေ့လိုက်ရသည်။

"ဝိညာဉ်တော် ဓါးအဓိပတိ"

လင်းဟွမ်သည် ဤမျှ မြန်မြန်ဆန်ဆန် တွေ့ရလိမ့်မည်ဟု မမျှော်လင့်ထားသောကြောင့် အလန့်တကြား အော်ဟစ်လိုက်သည်။

## အခန်း(၄၁၀) - ကြမ်းတမ်း ဘွဲ့။

လန်စန်လော့က မိုးကြိုးအလား လျင်မြန်စွာ ပြေးဝင်သွားသည်ကို မြင်လိုက်လျှင် လင်းဟွမ်သည် အနောက်မှ လိုက်သွားသည်။ လန်စန်လော့က ရွှေအဆင့် ပြည့်ဝအဆင့်သာ ဖြစ်ပြီး ဝိညာဉ်တော် ဓါးအဓိပတိက အဖြူရောင် မီးလျှံအဆင့် ဖြစ်နေသည်။ ထို့အပြင် ဝိညာဉ်တော် ဓါးအဓိပတိသည် ဓါးနှင့် တိုက်ခိုက်မှု၏ ကိုးဆယ်ရာခိုင်နှုန်းကို လျှော့ချနိုင်သောကြောင့်

လန်စန်လော့ တစ်ယောက်တည်း တိုက်ခိုက်မည်ဆိုပါက ခက်ခဲပေလိမ့်မည်။

ထို့ကြောင့် လင်းဟွမ်၏အကူအညီက အရေးပါနေသည်။ မီတာ (၁၀၀) ခန့် ပြေးသွားပြီးနောက် သစ်ရွက်ခြောက်သံများ တဖြောက်ဖြောက် ပေါ်နေသလို တစ်စ တစ်စ နီးကပ်လာသည်။

ရုတ်တရုတ် ဆိုသလို သစ်ကိုင်းများက ညွတ်ကွေးလာကာ အရိပ်များက တဖြုတ်ဖြုတ် ခုန်ချလာသည်။ အတိအကျ ဆိုရလျှင် ရွှေရောင် အမွေးများနှင့် မျောက်ဝံတစ်ကောင်ပင်။ ဒါသည်

လေခါး မျောက်ဝံများပင် ။ အရေအတွက် (၃၀)ကျော်ရှိပြီး ရွှေရောင် အမွေး ရှိ၍ တစ်မီတာကျော် မြင့်မားသည်။

လင်းဟွမ်နှင့် လန်စန်လော့တို့ကို ကြည့်ပြီး အော်ဟစ်နေကြကာ လက်ထဲ၌ ကျောက်ခါး တစ်ချောင်းစီ ကိုင်ထားကြသည်။

လင်းဟွမ်သည် လေခါး မျောက်ဝံအကြောင်း ဖတ်ဖူးသည်။ သူတို့သည် အုပ်စုဖွဲ့ နေထိုင်တတ်ကြသည့် ရွှေအဆင့် မွန်းစတားများ ဖြစ်ကြသည်။ ၎င်းကိုကို ကြည့်လိုက်ပါက

မျောက်ဝံနှင့်တူသော်လည်း ဥမှ ပေါက်ဖွားလာခြင်း ဖြစ်သည်။ သို့သော်လည်း ဥမှ ပေါက်လာသော ဒီ လေဓါး မျောက်ဝံများက ဓါးများကို မည်သို့မည်ပုံ ထုတ်နိုင်လည်း ဆိုသည်ကို မည်သည့်သီအိုရီကမျှ မရှင်းပြနိုင်ပေ။ လူသားများအတွက် လျှို့ဝှက် ဆန်းကြယ်နေသေးသည်။

သိပ္ပံပညာရှင်များက လေဓါး မျောက်ဝံများကို ဖမ်းဆီး၍ စမ်းသပ်မှုများ ပြုလုပ်ပြီးနောက် ကျောက်ဓါးသည် လေဓါး မျောက်ဝံများ၏ အပိုကိုယ်လက်အင်္ဂါ အစိတ်အပိုင်း တစ်ခုကဲ့သို့

ဖြစ်နေကြောင်းသာ ကောက်ချက် ချနိုင်ခဲ့သည်။ သို့သော်လည်း သီအိုရီကိုတော့ မရှင်းပြနိုင်ခဲ့ချေ။

လေခါးမျောက်ဝံများ၏ ခါးသည် လူသားတို့၏ ရွှေအဆင့် လက်နက်နှင့် နှိုင်းယှဉ်နိုင်သည်ဟု မှတ်တမ်းမှတ်ရာများက ဖော်ပြထားသည်။ အုပ်စုလိုက် နေတတ်သည့် လေခါးများ စရိုက်ကြောင့် ထိပ်တိုက်တွေ့ဆုံလျှင် အခြားသော ရွှေအဆင့် လူသားများက ဒုက္ခ ရောက်သွားနိုင်သော်လည်း လင်းဟွမ်နှင့် လန်စန်လော့အတွက်မူ ဘာမှ မဟုတ်ချေ။

"ငါ လုပ်ရမလား။ မင်း လုပ်မလား"

လင်းဟွမ်က လန်စန်လော့ကို ကြည့်ပြီး ပြောလိုက်လျှင်

လန်စန်လော့သည် စကားတစ်ခွန်းမှ မပြောဘဲ မျောက်ဝံ အုပ်ထဲသို့ အနက်ရောင် အလင်းတန်းတစ်ခုအလား ပြေးဝင် သွားသည်။ လေခါး မျောက်ဝံများသည် လျင်မြန် သွက်လက်သော်လည်း လန်စန်လော့၏ မရဏဇုန်အတွင်း၌ ဘာမှ မလုပ်နိုင်ကြပေ။

လန်စန်လေ့သည် မျောက်ဝံများကို ကြည့်ပင်မကြည့်ဘဲ အနက်ရောင် ဓါးနှင့် တစ်ကြိမ်ပြီးတစ်ကြိမ် ခုန်ချနေသဖြင့် မျောက်ဝံများ၏ ခေါင်းများသည် လေထဲတွင် တစ်လုံးပြီး တစ်လုံး လွင့်ထွက်နေသည်။ မျောက်ဝံများသည် မည်မျှပင် လျင်မြန်ပါစေ၊ သွက်လက်ပါစေ မရဏဇုန်ထဲ၌ ရှိနေပါက လန်စန်လေ့က ဓါးတစ်ချက် လွှဲခုတ်တိုင်း ခေါင်းတစ်လုံး ပြုတ်ကျရသည်သာ။

ဒါသည် သာမန် မွန်းစတား တစ်ကောင်ထက်စာလျှင် သန္ဓေ နှစ်ကြိမ်ပြောင်း မွန်းစတား တစ်ကောင်က မည်မျှ အစွမ်းထက်ကြောင်း ဖော်ပြနေခြင်းပင်။ ဤကဲ့သို့ စွမ်းရည်ကွာဟချက် ကြီးမားမှုကို အရေအတွက်နှင့် အစားထိုး၍ မရပေ။

မိနစ်ပိုင်းအတွင်းမှာပင် လေးခါး မျောက်ဝံအားလုံး ခေါင်းပြတ် သွားသည်။ ခေါင်းမရှိသော အလောင်းများက မြေပြင်ပေါ်တွင် ပြန့်ကျဲနေသည်။

လန်စန်လော့သည် လင်းဟွမ်ကိုပင် လှည့်မကြည့်ခဲ့ချေ။ ထိုအစား ဝိညာဉ်တော်ခါးအဓိပတိထံ တန်းပြီး ပြေးဝင်သွားသည်။

လင်းဟွမ်သည် ခေါင်းခါပြီး နောက်မှ ချက်ချင်းလိုက်သွားသည်။ သူ ဆင့်ခေါ်သော မွန်းစတားအားလုံးတွင် တမူထူးခြားသော ကိုယ်ပိုင်စရိုက် လက္ခဏာများ ရှိသည်ဟု တွေးထားသော်လည်း ကောင်းလား၊ ဆိုးလား မသေချာပေ။

လင်းဟွမ်တို့သည် လေခါး မျောက်ဝံ အလောင်းများကို ဖြတ်ကျော်ပြီးနောက် အရိုးစုများက လမ်းပိတ်ထားကြသည်။ ထိုအရိုးစုများသည် သူတို့၏ လက်ထဲတွင် ပုံစံ အမျိုးမျိုးရှိသော သံချေးတက်နေသည့် ခါးနှစ်ချောင်းစီ ကိုင်ထား ကြသည်။ ထိုအရိုးစုများက မြေကြီးထဲမှ ထိုးထွက်လာခြင်းပင် ။ စက္ကန့်ပိုင်းလေး အတွင်းမှာပင် အရေအတွက် တစ်ရာ ကျော်သွားသည်။

"မသေမျိုး ခါးသမား"

လင်းဟွမ် မျက်မှောင်ကြုတ်သွားသည်။

မသေမျိုး ဓါးသမားများသည် စိတ်ဓာတ်ပြင်းထန်သော ဓားသမားများ သေဆုံးသွားသောအခါ ဖြစ်ပေါ်လာတတ်သည့် ဝိညာဉ်အမျိုးအစား မွန်းစတားများပင် ။

၎င်းတို့သည် သေဆုံး သွားပြီးနောက် အလောင်းထဲတွင် အသိစိတ်ကျန်ခဲ့ပြီး အကြောင်းအမျိုးမျိုးကြောင့် အလောင်းက မပျက်စီး မပုပ်သိုးသွားခဲ့ပေ။ ဤကဲ့သို့ မွန်းစတားများသည် သူတို့အသက်ရှင်စဉ် အချိန်က ကျင့်ကြံခဲ့သော

ကျင့်စဉ်များကို မှတ်မိကြပြီး သူတို့၏တိုက်ခိုက်ရေး အစွမ်းများက အလွန် သန်မာကြသည်။

လင်းဟွမ်သည် ထိုမွန်းစတားများက ပြန်လည် ရှင်သန်နိုင်သောကြောင့် သူတို့၏ ခေါင်းများကို လုံးဝပျက်စီးသွားအောင် လုပ်ပြီး သတ်ဖြတ်ရမည်ဟု ပြောရန် လုပ်လိုက်စဉ် လန်စန်လော့က ထိုအရိုးစုအုပ်ကြီးထဲ ပြေးဝင်သွားသည်။

သူ တိုက်ခိုက်သည့် နည်းလမ်းက ယခင် အတိုင်းပင်။ အနက်ရောင်ဓါးကို တစ်ချက် လွှဲလိုက်တိုင်း မသေမျိုး ဓါးသမားတစ်ယောက်

သေဆုံးသွားသည်။ သူတို့၏ ခေါင်းများသည် ပေါက်ရင်ပေါက်၊ ပြတ်ရင်ပြတ်၊ ကြေရင်ကြေ ဖြစ်ကုန်ကြသည်။

လင်းဟွမ်သည် မသေမျိုး ဓါးသမားများ တစ်ယောက်ပြီး တစ်ယောက် သေဆုံးသွားသည်ကို တွေ့လိုက်လျှင် လန့်စန့်လော့က သူစိတ်ကူး ထားသည်ထက် အများကြီး ထက်မြက်ကြောင်း၊ မသေမျိုး ဓါးသမားများ၏ အားနည်းချက်ကို သတိထားမိကြောင်း၊ စိုးရိမ်စရာ မလိုအပ်ကြောင်း သဘောပေါက် သွားသည်။

လန်စန်လော့က သူ့ဘာသာသူ ပျော်ရွှင်နေသည်ကို မြင်လိုက်လျှင် လင်းဟွမ်သည် ကူညီရန် စိတ်မဝင်စားတော့ချေ။ ထို့အပြင် လန်စန်လော့က မွန်းစတားများကို သတ်လာသည်နှင့်အမျှ သူ့ခန္ဓာကိုယ်ကို ဝန်းရံထားသော မြူခိုးများက ပို၍ ထူထဲလာကြောင်း သတိထားလိုက်မိသည်။

“ငါပဲ အမြင်မှားနေတာလား”

လင်းဟွမ်က တိုးတိုးလေး ရေရွတ်လိုက်သည်။

"အမဲရောင် မြူခိုးတွေက မင်းမြင်ချင်ရာ မြင်နေတာ မဟုတ်ဘူး။ ကြမ်းတမ်း ခါးသခင်က သူ့ရဲ့အသက် မွေးဝမ်းကြောင်းအတွက် သတ်ဖြတ်ရတဲ့ မွန်းစတားမျိုးပဲ။ များများသတ်လေ စွမ်းအား ပိုကောင်းလေပဲ။ သူကလည်း သတ်မှတ်ထားတဲ့ အဆင့်တစ်ခုကို ရောက်သွားတာနဲ့ အလိုလို အဆင့် တက်သွားလိမ့်မယ်"

ရှောင်ဖိန်က ရှင်းပြသည်။

လင်းဟွမ်သည် ဤကဲ့သို့ အကြောင်းအရာမျိုးကို ပထမဦးဆုံးအကြိမ် ကြားဖူးခြင်းပင်။

မွန်းစတား စွယ်စုံကျမ်းထဲတွင် မှတ်တမ်းတင်ထားသော ကြမ်းတမ်း ခါးသခင်များအကြောင်းကို ဖတ်ခဲ့ဖူးသည်။ သို့သော်လည်း ယခင်က ကြမ်းတမ်းခါးသခင်များက အများကြီး မပေါ်ပေါက်ခဲ့ဖူးသဖြင့် တိကျသော အချက်အလက်များ မရှိပေ။ ဖော်ပြထားသည်မှာလည်း အခြေခံအချက်အလက်များပင် မပြည့်စုံချေ။

လင်းဟွမ်သည် မွန်းစတား စွယ်စုံကျမ်းထက်စာလျှင် မွန်းစတားများအကြောင်းကို ပို၍

ကျယ်ကျယ်ပြန့်ပြန့် နားလည်ထားသော်လည်း ကြမ်းတမ်းခါးသခင်၏ ဤကဲ့သို့ စရိုက်လက္ခဏာမျိုးကို မသိခဲ့ပေ။

"အမှန်တကယ်တော့ ကြမ်းတမ်းဘွဲ့နဲ့ မွန်းစတားအားလုံးက သတ်ဖြတ်ပြီး အဆင့်တက်နိုင်တဲ့ အလားတူ လျှို့ဝှက်စွမ်းရည်တွေ ရှိကြတယ်"

"ကြမ်းတမ်းဘွဲ့လား"

လင်းဟွမ်သည် ဤကဲ့သို့ ဘွဲ့နာမည် အယူအဆကို ပထမဦးဆုံးအကြိမ် ကြားဖူးခြင်းပင်။

"မွန်းစတားတချို့ရဲ့ ဘွဲ့တွေကို လူတွေ ပေးထားတာ မဟုတ်ဘူး။ မွေးဖွားလာကတည်းက ပါလာခဲ့ကြတာ။ တချို့သက်ရှိတွေကတော့ လူတွေ တွေ့ပြီးမှ သင့်တော်တဲ့နာမည်မျိုး ပေးကြတာပဲ။ ကြမ်းတမ်း ဓါးသခင်ကတော့ ပထမ အမျိုးအစားထဲက။ ကြမ်းတမ်းဆိုတဲ့ ဘွဲ့က သူ့ရဲ့ဘွဲ့ပဲ။ ဘယ်လိုပဲ အဆင့်တက်သွားပါစေ သူ့ဘွဲ့နာမည်က အမြဲတမ်း ရှိနေလိမ့်မယ်"

ဘွဲ့တပ်ထားတဲ့ မွန်းစတားတွေက တမူထူးခြားတဲ့ မွန်းစတားတွေဖြစ်ပြီး အဆင့်တစ်ခု တက်သွားတိုင်း

ပိုပြီး အားကောင်းလာကြတယ်။ မင်းမှာ ကြမ်းတမ်းခါးသခင်အပြင် ဘွဲ့တပ်ထားတဲ့ မွန်းစတားတစ်ကောင် ရှိသေးတယ်”

“ကောင်းကင် တမန်တော် တရားသူကြီးရဲ့ဘွဲ့က တရားသူကြီးပဲ”

“ဘွဲ့ရှိတဲ့ မွန်းစတားတွေလား…။ ကြည့်ရတာတော့ ကောင်းကောင်းလေး လေ့ကျင့်ပေးရမယ့် ပုံပဲ”

လင်းဟွမ်သည် ဒီသဘောတရား အသစ်စက်စက်ကို ကြားပြီးနောက် လန်စန်လော့ကို

ကြည့်သော သူ့မျက်လုံးများက တောက်ပလာသည်။ ရှောင်ဖိန်သည် လန်စန်လော့က ပို၍ အားကောင်း လာနိုင်ကြောင်း ပြောထားရာ လင်းဟွမ်က ကူညီမည့်စိတ်ကူးကို စွန့်လွှတ်ပြီး ဘေးမှ လက်ပိုက်၍ရပ်ကြည့်ရန်သာ ဆုံးဖြတ်လိုက်သည်။

(၁၀) မိနစ် အတွင်းမှာပင် လန်စန်လော့က မသေမျိုး ဓါးသမား (၃၀၀) နီးပါးကို သတ်ဖြတ် ခဲ့သည်။ သူ့ကို ဝန်းရံနေသော အနက်ရောင် မြူခိုးများကလည်း ပို၍ပို၍ ထူထပ်လာသည်။

လန်စန်လော့သည် ဝိညာဉ်တော် ဓါးအဓိပတိ ရှိသည့်အရပ်ကို လှမ်းကြည့်ပြီး ပြေးသွားသည်။

## အခန်း(၄၁၁) - အကူအညီ ဆင့်ခေါ်ခြင်း။

လင်းဟွမ်နှင့် လန်စန်လော့ တို့သည် နှစ်ကြိမ်တိုင်တိုင် တားဆီးခံရပြီးနောက် လိုရာခရီးသို့ ချောချောမွေ့မွေ့ ရောက်ရှိခဲ့ကြသည်။

ဝိညာဉ်တော် ဓါးအဓိပတိက လုံခြုံမှုပြီး ဘေးကင်းသော အခြေအနေတွင် ရှိနေသည်။ ၎င်းရှိသောနေရာတွင် သစ်ပင်များ မရှိရုံသာမက မြက်ပင်များလည်း မရှိပေ။ ဆံပင်ထူနေသော လူတစ်ယောက်၏ ခေါင်းပေါ်တွင်

ထိပ်ကွက်နေသကဲ့သို့ သစ်ပင်များ ကင်းရှင်းနေသည်။ ဝိညာဉ်တော် ဓါးအဓိပတိသည် ရှင်းလင်းနေသော မြေပြင်ထဲသို့ တိတ်တဆိတ် ထိုးဖောက် ဝင်ရောက်သွားသည်။

လင်းဟွမ်၏ အာရုံကို ဖမ်းစားထားသောအရာမှာ ဝိညာဉ်တော် ဓါးအဓိပတိကို ဝန်းရံထားသည့် လူသားပုံစံ ပန်းပုရုပ်လေးများပင် ။ ပန်းပုရုပ်လေးများက တစ်ခုခု မှားယွင်းနေသည်ဟု လင်းဟွမ် သတိထားလိုက်မိသည်။

ၚင်းတို့အားလုံးသည် အမြင့် နှစ်မီတာခန့်မြင့်ပြီး ခါးတွင် ခါးတစ်ချောင်းစီ ထိုးထားသော သံချပ်ကာ ဝတ်ထားသည့် လူများနှင့်တူနေသည်။ သွင်ပြင် လက္ခဏာများက အလွန် အသေးစိတ် ကျနေသောကြောင့် ကျောက်တုံးအရောင်သာ မဟုတ်ပါက တကယ့် လူအစစ်နှင့် မခြားပေ။

မွန်းစတား စွယ်စုံကျမ်းထဲတွင် ဝိညာဉ်တော် ခါးအဓိပတိနှင့် ပတ်သက်၍ မှတ်တမ်း များစွာ မရှိချေ။ လင်းဟွမ်သည် ဤနေရာသို့ မလာခင်က လေ့လာ ခဲ့သော်လည်း ပန်းပုရုပ်ထုများနှင့်

ပတ်သက်၍ မကြားဖူးပေ။ ပန်းပုရုပ်ထု၏ အောက်ရာကို နားမလည်သော်လည်း ဗီဇအရ တစ်ခုခု မှားယွင်းနေကြောင်း သိနေသည်။

လန်စန်လေ့လည်း တစ်ခုခု ထူးခြားနေသည်ကို ခံစားမိပုံရသည်။ မည်သို့ပင် ဆိုစေကာမူ လန်စန်လေ့က စိတ်မရှည်ချေ။ ပန်းပုရုပ်ထုများထံမှ စိမ့်ထွက်လာသော အန္တရာယ် အငွေ့အသက်ကို ခံစားမိသော်လည်း ဝိညာဉ်တော် ဓါးအဓိပတိထံ ဦးတည်ပြီး ပြေးဝင်သွားရန် လုပ်နေစဉ်

လင်းဟွမ်က လန်စန်လေ့ကို တားလိုက်သည်။

လန်စန်လော့က လင်းဟွမ်ကို အူကြောင်ကြောင် အမူအရာနှင့် လှည့်ကြည့်နေသည်။

လင်းဟွမ်က အဆင့် (၅) ခေတ်ကြွင်းသေနတ်ကို ထုတ်ယူပြီး အသံတိတ် တပ်လိုက်ပြီးနောက် ပန်းပုရုပ်တုတစ်ခုကို စတင် ပစ်ခတ်လိုက်သည်။

ပန်းပုရုပ်ထုသည် ပစ်ခတ်ခံရသော်လည်း ဘာမှ မဖြစ်ပေ။ ပန်းပုရုပ်ထုနှင့် ထိမိသော ရွှေရောင် ကံကြမ္မာစွမ်းအား ကျည်ဆံများသာ ပျောက်ကွယ် သွားသည်ကို သတိထားမိသည်။ မမြင်နိုင်သော အကာအကွယ် ဒိုင်းတစ်ခုက စုပ်ယူသွားပုံပင်။

"ဒီပန်းပုရုပ်တွေက တစ်ခုခု မှားနေပြီ"

လင်းဟွမ်သည် စမ်းသပ်ပြီးနောက် သေချာသွားသည်။ ပန်းပုရုပ်များသည် လင်းဟွမ်စိတ်ကူးထားသည့်အတိုင်း အသက်ဝင်မလာခဲ့ပေ။

လန်စန်လေ့သည် လင်းဟွမ် ပစ်ခတ်လိုက်သောပန်းပုရုပ်ကို စိုက်ကြည့်နေသည်။ မရှေ့ကြောင်းအတည်ပြုပြီးနောက် ဝိညာဉ်တော် ဓါးအဓိပတိထံပြေးဝင်သွားသည်။ စက္ကန့် ပိုင်းလေးအတွင်းမှာပင် လန်စန်လေ့သည် ဝိညာဉ်တော် ဓါးအဓိပတိရှေ့တွင် ပေါ်လာသည်။ သူ့ခန္ဓာကိုယ်ကို

ဝန်းရံထားသော အနက်ရောင် မြူခိုးများပင် ပါးလွှာသွားပြီး အနက်ရောင် ချပ်ဝတ်တန်ဆာကိုပင် ခပ်ဝါးဝါး မြင်နေရသည်။ အရှိန်က အထွတ်အထိတ် ရောက်သွားသောအခါ လက်ထဲမှဓါးကို ဆန့်ထုတ် လိုက်သည်။

ဓါးချက်သည် လျှင်မြန်လွန်းသောကြောင့် အနက်ရောင် အလင်းတန်းကိုသာ ဖြတ်ခနဲ တွေ့လိုက်ရသည်။ လင်းဟွမ်သည် သူ့ကိုခုတ်ပါက ရှောင်နိုင်လိမ့်မည် မဟုတ်ဟု တွေးလိုက်မိသည်။ အနက်ရောင်ဓါး၏ အရှိန်သည် ဖြည်းဖြည်းခြင်း

မြန်ဆန်လာပြီး အသံထက်ပင် ပို၍ မြန်ဆန်လာသည်။ ဝိညာဉ်တော် ဓါးအစိပတိနှင့် ထိခါနီးအချိန်၌ အမြန်နှုန်းသည် အသံထက် သုံးဆ ကျော်လွန်သွားခဲ့ပြီ။

ဘုန်း.......

ထိမှန်သွားသည့် အခိုက်အတန့်၌ အချိန်က ရပ်တန့်သွားသလိုပင်။ ခဏအကြာ အသံ အတားအဆီးကို ဖြတ်ကျော်၍ ကျယ်လောင်သော ပေါက်ကွဲသံကြီး ထွက်ပေါ်လာသည်။ ပေါက်ကွဲမှု၏ အသံလှိုင်းသည် ဟင်းလင်းပြင် တစ်ခုလုံးကို

ဝါးမြို့ပြီးပြင်းထန်သော လေစီးကြောင်းများ ဖြစ်ပေါ်လာသည်။

ထိုနေရာတစ်ဝိုက်တွင် သဲများ၊ ဖုန်များ တထောင်းထောင်း ထသွားသည်။ လင်းဟွမ်သည် သူတို့နှစ် ထိပ်တိုက် ရင်ဆိုင်နေကြသည့် နေရာကို စိုက်ကြည့် နေသည်။ လင်းဟွမ်ထံတွင် ကောင်းမွန်သော အမြင်အာရုံ ရှိသော်လည်း တိုက်ခိုက်မှုက အောင်မြင်လား မအောင်မြင်လား ဆိုသည်ကို မသိနိုင်ချေ။

ရုတ်တရက် ဆိုသလို အနက်ရောင် အရိပ်တစ်ခုသည် ထိုနေရာမှ ဆုတ်ခွာသွားသည်။ လင်းဟွမ် သေသေချာချာ ကြည့်လိုက်ရာ တိုက်ခိုက်ခဲ့သော လန်စန်လော့ ဖြစ်ကြောင်း တွေ့လိုက်ရသည်။ သို့သော်လည်း သူသဘောနှင့်သူ ဆုတ်ခွာလာခြင်းပင် ။

လန်စန်လော့ကဲ့သို့ပင် လင်းဟွမ်လည်း နိုးထလာသည့် အားကောင်းသော အော်ရာကို ခံစားလိုက်ရသည်။ ထို့နောက် မြေကြီးသည် အနည်းငယ် တုန်ခါလာပြီး အော်သည်းသံ

ထွက်ပေါ်လာသည်။ ထိုစဉ် ရုပ်ထုများ၏ အပြင်ဘက်ခန္ဓာကိုယ် အပိုင်းအစများသည် ပြိုကျ ပျက်စီးပြီ အက်ကွဲလာသည်။

"သူတို့ အသက်ဝင် လာမယ်ဆိုတာ ငါ သိနေတယ်"

လင်းဟွမ်သည် ဒီပန်းပုရုပ်ထုများက အလှဆင်ရန်သာ မဟုတ်ဘဲ ဤကဲ့သို့ ဖြစ်လာလိမ့်မည်ဟု သိနေခဲ့သည်။

လင်းဟွမ်က လှည့်ပတ် ကြည့်လိုက်ပြီးနောက် နောက်ဆုံး၌ လန်စန်လေ့က ဘာကြောင့်

ကျောခိုင်းလာရလည်း ဆိုသည်ကို နားလည်သွားသည်။

ပန်းပုရုပ်ထုများ၏ အပြင်ဘက် ကိုယ်ထည်ကွာကျသွားပြီးနောက် ခါးရှည်လေးချောင်းကိုင်ထားသော တောင့်ဖြောင့်သည့်လူလေးယောက် ထွက်ပေါ်လာသည်။ သူတို့သည် မွန်းစတားများနှင့် မတူဘဲ လူသားများနှင့် ပို၍ တူနေသည်။ မမြင်နိုင်သော လက်ကြီးနှင့် ဆွဲမြောက်လိုက်သကဲ့သို့ လေထဲသို့

မြောက်တက်လာပြီး ဝိညာဉ်တော် ခါးအဓိပတိထံ လွင့်မျောသွားသည်။

နောက်ဆုံးတွင် လင်းဟွမ်သည် ဝိညာဉ်တော် ခါးအဓိပတိ၏ တကယ့်ပုံစံ အမှန်ကို မြင်လိုက်ရသည်။ (၁.၅) မီတာခန့် ရှည်သော ရောမခါးကြီး တစ်လက်ပင် ။

ငွေရောင်လက်ကိုင်မှ လွဲ၍ ကျန်သည့် နေရာအားလုံးသည် ရွှေရောင် ဖြစ်နေသည်။ လက်ကိုင်ကိုလည်း တူညီသော ပစ္စည်း တစ်မျိုးတည်းနှင့် ပြုလုပ် ထားပုံရသည်။

လက်ကိုင်ပေါ်ရှိ ပုံစံများသည် ဓားကိုယ်ထည်ရှိ ပုံစံများနှင့် ကွဲပြားသော်လည်း တူညီသော ပန်းပုဆရာ တစ်ယောက်တည်းမှ ထွင်းထုထားသကဲ့သို့ ဖြစ်နေသည်။

ပုံစံများက အင်မတန် လှပ၍ အသက်ဝင်လှသည်။ ဝိညာဉ်တော် ဓါးအဓိပတိသည် အန္တရာယ်ရှိသော ပစ္စည်းတစ်ခုနှင့် မတူဘဲ အနုပညာလက်ရာ တစ်ခုနှင့် ပိုတူနေသည်။ တိုက်ပွဲထဲတွင် အသုံးပြုမည့်အစား ပြတိုက်ထဲတွင် ထားရှိခြင်းက ပိုသင့်တော်နေသည်။

သို့သော်လည်း ဝိညာဉ်တော် ဓါးအဓိပတိမှ ထွက်လာသော အော်ရာသည် အဖြူရောင် မီးလျှံအဆင့်ဖြစ်ပြီး လူသားပုံစံ ပန်းပုရုပ် (၄) ခု မှတဆင့် ထွက်ပေါ်လာခြင်းပင်။

ဝိညာဉ်တော် ဓါးအဓိပတိသည် လေထဲ မြောက်တက်လာပြီး ထိပ်ဖျားက မြေကြီးကို ညွှန်ပြကာ နှစ်ကြိမ်တိုင်တိုင် လည်ပတ်နေသည်။ ထို့နောက် ဓါးထိပ်ဖျားက လင်းဟွမ်နှင့် လန်စန်လော့တို့ဘက်ကို ညွှန်ပြလာသည်။ မကြာခင် ဓါးကိုင်ထားသော လေးယောက်သည်

ညွှန်ကြားချက် လက်ခံရရှိလိုက် ပုံရပြီး သူတို့နှစ်ယောက်ထံ ပြေးဝင်လာသည်။

"ကြည့်ရတာတော့ အကူအညီ ဆင့်ခေါ်ရမယ့်ပုံပဲ"

လင်းဟွမ် လက်ထဲတွင် ကတ်များပေါ်လာသည်။ တမန်တော်မိစ္ဆာနှင့် ယုတ်ညံ့ မှင်စာမိစ္ဆာတို့ ပင်။

"မွန်းစတား ကတ်"

"ရှားပါးမှု အဆင့် - မော်ကွန်း"

"မွန်းစတား နာမည် - တမန်တော်မိစ္ဆာ"

"မွန်းစတား အမျိုးအစား - မိစ္ဆာ (လက်သင်အဆင့်)"

"တိုက်ပွဲ အဆင့် - အပြာရောင် မီးလျှံအဆင့် (ရွှေမီးလျှံအဆင့်)"

"စွမ်းရည် (၁) - အဆုံးစွန်သော ဖျက်စီးခြင်း"

"စွမ်းရည် (၂) - နတ်ဆိုး ဖောက်ခွဲခြင်း"

"စွမ်းရည် (၃) - အဆုံးစွန်သော သံချပ်ကာ"

"စွမ်းရည် (၄) - နတ်ဆိုးဆန်သော ကုသရေး စွမ်းရည်"

"စွမ်းရည် (၅) - ဘီလူးသဘက် ခွန်အား"

"ဆင့်ခေါ်ခွင့် အာဏာ - အသက်ဝင်"

"မှတ်ချက် - မွန်းစတားရဲ့ တိုက်ခိုက်ရေးအစွမ်းကို မင်းက ဆွဲချထားတယ်"

"မှတ်ချက် - လေ့ကျင့်ပေးနိုင်"

.....

"မွန်းစတား ကတ်"

"ရှားပါးမှု အဆင့် - မေ်ာကွန်း"

"မွန်းစတား နာမည် - ယုတ်ညံ့ မှင်စာ မိစ္ဆာ"

"မွန်းစတား အမျိုးအစား - မိစ္ဆာ (လက်သင်အဆင့်)"

"တိုက်ပွဲ အဆင့် - အပြာရောင် မီးလျှံအဆင့် (ရွှေမီးလျှံ အဆင့်)"

"စွမ်းရည် (၁) - မိစ္ဆာ မြင်ကွင်း"

"စွမ်းရည် (၂) - အသူရာ မီးတောက်"

"စွမ်းရည် (၃) - ဥက္ကာခဲ ကြွေဆင်းခြင်း"

"စွမ်းရည် (၄) - နတ်ဆိုးဆန်သော ကုသရေး စွမ်းရည်"

"စွမ်းရည် (၅) - နတ်ဆိုးဆန်သော စိတ်ခြင်းဆက်သွယ်မှု"

"စွမ်းရည် (၆) - ဘီးလူးသဘက် ခွန်အား"

"ဆင့်ခေါ်ခွင့် အာဏာ - အသက်ဝင်"

"မှတ်ချက် - မွန်းစတားအဆင့်ကို မင်းက ဆွဲချထားတယ်"

"ကတ်မှတ်ချက် - လေ့ကျင့်ပေးနိုင်"

...

လင်းဟွမ်သည် ကတ်ကို ချေမွလိုက်ပြီး အပြာရောင် မီးလျှံအဆင့် မိစ္ဆာနှစ်ကောင်ကို ဆင့်ခေါ်လိုက်သည်။

"ဒီ လေးကောင်ကို သတ်"

လင်းဟွမ်က မိစ္ဆာနှစ်ကောင်ကို ညွှန်ကြားလိုက်သည်။

## အခန်း(၄၁၂) - စိတ်လောခြင်း။

မိစ္ဆာနှစ်ကောင်သည် ညွှန်ကြားချက်ကို ကြားသည်နှင့် ဓါးရှည်ကိုင်၍ အစောင့်လေးယောက်ထံ ပြေးဝင် သွားသည်။ တစ်ယောက်နှင့်တစ်ယောက် တိုင်ပင်စရာ မလိုဘဲ တစ်ယောက်ကို အစောင့်နှစ်ယောက်စီကို ခွဲဝေပြီး တိုက်ခိုက်လိုက်ကြသည်။ သူတို့သည် သူတို့၏ နည်းဗျူဟာများကို ရှင်းရှင်းလင်းလင်း နားလည်ကြသည်။

တမန်တော် မိစ္ဆာက တိုက်ခိုက်လိုက်သော်လည်း အစောင့်များက ဂရုမစိုက်ဘဲ လက်ထဲမှဓါးကို ပင့်တင်လိုက်သည်။။ ဓါးနှစ်ချောင်းသည် ဒုန်းစိုင်းပြီး မောင်းဝင်လာ တင့်ကားနှစ်စီးကဲ့သို့ ထိပ်တိုက် ထိမိသွားပြီးနောက် တူနှင့်တူသော တမန်တော်မိစ္ဆာ၏ လက်သီးနှင့် ထပ်တိုးလိုက်သည်။ သူ့ထက် အနည်းငယ်ပုသော အစောင့်နှစ်ယောက်သည် ထိုတိုက်ခိုက်မှုကြောင့် နောက် ပြန်ဆုတ်သွားသည်။

ထိုအတောအတွင်း ယုတ်ညံ့မှင်စာ မိစ္ဆာသည် လက်သီးများနှင့် တိုက်ခိုက်သလို အစောင့်များကို အဝေးမှလည်း တိုက်ခိုက်နေသည်။ လက်ဖဝါးသည် လေထုကို ဖြတ်သန်းပြီး အစောင့်နှစ်ယောက်၏ ရင်ဘတ်ကို ထိမှန်သွားပြီး သဲပုံကြီး အဖြစ် ပြောင်းလဲသွားသည်။

တမန်တော် မိစ္ဆာသည် ယုတ်ညံ့ မှင်စာမိစ္ဆာ၏ တိုက်ခိုက်မှုက သူ့ထက် ပို၍ ထိနေရောက်ကြောင်း သတိထားလိုက်မိလျှင် အစောင့်နှစ်ယောက်ထံ ပြေးဝင်သွားသည်။ အစောင့်နှစ်ယောက်တွင်

ပြေးစရာမြေ မရှိပေ။ မကြာခင် တမန်တော်မိစ္ဆာက ဒူးနှင့်ခေါင်းကို ပိတ်တိုက်လိုက်သည်။ ထို အစောင့်နှစ်ယောက်လည်း ကြေမွပြီး သဲပုံကြီး ဖြစ်သွားသည်။

အပြာရောင် မီးလျှံအဆင့်သည် အဖြူရောင် မီးလျှံအဆင့်ထက် အဆင့်နှစ်ဆင့် ပိုမြင့်မားသည်။ ထို့အပြင် မိစ္ဆာနှစ်ကောင်သည် အဆင့်ကျော် တိုက်ခိုက်နိုင်စွမ်း ရှိသဖြင့် အဖြူရောင် မီးလျှံအဆင့်သာ ရှိသော ဒီအစောင့်များကို သတ်ခြင်းသည် သူတို့အတွက် ဘာမှမဟုတ်ပေ။

အပြာရောင်မီးလျှံ အဆင့်သည် အဖြူရောင်မီးလျှံ အဆင့်ထက် အဆင့်နှစ်ဆင့် ပိုမြင့်မားသည်။ ထို့အပြင် ရန်သူနှစ်ယောက်သည် အနီးကပ်တိုက်ခိုက်မှုတွင် အစွမ်းထက်သောကြောင့် အဖြူရောင်မီးလျှံအဆင့် မွန်းစတားများကို သတ်ဖြတ်ခြင်းက သူတို့အတွက် ဘာမှမဟုတ်ပေ။

လင်းဟွမ်နှင့် လန်စန်လော့တို့ အနား ကပ်လာသောအခါ ထူးခြားသည့် အဖြစ်အပျက် တစ်ခု ဖြစ်ပျက်သွားသည်။ မြေပေါ်ရှိ သဲပုံကြီး လေးပုံသည် အသက်ရှင် နေသကဲ့သို့ လှုပ်ရှားလာပြီး

ဝိညာဉ်တော် ဓါးအဓိပတိကို လှည့်ပတ်၍ ဖုံးအုပ်သွားသည်။

"အသွင် ပြောင်းတော့မှာလား"

လင်းဟွမ်သည် ဝိညာဉ်တော် ဓါးအဓိပတိတွင် ဤကဲ့သို့ စွမ်းရည်မျိုး ရှိမှန်း မသိသဖြင့် အံ့အားသင့်သွားသည်။

"မွန်းစတား စွယ်စုံကျမ်းကို ပြုစုတဲ့ သူတွေတောင် ဝိညာဉ်တော် ဓါးဝိညာဉ်က ဘာလုပ်နိုင်လဲ ဆိုတာ မသိလောက်ဘူး.."

မွန်းစတားစွယ်စုံကျမ်းကို ပြုစုသူသည် ဤကဲ့သို့ မွန်းစတားများနှင့် ရင်မဆိုင်ခဲ့ခြင်း ဖြစ်နိုင်သည်။ အချက်အလက် အများစုသည် မွန်းစတားများနှင့် ကြုံတွေ့ဖူးသော သုတေသနများ၊ ထောက်ပံ့ကူညီသူများထံမှ တဆင့် ရောက်လာခြင်း ဖြစ်သည်။ ပြောရမည်ဆိုလျှင် ကျမ်းစာအုပ် တစ်အုပ်ကို ပြုစုခြင်းသည် စိတ်အပန်းဖြေသည့် အလုပ် မဟုတ်ပေ။

လင်းဟွမ် ပိုင်ဆိုင်သော ရွှေမှုဆိုးများအတွက် သီးသန့် မွန်းစတားစွယ်စုံကျမ်းမှာ မှုဆိုးအသင်းမှ

ဝန်ထမ်း (၂၀) ကျော်သည် (၆) နှစ်တာကာလအတွင်း လေ့လာ စောင့်ကြည့်ခဲ့ခြင်း၏ ရလာဒ်ပင်။

အမှန်တကယ်ဆို မွန်းစတား စွယ်စုံကျမ်းထဲမှ အချက်အလက်များသည် ပြီးပြည့်စုံသည်ဟု ယူဆ၍ရသော်လည်း ဤနှစ်များ တလျှောက်တွင် ဝိညာဉ်တော် ဓါးအဓိပတိ အရေအတွက် အကန့်အသတ်ရှိခဲ့ပြီး မည်သူမှ ရန်မစချင်သောကြောင့် ထိုမွန်းစတားနှင့် ပတ်သက်သည့် အချက်အလက်များက မပြည့်စုံပေ။

မကြာခင် ဝိညာဉ်တော် ဓါးအစိပတိကို ၎င်း၏ မနီးမဝေးတွင် ရှိခဲ့သော အစောင့်လေးယောက်မှ ပြိုကွဲသွားသော သဲပုံများနှင့် စုဝေးသွားပြီး အရပ်(၅)မီတာခန့် မြင့်သော ရောမ ဘီလူးကြီး တစ်ကောင် ဖြစ်လာသည်။

လင်းဟွမ်သည် ဤကဲ့သို့ ထူးထွေဆန်းပြားသော အသွင်ပြောင်းမှုက အဖြူရောင်မီးလျှံအဆင့် သို့မဟုတ် ကြက်သွေးရောင် မီးလျှံအဆင့်ပင် မကတော့ဘူးဟု ထင်လိုက်မိသည်။ အပြာရောင် မီးလျှံအဆင့်ကိုပင် ရောက်ရှိနေနိုင်သည်။

လင်းဟွမ်သည် ဤနေရာကို မရောက်လာခင်က ဝိညာဉ်တော် ဓါးအဓိပတိကို ကိုင်တွယ်ရန် ဤမျှ ခက်ခဲလိမ့်မည်ဟု မထင်ထားခဲ့ ချေ။

ဝိညာဉ်တော် ဓါးအဓိပတိသည် ရောမ ဘီလူးကြီး၏ ရင်ဘက်ရှိ သဲထဲတွင် လုံးဝ နစ်မြုပ်သွားပြီးနောက် ရောမဘီလူးကြီးသည် လင်းဟွမ်ကို စိုက်ကြည့်နေသည်။

လင်းဟွမ် ဘေးနားတွင်ရပ်နေသော ကြမ်းတမ်း ဓါးသခင်အစား လင်းဟွမ်ကသာ နောက်ကွယ်က လက်မည်းကြီးဟု ယူဆလိုက်ပုံပင်။

"လူသား.. မင်းက ငါ့ညီတွေကို သတ်ပြီး ငါ့အိပ်ငိုက်နေတာကို နှောင့်ယှက်တယ်။ မင်း သေချင်လို့လား"

ဝိညာဉ်တော် ဓါးအဓိပတိက လင်းဟွမ်ကို အော်ဟာစ်လိုက်သည်။

"ဒီကောင့်ကို မူလပုံစံ ပြန်ဖြစ်တဲ့အထိ ရိုက်။ ဒါပေမယ့် မသတ်နဲ့"

လင်းဟွမ်သည် ဝိညာဉ်တော် ဓါးအဓိပတိ၏ ခြိမ်းခြောက်မှုကို ဂရုမစိုက်ဘဲ မိစ္ဆာနှစ်ကောင်ကို ညွှန်ကြားလိုက်သောအခါ

မိစ္ဆာနှစ်ကောင်သည် ရောမဘီလူးကြီးကို ကြည့်ပြီး စိတ်လှုပ်ရှားနေကြသည်။ သူတို့သည် တိုက်ခိုက်ခြင်း ဗီဇဖြင့် မွေးဖွားလာခဲ့ကြပြီး အစောပိုင်း ဆင့်ခေါ်ခံရစဉ်က ညှာတာမှုကို ထိန်းသိမ်းထားခဲ့ ကြသေးသည်။ ယခုမူ သူတို့ရှေ့တွင် အဆင့်တူသော မွန်းစတားတစ်ကောင် ရှိနေပြီ ဖြစ်သောကြောင့် တိုက်ခိုက်ချင်စိတ် ပြင်းထန်လာကြသည်။

လင်းဟွမ်၏ ညွှန်ကြားချက်ကို ကြားလိုက်သည်နှင့် မိစ္ဆာနှစ်ကောင်လုံးသည် သဲဘီလူးကြီးထံ ပြေးဝင်သွားသည်။

ပြင်းထန်သော ပေါက်ကွဲစွမ်းအားနှင့် တမန်တော်မိစ္ဆာသည် သဲဘီလူးကြီးရှေ့သို့ အရင်ဆုံး ရောက်ရှိပြီး လက်သီးနှင့်ဗိုက်ကို ပြင်းထန်စွာ ထိုးလိုက်သည်။

သဲဘီလူးကြီးသည် လက်သီး ထိုးလိုက်သည်ကို သတိထားမိလိုက်လျှင် သူကလည်း လက်သီး ပြန်ထိုးသည်။

ဘုန်း..

ပြင်းထန်သော ပေါက်ကွဲ သံကြီး ထွက်ပေါ်လာသည်။ မိုးချိန်းသံ ထက်စာလျှင် အဆပေါင်း ရာနှင့်ချီပြီး ပို၍ ကျယ်လောင်သည်။ အနားတွင်ရပ်နေသော လင်းဟွမ်သည် နားစည်များ ကွဲထွက်သွားသလို ခံစားရလိုက်ပြီး နားကို ချက်ချင်း အုပ်လိုက်ရသည်။

ဤ၍ထိခိုက်မှုသည် နျူကလီးယားဗုံး ကွဲကဲ့သို့ ကျယ်ပြန့်သောနေရာကို မဖုံးလွှမ်းသော်လည်း ကီလိုမီတာ အနည်းငယ် အတွင်းရှိ နေရာများကို

ထိခိုက်စေခဲ့သည်။ ထိုရိုက်ခတ်မှု၏ အရှိန်ကြောင့် တောတွင်းရှိ သစ်ပင်များ ကျိုးပဲ့သွားပြီး နေရာအနှံ့၌ ဖုန်တထောင်းထောင်း ထ၍ သစ်သားအပိုင်းအစများ ပလူပျံသွားသည်။

ဆယ်ကီလိုမီတာ အဝေးတွင် ရှိနေသော လင်းရှင်ပင် မြေပြင်၏ တုန်ခါမှုကို ခံစားလိုက်ရသည်။ သစ်သားအပိုင်းအစ အချို့က သူမထံ လွင့်ထွက်လာသော်လည်း စုန်းမက ဒိုင်းတစ်ခု ဖန်တီးပြီး ကာကွယ်ပေးလိုက်သည်။

တောင်ထိပ်တွင် ရပ်နေသော လင်းရှင်က အဝေးမှထောက်လှမ်းနိုင်သော ပစ္စည်းဖြင့် တိုက်ပွဲကို စောင့်ကြည့်နေခဲ့သည်။

ဝိညာဉ်တော် ဓါးအဓိပတိသည် မည်သည့် အဆင့်တွင် ရှိနေကြောင်း သူမ မသိသော်လည်း ဖျက်ဆီးနိုင်သည့် အစွမ်းကိုကြည့်ပြီး ရွှေအဆင့် မဟုတ်ကြောင်း ပြောနိုင်သည်။

"အစ်ကိုက သာလွန်အဆင့်နဲ့ တိုက်ခိုက်နေတာလား.."

လင်းရှင်သည် စုန်းမကို မေးရန်မှတပါး အခြား မရှိ......။

စုန်းမသည် ဤမေးခွန်းကို ဖြေရင် ကောင်းမလား၊ မဖြေရင် ကောင်းမလား ချီတုံချတုံ ဖြစ်နေသည်။ လင်းရှင်၏ မျက်နှာက တင်းမာလာသည်ကို မြင်လိုက်လျှင် နောက်ဆုံး၌ ခေါင်းညိတ်ပြလိုက်သည်။

လင်းရှင်သည် သံနှင့်လုပ်ထားသော မွန်းစတားက ဆိုးဆိုးဝါးဝါး ရိုက်နှက် ခံနေရကြောင်း မြင်နေ ရသည်။

"အရမ်း ကောင်းတယ်"

လင်းရှင်သည် သူမထင်ကြေးကို စုန်းမက အတည်ပြုပြီးနောက် လင်းဟွမ်ကို ပိုသဘောကျပြီး လေးစားလာသည်။

တိုက်ပွဲမြေပြင်၌ ဝိညာဉ်တော် ဓါးအဓိပတိသည် ကြီးမားသော ဘီလူးကြီး အသွင်ပြောင်းပြီး ဓါးတစ်ချောင်းကိုင်ကာ တိုက်ခိုက်နေသော်လည်း မိစ္ဆာနှစ်ကောင်၏ ညှင်းပန်း နှိပ်စက်ခြင်းကို ခံစားနေရသည်။ ဒါသည် တမန်တော်မိစ္ဆာလောက် အစွမ်းမထက်၍ မဟုတ်ပေ။ ပထမအကြိမ်

ထိတွေ့မှု၌ လက်တစ်ပိုင်း ဆုံးရှုံးသွားခဲ့သောကြောင့်ပင် ။

ထိုအတောအတွင်း၌ ယုတ်ညံ့မှင်စာ မိစ္ဆာက သနားညှာတာမှု မပြဘဲ ၎င်း၏ခန္ဓာကိုယ်ကို အပေါက်များဖြစ်အောင် အဆက်မပြတ် တိုက်ခိုက်နေခဲ့သည်။

တိုက်ပွဲသည် အချိန်တစ်ခု ကြာလာသည်။ သဲဘီလူးကြီးအား မသတ်နိုင်ရသော အကြောင်းအရင်းမှာ ဒဏ်ရာများ အလိုလို ပြန်လည်ပျောက်ကင်း နေသောကြောင့်ပင် ။ ဒဏ်ရာများ

လျှင်မြန်စွာ ပျောက်ကင်းနေသည့် နှုန်းမှာ မွမ်းမံထားသော မိစ္ဆာနှစ်ကောင်နှင့် အတူတူ ဖြစ်နေသည်။

သူတို့သုံးယောက်သည် မိနစ် (၂၀) ကျော် ကြာအောင် တိုက်ခိုက်နေခဲ့ကြပြီး နောက်ဆုံး၌ လင်းဟွမ်သည် စိတ်မရှည်နိုင်တော့ပေ။

မိစ္ဆာများက သဲဘီလူးကြီးကို အကြိမ် တစ်ထောင်ကျော်ခန့် တိုက်ခိုက်ပြီးနောက် သဲဘီလူးကြီး၏ ပြန်လည် ကုသရေးစွမ်းရည်က အကန့်အသတ် ရောက်သွားပြီဟု တွေးခဲ့သော်လည်း

ကုသနိုင်စွမ်းသည် အားနည်းသွားခြင်း သို့မဟုတ် နှေးကွေးသွားခြင်း မရှိခဲ့ပေ။

လင်းဟွမ်သည် ဒီအတိုင်း ဆက်ပြီး တိုက်ခိုက်နေပါက အချိန်ဖြုန်းရုံသာ ဖြစ်ပြီး အနိုင်ယူနိုင်မည် မဟုတ်ကြောင်း သိနေသည်။

“မျှော်လင့်ချက် အရိုးဝိညာဉ် ထွက်လာ”

လင်းဟွမ်က

“သူ့ရဲ့ ကံကြမ္မာစွမ်းအားကို ချိတ်ပိတ်လိုက်။ ကိုယ့်ကိုယ်ကို ပြန်ကုလို့ မရအောင် လုပ်..”

မကြာခင် မျှော်လင့်ချက် အရိုးဝိညာဉ်သည် တိုက်ပွဲထဲ ပူးပေါင်းပါဝင်ခဲ့ပြီး သဲဘီလူးကြီး၏ ဘယ်ဘက် ခြေကျင်းဝတ်ကို ဖိနှိပ်ခြင်းချိန်းကြိုးနှင့် ချုပ်နှောင်လိုက်သည်။ ထိုအချိန်မှာပင် တမန်တော်မိစ္ဆာက သဲဘီလူးကြီး၏ ရင်ဘတ်ကို ပြင်းထန်စွာ ရိုက်နှက် လိုက်သည်။

သဲဘီလူးကြီး၏ ခန္ဓာကိုယ်မှာ ရွှေရောင် အလင်းတစ်ခု ပစ်လွှတ်လိုက်ပြီး မကြာခင် သဲဘီလူးကြီး လုံးဝ ပြိုကျသွားသည်။

လင်းဟွမ် ကြည့်လိုက်ရာ သူ့မျက်လုံးထောင့်မှ အရိပ်တစ်ခု ဖျတ်ခနဲ ဖြတ်သန်းသွားသည်။

ထိုစဉ် ခပ်လှမ်းလှမ်းမှ တောက်ပသော အဖြူရောင်အလင်းတစ်ခု ရုတ်တရက် ထွက်ပေါ်လာပြီး ဝိညာဉ်တော် ဓါးအဓိပတိ၏ ခန္ဓာကိုယ်ကို ဖုံးလွှမ်းသွားသည်။

လင်းဟွမ်သည် ထိတ်လန့် သွားသော်လည်း မကြာခင် ဒါသည် လန်စန်လော့၏ တားမြစ်စွမ်းရည် အကြွင်းမဲ့ ကံကြမ္မာဖြစ်ကြောင်း သတိထားမိလိုက်သည်။ လန်စန်လော့က

တော်တော်လေး လောကြီးတဲ့ကောင်ပဲဟု တွေးမိပြီး ခေါင်းခါလိုက်မိသည်။

သိပ်မကြာခင် အလင်းရောင်များ မှေးမှိန်သွားပြီး ရောင်ဖိန်ထံမှ အကြောင်းကြား ချက်တစ်ခု ထွက်ပေါ်လာသည်။

"မွန်းစတားကတ် အသစ် - ဝိညာဉ်တော် ခါးအဓိပတိ (ခါးကျေးကျွန်ကတ်) ကို ရရှိတဲ့အတွက် ဂုဏ်ပြုပါတယ်"

## အခန်း(၄၁၃) - ယောက်ျားတို့၏ နွေရာသီ

လန်စန်လော့သည် ဝိညာဉ်တော် ဓါးအဓိပတိကို သတ်ပြီးသည်နှင့် ကတ်ပုံစံ ပြန်ပြောင်းသွားသည်။ တားမြစ်စွမ်းရည်ကို အသုံးပြု ခဲ့သောကြောင့် နောက်ထပ် (၂၄) နာရီအတွင်းတွင် ဆင့်ခေါ်၍ မရချေ။

လင်းဟွမ်သည် မိစ္ဆာနှစ်ကောင်နှင့် မျှော်လင့်ချက် အရိုးဝိညာဉ်ကို ပြန်သိမ်းလိုက်သည်။

ဝိညာဉ်တော် ဓါးအဓိပတိ၏ အလောင်းသည် အပိုင်းပိုင်း ပြတ်တောက်နေပြီး တမန်တော်မိစ္ဆာ၏ နောက်ဆုံး လက်သီးသည် ဝိညာဉ်တော် ဓါးအဓိပတိ၏ ခန္ဓာကိုယ်ကို အတိုင်းအတာ တစ်ခုအထိ ဒဏ်ရာ ရသွားပုံရသည်။

ဝိညာဉ်တော် ဓါးအဓိပတိသည် ဓါးတိုက်ခိုက်မှု၏ ကိုးဆယ်ရာခိုင်နှုန်းကို ခုခံနိုင်စွမ်း ရှိသော်လည်း လန်စန်လော့၏ အကြွင်းမဲ့ ကံကြမ္မာ စွမ်းရည်အောက်တွင် ဘာမှ မကျန်ခဲ့တော့ပေ။

တိုက်ပွဲသည် တစ်နာရီပင် မပြည့်ခဲ့ချေ။

လင်းဟွမ်သည် နာရီကိုကြည့်လိုက်ရာ မနက် (၁၀)နာရီ မိနစ် (၂၀) သာရှိသေးသည်။ ထို့နောက် မိုးကြိုးသိမ်း၄က်ကို ဆင့်ခေါ်ပြီး ခုန်တက်ကာ လင်းရှင်ရှိရာ တောင်ကုန်းသို့ ပျံသန်းသွားသည်။

မိုးကြိုးသိမ်းငှက်၏ အရှိန်ကြောင့် ဆယ်ကီလိုမီတာ ဟူသော အကွာအဝေးသည် ခဏသာ ကြာမြင့်ခဲ့သည်။

လင်းရှင်သည် မိုးကြိုးငှက်ပေါ်မှ ခုန်ချလာသော လင်းဟွမ်ကို မြင်လျှင် ဘေးကင်းကြောင်း

သိလိုက်ပြီး ရင်အေးသွားသည်။ ထို့နောက် စုန်းမကို ချက်ချင်း ပြန်သိမ်းလိုက်သည်။

"ရှင်းအာ.. မင်း အဆင်ပြေရဲ့လား"

လင်းဟွမ်သည် ညီမဖြစ်သူကို တွေ့လိုက်လျှင် ညီမဖြစ်သူက အိုက်ဒေါ တစ်ယောက်နှင့် တွေ့နေရသကဲ့သို့ ထူးထူးဆန်းဆန်း ပြုမူနေကြောင်း သတိထားလိုက်မိသည်။

"ငါ အဆင်ပြေတယ်.."

လင်းရှင်က လက်ခါပြပြီး ပြောလိုက်သည်။

"အဲ့ဒါဆိုလည်း လာခဲ့။ ငါတို့တွေ ကျင်ချွမ်မြို့မှာ ညပြန် သွားနေမယ်"

လင်းဟွမ်က လင်းရှင်ကို မိုးကြိုးသိမ်းငှက် နောက်ကျောပေါ်သို့ ဆွဲတင်လိုက်သည်။

လန်စန်လေ့ကို (၂၄) နာရီကြာမှ ဆင့်ခေါ်နိုင်မည် ဖြစ်သောကြောင့် အလျင်စလို လုပ်စရာ မလိုအပ်တော့ပေ။

မိုးကြိုးသိမ်းငှက်သည် အတောင်ပံများ ခတ်ပြီး ကျင်ချွမ်မြို့သို့ ဦးတည်ပြီး ပျံသန်းသွားသည်။

လင်းဟွမ်သည် ကျင်ချွမ်မြို့ကို ပြန်သွားဖြစ်လိမ့်မည်ဟု မတွေးခဲ့သောကြောင့် ကိုညြဒိနိုတ်အသစ်ကို မမှတ်ထားခဲ့မိပေ။ မနေ့က မကောင်းသော မြင်ကွင်းကို မြင်ခဲ့ရပြီး ရှက်ခဲ့ရသောကြောင့် နေရာကူးပြောင်းခြင်း ခါတ်ကြွင်းကို အသုံးမပြုရန် ဆုံးဖြတ်လိုက်သည်။ အခန်းထဲရောက်ပြီး ထိုစုံတွဲကဲ့သို့ ညစ်ညမ်းသော မြင်ကွင်းကို နောက်တစ်ကြိမ် ထပ်တွေ့ရပါက အမှန်တကယ် ရှက်စရာ ကောင်းလှ၏။

နောက်ဆုံးတွင် ထိုစုံတွဲသည် ငယ်ရွယ်ပြီး စိတ်အား ထက်သန်နေသည့် အရွယ် ဖြစ်သောကြောင့် အခန်းထဲ၌ တစ်နေကုန် တစ်နေ့ခန်း ရေမသောက်၊ သေးမပေါက်တန်း ဆက်ဆံနေနိုင်သည်။

“အစ်ကို၊ မင်းသတ်ခဲ့တဲ့ မွန်းစတားက သာလွန်အဆင့်လား”

မိုးကြိုးသိမ်းငှက် စတင် ပျံသန်းသည်နှင့် လင်းရှင်က ချက်ခြင်း မေးလိုက်သည်။ အဖြေကို

သူမသိနေသော်လည်း လင်းဟွမ်ထံမှ ကြားချင်သေးသည်။

"အင်း.."

လင်းဟွမ်က ခေါင်းညိတ်လိုက်ပြီး

"တကယ်တော့ သာလွန်အထက်မှာ အဆင့်သုံးဆင့် ရှိသေးတယ်။ သန့်ရှင်း မီးလျှံအဆင့်၊ အင်မော်တယ်အဆင့်နဲ့ အင်ပါယာအဆင့်။ အခု ငါ သတ်လိုက်တာက သန့်ရှင်းမီးလျှံ အဆင့်ထဲမှာ အနိမ့်ဆုံးဖြစ်တဲ့ အဖြူရောင် မီးလျှံအဆင့် မွန်းစတားပဲ"

လင်းဟွမ်သည် စဉ်းစားပြီးနောက် စကား ထပ်ဖြည့်ပြီး ပြောလိုက်သည်။

"အစ်ကို မင်းက သာလွန်အဆင့် ရောက်နေပြီလား"

လင်းရှင်က စိတ်လှုပ်ရှားစွာ မေးလိုက်သဖြင့်

"မဖြစ်သေးဘူး။ ငါ ရွှေအဆင့်(၃)ပဲ ရှိသေးတာ။ ရွှေအဆင့် ပြည့်ဝအဆင့်တောင် မရောက်သေးဘူး"

လင်းဟွမ်က ခေါင်းခါကာ ပြုံးလိုက်သည်။ သူ့စွမ်းရည် အစစ်အမှန်ကို သူ့ညီမရှေ့မှာ မဖုံးကွယ်ထားတော့ချေ။

“ဒါဆိုရင် သာမန်လူကနေ ရွှေအဆင့်ထိရောက်ဖို့ တစ်နှစ်ပဲ ကြာခဲ့တာပေါ့။ အစ်ကိုက တကယ့် ပါရမီရှင်ပဲ”

လင်းရှင်က ချီးကျူးလိုက်သည်။ လင်းဟွမ်၏ အဆင့်မြင့်တက်မှု အမြန်နှုန်းအရ အထွတ်အထိပ် ပါရမီရှင်တစ်ယောက် ဖြစ်ကြောင်း သူမ မသိပေ။

"တော်ပြီ.. မကြွားတော့ဘူး။ သူများကို လျှောက်မကြွားနဲ့နော်။ ဒီလိုမှမဟုတ်ရင် ဒုက္ခရောက်လိမ့်မယ်.."

လင်းဟွမ်က သတိပေးလိုက်သောအခါ

"ဟုတ်"

"ပျက်စီးခြင်းကို ရှောင်တာ အကောင်းဆုံးပဲ.. ဒါကိုစာအုပ်ထဲမှာ ဖတ်ဖူးတယ်.. လျှို့ဝှက်ထားလိုက်မယ်.."

လင်းရှင်က အားတက်သရော ခေါင်းညိတ်လိုက်သည်။

"ဒါဆိုရင် အစ်ကို ဆင့်ခေါ်ထားတဲ့ မွန်းစတားတွေထဲမှာရော သာလွန် အဆင့်တွေပါလား.."

လင်းရှင်က ထပ်မေးလိုက်သည်။

"အချို့.. .."

လင်းဟွမ်သည် သူ့ညီမကို ကိစ္စအများကြီး မဖုံးကွယ် ထားချင်သော်လည်း လိမ်လိုက်ရသေးသည်။

"အံ့ဩစရာပဲ.."

လင်းရှင်သည် အော်ဟာစ်လိုက်ပြီး မိုးကြိုးသိမ်းငှက်၏ အတောင်ကို တရင်းတနှီး ထိကြည့် လိုက်သည်။ မိုးကြိုးသိမ်းငှက်ကို သာလွန်အဆင့်ရှိ မွန်းစတားတစ်ကောင်ဟု ထင်နေသည်။

လင်းဟွမ်သည် ညီမဖြစ်သူ လုပ်ရပ်ကို သတိထားမိပြီး ခေါင်းခါကာ ပြုံးလိုက်မိသည်။ ဤကလေးမ၏ စိတ်ထဲ၌ ဘာတွေတွေးနေကြောင်း သူသိသည်။

မိုးကြိုးသိမ်းငှက်ကို စီးပြီး ကျင်ချွမ်မြို့သို့ ရောက်သောအခါ မနက် (၁၁) နာရီ (၄၀) ရှိနေပြီ။

ကျင်ချွမ်မြို့သည် ဘီအဆင့် ဝပ်ကျင်းတစ်ခုသာ ဖြစ်သော်လည်း ဒါသည် အဖွဲ့ခွဲ (၇) ၏ အစားအသောက် စခန်းတစ်ခု ဖြစ်သည်။

အစပ်ကြိုက်သော လူများအတွက် အထူးရေပန်းစားသောနေရာပင် ။

လင်းဟွမ်သည် ကမ္ဘာမြေပေါ်တွင် ရှိစဉ်က အာပူလျှာပူ အစားအသောက်များကို နှစ်သက်ခဲ့သည်။

လင်းဟွမ်ကမူ အရသာခံသည့် နေရာ၌ ဇီဇာကြောင်ခြင်း မရှိဘဲ အရသာကောင်းသရွေ့ အားလုံးကြိုက်သည်။

လင်းဟွမ်သည် အစားအသောက်တန်း လမ်းမကြီးဘေးက ဟိုတယ်တစ်ခုကို ကြိုတင်

ဘိုကင် လုပ်ထားသည်။ နေ့လည်စာ စားသည့်အချိန်၌ လမ်းထဲတွင် ဆိုင်များ များများစားစား မဖွင့်သေးသောကြောင့် တစ်နေရာတွင် ရိုးရှင်းသော နေ့လည်စာ စားပြီးသည်နှင့် ဟိုတယ်ထဲ ဝင်သွားကြသည်။

ထိုနောက်ပိုင်း အားသွားသည်နှင့် နေခင်းပိုင်းတွင် လင်းဟွမ်သည် ကြယ်အမှုန် ဓါးကျင့်စဉ်ကို လေ့ကျင့်ရန် လေ့ကျင့်ရေး အခန်းသို့ ထွက်သွားသည်။ ဒီဓါးစွမ်းရည်ကို ပေါင်းစပ်ရန် အချိန်လိုအပ်သဖြင့် အလျင်လို၍ မရပေ။

ဤကမ္ဘာပေါ်ရှိ အဆင့်မြင့် ဟိုတယ်များတွင် သန့်ရှင်းမီးလျှံ အဆင့်အောက်သော လေ့ကျင့်နိုင်သော လေ့ကျင့်ရေး အခန်းများ ပါရှိသည်။

လင်းဟွမ်သည် သက်ရောက်မှုကြောင့် ဖြစ်ပေါ်လာသော ပျက်စီးမှုများကို လျှော့ချရန်အတွက် ဓါးအစား သစ်သားဓါးကိုသာ အသုံးပြုခဲ့သည်။ လေ့ကျင့်နေစဉ် ဓါးနယ်ပယ်က ဖြည်းဖြည်းချင်း တိုးတက်လာကြောင်း သိလိုက်ရသည်။

တစ်နေ့ခင်းလုံး လေ့ကျင့်နေစဉ်အတွင်း သစ်သားဓါးကိုသာ အသုံးပြုခဲ့သော်လည်း လေ့ကျင့်ရေး အခန်းထဲ၌ ဓါးအရာများ ဖုံးလွှမ်းနေကြောင်း သိလိုက်ရသည်။ ထို့ကြောင့် ဟိုတယ်မန်နေဂျာကို တောင်းပန်ပြီး နစ်နာကြေးပေးဖို့ ကမ်းလှမ်းလိုက်သည်။

"မစ္စတာလင်း.. ငါတို့ဟိုတယ်က မုဆိုးအဖွဲ့အစည်းရဲ့ စီမံခန့်ခွဲမှုအောက်မှာ ရှိတယ်။ မင်းက ရွှေမုဆိုးဆိုတော့ နစ်နာကြေးကို

မုဆိုးအဖွဲ့အစည်းကပဲ ပေးဆောင်လိမ့်မယ်။ မင်းက တစ်ပြားတစ်ချပ်မှ ပေးစရာ မလိုပါဘူး”

ဟိုတယ် မန်နေဂျာက ပြုံးပြီး ပြန်ရှင်းပြသည်။

လင်းဟွမ်သည် မုဆိုးတစ်ယောက် အထောက်အထား ရှိခြင်းက တော်တော်လေး အသုံးဝင်သည်ဟု စိတ်ထဲမှ တွေးလိုက်မိပြီးနောက် အခန်းပြန်ကာ ရေချိုးသည်။ အဝတ်အစား ဝတ်ပြီးသောအခါ (၆) နာရီ ကျော်သွားပြီ။

ထို့နောက် လင်းရှင်ကို ခေါ်ပြီး အစားအသောက်လမ်းသို့ ထွက်လာခဲ့သည်။

အစားအသောက်လမ်းပေါ်ရှိ ဆိုင်အများစုသည် ညနေ (၆) နာရီ ကျော်မှသာ ဖွင့်လှစ်ကြပြီး အချို့ဆိုင်များက (၇) နာရီနောက်ပိုင်းမှ စတင် ဖွင့်လှစ်ကြသည်။

ယခုလက်ရှိ အချိန်သည် အစားအသောက်တန်းကို လည်ပတ်ရန် အကောင်းဆုံးအချိန် ဖြစ်နေသဖြင့် လင်းရှင်က စိတ်လှုပ်ရှားနေသည်။

ဖက်တီးနှင့် ကျန်းမိန်မိန်တို့ အဖြူရောင် မြို့တော်ကို လာရောက် လည်ပတ်ခဲ့သည့်

အချိန်မှလွဲ၍ လင်းရှင်သည် ဈေးဝယ် မထွက်ဖြစ်ခဲ့သည်မှာ တစ်လ ကျော်ရှိနေခဲ့ပြီ။

လင်းဟွမ်သည် သူမ၏ လုံခြုံရေးအတွက် အာဏာရှင်ကို ကိုယ်ရံတော်အဖြစ် ခန့်အပ်ထားခဲ့သည်။

သူတို့က အစားအသောက်တန်းသို့ ဦးတည်နေကြောင်း သိလိုက်လျှင် အာဏာရှင်သည် ခါတ်လှေကားထဲမှာ ကတည်းက သွားရည် ရွှဲနေခဲ့ပြီ။ အထူးသဖြင့် အသားတန်းသို့ ရောက်သောအခါ တောင့်ခံနိုင်ခြင်း မရှိတော့ချေ။

လင်းဟွမ်သည် မွန်းစတားများနှင့် တစ်နှစ်ကျော်ကြာအောင် နေခဲ့သောကြောင့် မွန်းစတား တစ်ကောင်ချင်းစီ၏ အစားအသောက် ကြိုက်နှစ်သက်သည့် ပုံစံမှာ မတူကြောင်း သိနေခဲ့သည်။ အာဏာရှင်သည် အသားကြိုက်သည်။ အကယ်၍ ခွင့်ပြုပါက တစ်နေ့လျှင် အသားကို တန်(၃၀) ခန့် စားနိုင်သည်။

သွေးရဲရဲလေးကမူ ချိုသည့် အစားအစာများ အထူးသဖြင့် အချိုရည်များကို ပိုကြိုက်သည်။ ကောင်းကင်တမန်တော် တရားသူကြီးကဲ့သို့

အစားအသောက်ကို ဂရုမစိုက်သော မွန်းစတား အချို့လည်း ရှိသည်။

ယခုအချိန်ထိ လင်းဟွမ်သည် သူမ၏ အစားအသောက်အကြောင်း မသိသလို အေးစက်သော သဘောထား သို့မဟုတ် မည်သည့်အရာကိုမှ စိတ်ဝင်စားခြင်း မရှိရသည်မှာ ဘာကြောင့်လဲ ဆိုသည်ကို မသိပေ။

အစားအသောက်တန်းသို့ ရောက်သောအခါ နေရောင် ရှိနေသေးသော်လည်း နေရာတိုင်း၌ မီးထွန်းထားကြသည်။ ကြယ်များကဲ့သို့ ရောင်စုံ

လင်းလက်နေသော တွင်းထွက် ကျောက်တုံးများ ကဲ့သို့ပင်။ မည်သည့်နေရာကို ကြည့်ကြည့် လူအုပ်ကြီးကို မြင်နေရပြီး စည်ကားလျက် ရှိနေသည်။

အစားအသောက်ဆိုင်များက အစားအသောက် ကြော်ငြာနေပြီး လူများကလည်း စကားလက်ဆုံ ကျနေသဖြင့် လင်းဟွမ်က ကမ္ဘာမြေပေါ်သို့ ပြန်ရောက်သွားသလို ခံစားလိုက်ရသည်။

ဇူလိုင်လ၏ နောက်ဆုံးအပတ်သည် နွေရာသီ၏ အပူဆုံးရာသီပင် ။

လင်းဟွမ်သည် လမ်းမပေါ်တွင် လက်ပြတ် အင်္ကျီဝတ်ထားသော အမျိုးသားများက အစိမ်းရောင် ဖျော်ရည်ကို (ဘီယာနှင့် ဆင်တူသော အရည်တစ်မျိုး) သောက်ရင်း အသားကင် စားနေကြသည်ကို မြင်လိုက်လျှင် ပြုံးလိုက်မိသည်။

(ကြည့်ရတာတော့ ဘယ်ကမ္ဘာမှာပဲ ဖြစ်ဖြစ် ဘီယာနဲ့ အသားကင်က အမျိုးသားတွေရဲ့ အကြိုက်ဆုံး နွေရာသီ အစားအစာပဲ)

## အခန်း(၄၁၄) - နတ်သက်ကြွေ တောင်ပံ နတ်သမီး။

လင်းဟွမ်နှင့် လင်းရှင်တို့သည် ထိုမြို့တွင် တစ်ညအိပ်ပြီးနောက် ကျင်ချွမ်မြို့ကို စတင်ပြီး သဘောကျ လာကြသည်။ ဤမြို့သည် အရသာရှိသော အစားအသောက်များစွာရှိသည့် အစားအသောက်မြို့အဖြစ် ရပ်တည် နေသည်။

အစားအသောက် အများစုမှာ အစပ်များ ဖြစ်သော်လည်း ထိုကဲ့သို့ အစားအသောက်မျိုးကို မကြိုက်သည့် သူများပင် စွဲလမ်းသွားပေလိမ့်မည်။

အာဏာရှင်က အစားအသောက်လမ်းပေါ်တွင် လမ်းသလား နေရသည်ကို ကြိုက်နေသည်။ လင်းဟွမ်နှင့် လင်းရှင်တို့ ထမင်းစားပြီးသည့် အချိန်မှာပင် သူက မပြန်ချင်သေးပေ။

နောက်တစ်နေ့မနက်၌ လင်းဟွမ်သည် မနက်စာစားပြီးနောက် နေရာ ကူးပြောင်းခြင်း ဓါတ်ကြွင်းကို ဆင့်ခေါ်လိုက်သည်။

ဤတစ်ကြိမ်တွင် ဝပ်ကျင်းအမှတ် (၇) အေ (၁၈) - ဟူလူမြို့သို့ သွားကြသည်။ ဟူလူမြို့သည်

အဖွဲ့ခွဲ (၇) ၏ အရှေ့မြောက်ဘက်တွင် တည်ရှိကာ လင်းဟွမ်လည်း မရောက်ဖူးသေးပေ။

ယခင် ကိုသြဒိနိတ်များကို ချိတ်ဆက်ခဲ့သည့် လူမှာ မစ္စတာဖူးပင် ။ (အေ) အဆင့်ရှိ ဒီဝပ်ကျင်းသည် သူတို့သွားမည့် နောက်ဆုံးနေရာ မဟုတ်သော်လည်း သွားချင်သည့်နေရာနှင့် အနီးဆုံး ကိုသြဒိနိတ် ဖြစ်သည်။ ဒါပင် သူသွားချင်သော နေရာနှင့် ကီလိုမီတာ (၁၂,၀၀၀) ကျော် ဝေးကွာနေသေးသည်။

လင်းဟွမ်၏ နောက်ဆုံးဦးတည်ရာသည် ဟူလူ မြက်ခင်းပြင် အရှေ့မြောက်ဘက်ရှိ ချောက်တစ်ခုပင်။

ပစ်မှတ်မှာ နတ်သက်ကြွေ တောင်ပံနတ်သမီး ဟုခေါ်သော သန္တေနှစ်ကြိမ်ပြောင်း ဓါးအမျိုးအစား မွန်းစတားတစ်ကောင် ဖြစ်သည်။ ငှက်နာမည်နှင့် တူသော်လည်း ငှက်တစ်ကောင် မဟုတ်ပေ။ ၎င်းသည် အတောင်ပံများနှင့် လူသားပုံစံရှိသော မွန်းစတားတစ်ကောင် ဖြစ်ပြီး ဓါးကျွမ်းကျင်သူ ဖြစ်သည်။

ၾငင်း၏ ရွှေ့လျားမှုနှင့် တိုက်ခိုက်မှု အမြန်နှုန်းသည် တိုက်ခိုက်ရေး အဆင့်ထက် နှစ်ဆင့်ပိုမြင့်သည်။ ဤကဲ့သို့ လျင်မြန်သော မွန်းစတားတစ်ကောင်နှင့် မည်သူမျှ မကြုံချင်ကြပေ။

ဟူလူမြို့ကို လှမ်းကြည့်ပြီးနောက် လင်းဟွမ်နှင့် လင်းရှင်တို့သည် ဟိုတယ် အခန်းတစ်ခုထဲသို့ နောက်တစ်ကြိမ် ရောက်နေကြောင်း သိလိုက်ရသည်။ ကံကောင်းထောက်မစွာဖြင့် အခန်းထဲတွင် မည်သူမှ မရှိဘဲ ရှက်စရာကောင်းသည့် မြင်ကွင်းမျိုး မတွေ့ခဲ့ရပေ။ သို့သော်လည်း မနေ့ မနက်ခင်းက

သူတို့ မြင်ခဲ့သော မြင်ကွင်းကို ပြန်အမှတ်ရစေသည်။

"သွားရအောင်.."

လင်းဟွမ်သည် ညီမဖြစ်သူ၏ လက်ကိုဆွဲကာ ဟိုတယ်အခန်းထဲမှ ချက်ချင်း ထွက်လာခဲ့သည်။ ဟိုတယ်အခန်းထဲမှ ထွက်လာပြီးနောက် မြေပုံတွင် မှတ်သားထားသော နေရာကို ရှာဖွေလိုက်သည်။

"အစ်ကို။ အစ်ကိုရဲ့ဆရာက ဘာဖြစ်လို့ ကိုဩဒိနိတ်တွေကို ဟိုတယ်အခန်းထဲမှာပဲ အမြဲတမ်း မှတ်ထားရတာလဲ.."

လင်းရှင်က စဉ်းစားပြီးနောက် မေးလိုက်သည်။

ဒါသည် ယခင်က လင်းဟွမ်ကို မမေးခဲ့ဖူးသော မေးခွန်းဖြစ်နေသဖြင့် လင်းဟွမ်လည်း အငိုက်မိသွားသည်။ မစ္စတာဖူးက ရည်ရွယ်ချက်ရှိရှိ လုပ်ခဲ့ခြင်း ဖြစ်ရလိမ့်မည်ဟု သူ မှန်းဆခဲ့သည်။ သို့သော်လည်း လင်းဟွမ်သည် ဒါက အကျင့်ပျက်ဝါသနာ တစ်ခုဖြစ်နိုင်ကြောင်း ရုတ်တရက် တွေးလိုက်မိပြီးနောက် ခေါင်းထဲတွင် ပေါ်လာသော ညစ်ညမ်းရုပ်ပုံများကို မေ့ပစ်ရန် ခေါင်းခါလိုက်သည်။

"သူ ပျင်းနေလို့ ဖြစ်မှာပေါ့.."

လင်းဟွမ်က သာမန်ကာလျှံကာ ပြန်ဖြေလိုက်သည်။

"အို... ဒါပဲလား.."

လင်းရှင်က အများကြီးမတွေးဘဲ အဖြေကို လက်ခံလိုက်သည်။

ထိုအချိန်၌ မစ္စတာဖူးသည် နတ်ဆိုးသလင်းကျောက် အာကာသယာဉ်၏ ကုန်းပတ်ပေါ်ရှိ ပခက်ပေါ်တွင် လှဲလျောင်းနေပြီး

ဝိုင်သောက်ကာ နေထွက်လာသော ရှုခင်းကို ခံစားနေစဉ် ရုတ်တရက်ဆိုသလို နှာထချေပြီး ချောင်းဆိုးသွားသည်။

"ဒီလောက် အသက်ကြီးနေမှ ဘယ်သူက ငါ့အကြောင်း အတင်း ပြောနေတာလဲ.."

ဟုလူမြို့.....

လင်းရှင်သည် ဟိုတယ်ဝင်ပေါက်တွင် ခဏ မတ်တပ်ရပ်ပြီးနောက် ထူးခြားသော ရာသီဥတုကို ခံစားမိသည်။ လမ်းပေါ်ရှိ လူတိုင်းက အကျႌလက်ရှည်များ ဝတ်ထားကြသည်ကို သတိ

ထားမိပြီး လူအများကလည်း အင်္ကျီလက်ပြတ် ဝတ်ထားသော သူတို့နှစ်ယောက်ကို လှမ်းကြည့် နေကြသည်။

လင်းဟွမ်က မြေပုံထဲ စိတ်ရောက်နေသဖြင့် အေးသည်ကို သတိမထားမိသော်လည်း လင်းရှင်က

"အစ်ကို ဒီနေရာက ဘယ်နေရာလဲ.."

"ဟူလူမြို့၊ ဝပ်ကျင်းအမှတ် (၇) အေ (၁၈)"

လင်းဟွမ်က ညီမဖြစ်သူကို မကြည့်ဘဲ ပြန်ဖြေလိုက်သည်။

“ကလေးတို့ မင်းတို့ ကြည့်ကောင်းချင်ရုံနဲ့ ရာသီဥတုကို မပေါ့ကြနဲ့။ အခုချိန် မင်းတို့ ခန္ဓာကိုယ် ထိခိုက်သွားရင် အသက်ကြီးရင် ဒုက္ခရောက် လိမ့်မယ် ”

လမ်းလျှောက်လာသော အမျိုးသမီးနှစ်ယောက်က သူတို့နှစ်ယောက်ကို ပြောလိုက်သည်။

လင်းဟွမ်သည် ထိုအမျိုးသမီးကို မော့ကြည့်လိုက်ရာ လူအားလုံးက အနွေးထည်များ ဝတ်ထားကြောင်း သတိထားမိလိုက်ပြီး နောက်လှည့် ကြည့်လိုက်ရာ လင်းရှင်က ချမ်းနေ၍

လက်မောင်းနှစ်ဖက် ပိုက်ထားကြောင်း သတိထား မိလိုက်သည်။

"ရုတ်တရက် ပြောင်းလာတော့ ဒီမှာ နွေရာသီ မရှိဘူးဆိုတာ မေ့သွားတယ်။ ဇူလိုင်လဆိုပေမယ့် အမြင့်ဆုံး အပူချိန်က (၂၀) ဒီဂရီ စင်တီဂရိတ်ပဲ ရှိတယ်"

လင်းဟွမ်သည် နေရာ တော်တော်များများ၌ ရာသီဥတု ကွဲပြားကြောင်း ပြန်အမှတ်ရသွားသည်။ လင်းရှင်သည် ချက်ချင်း ခေါင်းညိတ်ကာ ဟိုတယ် ရေချိုးခန်းထဲသို့ ပြန်လျှောက် သွားသည်။

လင်းဟွမ်သည် နေရာကူးပြောင်းခြင်း ဓါတ်ကြွင်းကို ပြန်လည် ချိတ်ဆက်ပြီးနောက် ဟိုတယ်သို့ ပြန်လာခဲ့သည်။

အနွေးထည်များကို ဝတ်ပြီးနောက် မိုးကြိုးသိမ်းငှက်ကို ဆင့်ခေါ်ကာ နေရာကူးပြောင်းခြင်း ပေါ်တယ်ရှိရာသို့ ဦးတည်ပြီး သွားလိုက်သည်။ (အေ) အဆင့် ဝပ်ကျင်းစခန်းသည် ကြီးမားပြီး နေရာကူးပြောင်းခြင်း ပေါ်တယ်နှင့် ကီလိုမီတာ (၂၀၀) ကျော် ကွာဝေးသည်။

အစိမ်းရောင်ဝံပုလွေက လမ်းကြောင်းကို အဖြောင့်အတိုင်း သွားရန် မဖြစ်နိုင်သလို နှစ်နာရီနှင့် ရောက်ချင်သောကြောင့် မိုးကြိုးသိမ်းငှက်ကို ဆင့်ခေါ်ရန် ဆုံးဖြတ်လိုက်ခြင်းပင်။

ဆယ်မိနစ် မပြည့်သေးသော အချိန်မှာပင် သူတို့သွားလိုသော နေရာသို့ ရောက်ရှိသွားကြသည်။

“အစ်ကို ငါတို့ ဘယ်သွားကြမှာလဲ..”

လင်းရှင်သည် အဝေးမှ နေ၍ နေရာကူးပြောင်းခြင်း ပေါ်တယ်ကို မြင်သောအခါ မေးလိုက်သည်။

"ငါတို့ရဲ့ နောက်ဆုံး ဦးတည်ရာ ပန်းတိုင်က ဝပ်ကျင်းအမှတ် (၇) စီ (၁၆၃) ပဲ။ ဒါပေမယ့် အရမ်းဝေးနေလို့ နေရာကူးပြောင်းခြင်း ပေါ်တယ် သုံးခု သုံးရမယ်"

လင်းဟွမ်သည် ယခင်က မရောက်ဖူးသော နေရာများ ဖြစ်နေသဖြင့် နေရာကူးပြောင်းခြင်း ခါတ်ကွင်းကို တည်နေရာများ မချိတ်ဆက်ရသေးသောကြောင့် ကူကယ်ရာမဲ့နေသည်။

ကံကောင်းထောက်မစွာဖြင့် သူတို့သည် နေရာကူးပြောင်းခြင်း ပေါ်တယ် လက်မှတ်ကို

ကြိုဖြတ်စရာ မလိုဘဲ သီးသန့်ဖြတ်သန်းခွင့် တစ်ခု ရရှိထားကာ တော်ဝင်မိသားစုများကို ပေးထားသော အထူး အခွင့်အရေး ကဲ့သို့ပင်။

သူတို့သည် တန်းစီစရာ မလိုခဲ့ဘဲ မှုဆိုးများအတွက် သီးသန့် လုပ်ပေးထားသော အပေါက်ကို အသုံးပြု၍ နေရာကူးပြောင်းခြင်း ပေါ်တယ်သို့ သွားလိုက်သည်။ ထို့အပြင် ရွှေမှုဆိုးတစ်ယောက်သည် သူတို့နှင့်အတူ လူသုံးယောက် ခေါ်ဆောင် လာခွင့်ရှိသည်။ လက်မှတ်သည် ပုံမှန် ဈေးနှုန်းထက် ဆယ်ဆ

ပိုဈေးကြီးသော်လည်း မုဆိုးအားလုံးက တတ်နိုင်ကြသည်။

လင်းဟွမ်သည် ကောင်တာမှာ လက်မှတ်များ ဝယ်ယူပြီးနောက် နေရာကူးပြောင်းခြင်း ပေါ်တယ်မှတစ်ဆင့် အခြားတစ်ဖက်ရှိ ပေါ်တယ်သို့ အဆင်ပြေ ချောမွေ့စွာ ရောက်ရှိလာကြသည်။

နေရာကူးပြောင်းခြင်း ပေါ်တယ်တွင် ရွှေအဆင့် မုဆိုးသုံးယောက် တန်းစီနေသည်။ သူတို့သည် ငယ်ရွယ်လွန်းသော လင်းဟွမ်ကို စိုက်ကြည့်နေကြပြီး လင်းဟွမ်က သူ၏အော်ရာကို

ဖုံးကွယ်ထားရန် စိတ်မကူးပေ။ ထို့ကြောင့် သူက ရွှေအဆင့်(၃) ဖြစ်ကြောင်း ခံစား သိရှိနိုင်သည်။

သူတို့ သုံးယောက်က နေရာကူးပြောင်းခြင်း ပေါ်တယ်သို့ ဝင်ရောက်သွားပြီးနောက် လင်းရှင်နှင့် လင်းဟွမ်တို့သည် သူတို့နောက်မှ လိုက်ဝင်ကာ ဝပ်ကျင်းအမှတ် (၇) ဘီ (၉၈)သို့ ရောက်လာကြသည်။

လင်းဟွမ်သည် ဟူလူမြို့တွင် လက်မှတ် ဝယ်ယူခဲ့ပြီး ထိုလက်မှတ်သည် နောက်ဆုံး

သွားမည့်ဝပ်ကျင်းအမှတ် (၇) စီ (၁၆၃) - ယီမြို့အထိ ဖြတ်ထားခြင်းပင် ။

ပေါ်တယ် ဝန်ထမ်းများက ခရီးစဉ်ကို သတ်မှတ်ပေးနေစဉ် သူတို့၏ လက်မှတ်ကို စကင်န်ဖတ်ရုံသာ လိုအပ်ပြီး လက်မှတ်များ ထပ်မံဝယ်ယူရန် မလိုအပ်ပေ။

အမှတ် (၇) ဘီ (၉၈) ဝပ်ကျင်းတွင် ငါးမိနစ်မပြည့်သော အချိန်ကိုသာယူခဲ့ရပြီး ဝပ်ကျင်းအမှတ် (၇) ဘီ (၁၆၆) ကို ဒုတိယမြောက် နေရာကူးပြောင်းခြင်း ပေါ်တယ် အသုံးပြု၍

ရောက်ရှိလာကြသည်။ ထိုမှတစ်ဆင့် ဝပ်ကျင်းအမှတ် (၇) ဘီ (၁၂၈) သို့ ရောက်ရှိ လာခဲ့ကြသည်။

ဘီအဆင့်ဝပ်ကျင်း ဖြစ်သော ယီမြို့သည် ကီလိုမီတာ တစ်ထောင်ကျော်သာ ဝေးသော်လည်း ပေါ်တယ်ကို အသုံးပြုရခြင်းသည် မိုးကြိုးသိမ်းငှက်ကို စီးခြင်းထက် များစွာပိုမြန်သည်။

ငါးမိနစ်၊ ခြောက်မိနစ်ခန့် ကြာသောအခါ သူတို့နှစ်ယောက်လုံးသည် ယီမြို့သို့ ရောက်ရှိလာကြသည်။ နေရာကူးပြောင်းခြင်း

ပေါ်တယ်ထဲမှ ထွက်လာသောအခါ မနက် (၈) နာရီခွဲနီးပါး ဖြစ်နေပြီ။

ယီမြို့သည် သူတို့၏ နောက်ဆုံးပန်းတိုင် မဟုတ်သေးသော်လည်း သူတို့ သွားချင်သည့် ခေါင်းလောင်း ချောက်ကမ်းပါး၏ အရှေ့မြောက်ဘက် ကီလိုမီတာ (၁,၆၀၀) အကွာတွင် တည်ရှိပြီး လင်းပွင့် အမဲလိုက်ချင်သော သန္ဓေနှစ်ကြိမ်ပြောင်း မွန်းစတားက ထိုနေရာတွင် ရှိသည်။